E-book is created by www.shanyoma.org

# Z

# ရွှေချိန်ခွင်

## The Balance Of Gold

သျှင်ဥက္ကဋ္ဌ

E-book is created by www.shanyoma.org

## နိဒါန်း

လူသတ္တဝါသည် သိန်းသန်းများစွာ ရှည်ကြာဝေးလှ အတိတ်ဟုဆိုအပ်သော ခေတ်သမယတို့မှစ၍ မိမိ၏အာသာဆန္ဒအလို ပြည့်ဝရေးအတွက် အခက်အခဲ စွဲမြဲကြံစည် ထိုဉာဏ်များလှ ဥပါယအမျိုးမျိုးတို့ဖြင့် မိမိ၏အသိဉာဏ်ပညာကို ရင့်သန်ထွားကျိုင်းစေခဲ့၏။

အလွန့်ရှေးကျ ရိုင်းစိုင်းလှသော(ဝါ)အသိပညာ၊ ဉာဏ်ပညာ နတ္ထိ၊ ထူပိန်းလှဘိသောအခြေအနေမှ တစ်ဆင့်ထက်တစ်ဆင့် မြင့်၍မြင့်၍ တက်လာခဲ့၏။ အဝိဇ္ဇာမောဟတည်းဟူသော တိမ်မည်းတိမ်ပုပ် ဖုံးအုပ်လွှမ်းခြုံ အလင်းလုံခန်းသဖွယ် အရောင်ထုထည် ထူပြောလှသော မိမိ၏ ဦးနှောက်အတွင်းသို့ ဝိစာရဏာဉာဏ်တည်းဟူသော အလင်းရောင်ကို ထိုးဖောက်၍ ဝင်ရောက်စေခဲ့လေပြီ။

မောဟအဝိဇ္ဇာ ထူထဲလှစွာ ဖုံးလွှမ်းနေခြင်းကြောင့်လည်းကောင်း၊ မှားယွင်းချွတ်ချော်မှုများကြောင့်လည်းကောင်း ထိတ်လန့်ကြောက်ရွံ့မှုများကြောင့်လည်းကောင်း လူသတ္တဝါ၏အသိအမြင် အဆင်အခြင် တိုးတက်မှု ဖင့်နှေးခဲ့ရ၏။ တဖြည်းဖြည်း တရွေ့ရွေ့ ရှေ့သို့တိုးတက်လာသောအခါမှသာလျှင် လူသတ္တဝါသည် အမှန်ကို တွေ့မြင်ခွင့်ရလေတော့၏။

နှစ်ပေါင်းများစွာ ကုဋေကုဋာတို့ပတ်လုံး ၎င်းသည် အမှန်တည်းဟူသော အလင်းရောင်အောက်သို့ ခရီးဆိုက်ရောက်ရေးအတွက် ဖြည်းဖြည်းနှေးနှေး လေးလေးမှန်မှန် ယက်ကန်ယက်ကန်နှင့် ယိမ်းချည်တစ်ခါ ယိုင်ချည်တစ်လှည့် ကွေ့ချည်တစ်ဖုံ ကောက်ချည်တစ်မျိုး အလျားထိုးတစ်လည် တွားချည်တစ်လှည့် အတိဒုက္ခရပင်ပန်းငြီးငြင်လှစွာ ကြိုးစားအားထုတ်ခဲ့လေသည်။

ယင်းသို့ အပတ်တကုတ် နောက်မဆုတ်ပဲ အားထုတ်ကြိုးစားခဲ့ခြင်းကြောင့် လူသတ္တဝါသည် နည်းများမဆို ဝိစာရဏာဉာဏ်ဝင်၍ ရဲရဲရင့်ရင့် ကြံစည်စဉ်းစားပြုလာလေပြီ။ ခရစ်ဝါဒီတို့ပင် ထာဝရခရစ်ပရော်ဖက်တို့၏ ကျဉ်းမြောင်းလှသောစည်းအတွင်းမှ အတင်းရုန်းကန်၍ ထွက်စပြုလာကြလေပြီ။ ၎င်းတို့သည် ခရစ်ဝါဒီတို့၏အသိဉာဏ်ကို ပိန်လှီအားနွဲ့ချည့်နဲ့ ပုကွအောင် ပြုလုပ်ခဲ့ကြ၏။

၎င်းတို့သည် ခရစ်ဝါဒီများကို ခြောက်လှန့်ခဲ့ကြ၏။ လိမ်လည်ခဲ့ကြ၏။ အသွေးအသားကို စုပ်ယူခဲ့ကြ၏။ တန်ခိုးပြာဋိဟာများ မှားယွင်းချွတ်ချော် မလျော်သောအရာများ၊ မဟုတ်မမှန်သော တရားများ၊ မဖြစ်နိုင်သောအရာများ ယုတ္တိယုတ္တာ ဗလာနတ္ထိ အကျိုးအကြောင်းမညီသောအရာများကို ပညာရေးအနေဖြင့် ခရစ်ဝါဒီတို့အား သင်ပြပေးခဲ့၏။ ဘာသာရေးအနေဖြင့် အောက်ကျနောက်ကျဖြစ်ရန်၊ မာနကြီးကြရန်၊ ချစ်ရန်၊ မုန်းရန်၊ ခွင့်လွှတ်သည်းခံရန်၊ လက်စားချေရန် သင်ပြပေးခဲ့၏။

သို့သော် ကမ္ဘာလောကကြီးသည် လျင်မြန်သောအရှိန်ဖြင့် ပြောင်းလဲနေချေ၏။ အဟောင်းများလည်း အသစ်ကို နေရာဖယ်ပေးလျက်နေချေပြီ။ ရက်စက်ကြမ်းတမ်း ကြက်သီးဖြန်းလောက်အောင် အသည်းနှလုံးတုန်ဖွယ်ရာအများပါဝင်သည့် သမ္မာကျမ်းကဲ့သို့သော ကျမ်းစာများနှင့် ရိုင်းစိုင်းသောအယူဝါဒများသည် တိုးတက်၍ အသိဉာဏ်ရင့်ကျက်သော လူသတ္တဝါ အတွက် မျိုချ၍မဖြစ်နိုင်သော ဆေးခါးကြီးသဖွယ် ဖြစ်ကုန်လေပြီ။

အဝိဇ္ဇာမောဟ ထူပြောလှအောင် အမှောင်ဖုံးလွှမ်းနေသော ကမ္ဘာလောကကြီးအတွင်း၌ မပြောပလောက်အောင် အရောင်တောက်၍နေသော အမှန်တရားကို မတွေ့၊ တွေ့ကြောင်း နည်းကောင်းလမ်းကောင်းတို့ဖြင့် ကြောင်းကျိုးဆင်ခြင်လျက် လိုက်လံရှာဖွေရခြင်းထက် ပိုမိုမြင့်မြတ် လူသတ္တဝါတို့အသက်နှင့်လဲ၍ပြုလုပ်အပ်သော လုပ်ငန်းမရှိတော့ပြီ။ အမှန်သည် ငါတို့၏ကမ္ဘာလောကအတွင်းရှိ ရတနာအပေါင်းတို့တွင် အမြင့်ဆုံး အမြတ်ဆုံး အကောင်းဆုံးရတနာ ဖြစ်၏။

၎င်းသည် ပြောင်းလဲပျက်စီးတတ်သော ဤလောကအတွင်း၌ မပြောင်းမလွဲ၊ အမြဲတည်နေသောအရာဖြစ်၏။ အမှန်သည် လူသတ္တဝါတို့၏ ဒုက္ခကို သုခဖြစ်အောင် ဖန်ဆင်းနိုင်၏။ ၎င်းသည် သေမျိုးဖြစ်သော လူသတ္တဝါတို့အတွက် မသေစေတတ်သော အမြိုက်ဆေးဖြစ်၏။

၎င်းသည် ဂဏှာမငြိမ်၊ ဣန္ဒြေမရ၊ ပူပင်သောကဗျာပါဒနှင့်အကြောင့်အကြများနေကြသော လူသတ္တဝါတို့အား စိုးရိမ်ကင်းပ ငြိမ်းချမ်းအေးမြခြင်းကို ပေးတတ်၏။

၎င်းသည် ဆာလောင်မွတ်သိပ်၍နေသော လူသတ္တဝါတို့အတွက် ကောင်းမြတ်သော ဘောဇဉ်အာဟာရ ကြည်လင်အေးမြသော ရေသဖွယ်ဖြစ်၏။ အမှောင်အတွင်း၌ နေကြရသောသူတို့အတွက် အလင်းရောင်ဖြစ်၏။ မျှော်လင့်ချက်ကင်းမဲ့ကြသော သူတို့၏မှီခိုအားထားရာ ကိုင်းကျွန်းဖြစ်၏။

တော်ဖြောင့်မှန်ကန် ဉာဏ်အမြင်သန်သော သူတော်ကောင်းတို့အတွက် အမြတ်ဆုံးသော ကောင်းချီးမင်္ဂလာဖြစ်၏။

**အမှန်သည် လူသတ္တဝါတို့၏ အသက်ရှင်စဉ်အခါ၌လည်းကောင်း သေသောအခါ၌လည်းကောင်း နောက်တွန့်ကြောက်ရွံ့သောစိတ်ကင်း၍ ရဲတင်းခြင်းကို ဖြစ်စေ၏။**

အမှန်တစ်ခုကို တွေ့သောသူသည် ဤအမှောင်မိုက်အတိပြီးသော ကမ္ဘာလောကအတွင်း၌ အလွန်ထွန်းလင်း တောက်ပြောင် အရောင်လျှပ်သော မီးရှူးတိုင်တစ်ခုကို ညှိထွန်းသည်မည်၏။ ထို**အမှန်တရားကို စုံစမ်းခြင်း၊ စစ်ဆေးခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့်သာလျှင် ရရှိနိုင်ချေ၏။ ၎င်းသည် ယုံကြည်ခြင်းဖြင့် ရရှိနိုင်သောအရာ မဟုတ်ချေ။**

ထို့ကြောင့် အမှန်ကိုတွေ့ရှိသိမြင်နိုင်ရန် လူတိုင်းလူတိုင်းမှာ စုံစမ်းစစ်ဆေးခွင့် ရှိရမည်။ လွတ်လွတ်လပ်လပ် ကြံစည် စဉ်းစားခွင့် ရရှိရမည်။ စုံစမ်းစစ်ဆေးသူကို ငရဲတည်းဟူသော အပြစ်ဒဏ်ဖြင့်ခြောက်လန့်သော ထာဝရသည် လူသတ္တဝါ၏ အကြီးဆုံးရန်သူဖြစ်၏။ စူးစမ်းရှာဖွေသူကို ကောင်းကင်ဘုံနန်းတည်းဟူသော မဟုတ်မမှန် လုပ်ကြံသည့် လက်ဆောင်မျိုး လာဘ်ထိုး၍ အမျိုးမျိုး ဖြားယောင်းသော ထာဝရသည် သစ္စာဖောက်သူမည်၏။

လူသတ္တဝါ ပဓာနရည်ရွယ်ချက်သည် အမှန်ကို စူးစမ်းရှာဖွေရန်သာ ဖြစ်သင့်၏။ မိမိစူးစမ်းရှာဖွေ၍ရရှိသော(ဝါ) အကျိုးအကြောင်း ကိုက်ညီသော(ဝါ)ဝိစာရဏာမှတ်ကျောက်မှာ အတင်ခံနိုင်သော အမှန်သည် မိမိရှေ့ဆောင် မိမိ၏ဆရာ အစစ်ဖြစ်သင့်၏။ ယင်းသို့သော အမှန်တရားကို ယုံကြည်လိုက်နာရသူသည် လူဖြစ်ကျိုး ၊ လူ့ဘဝရကျိုးနပ်လေတော့၏။ သို့မဟုတ် ထာဝရကိုကြောက်၍ ပါပရဟန်းမင်းကိုကြောက်၍၊ နတ်ကိုကြောက်၍၊ လူမင်းကိုကြောက်၍၊ မိမိ ဝိစာရဏာဉာဏ်ကို အသုံးမပြုဝံ့သောသူသည် လူစင်စစ်က ကျွန်ဖြစ်ရလေတော့၏။ သင့်မြတ်လှ၏။

**အမှန်သည် လူသတ္တဝါကို ရဲရင့်စေ၏၊ အမှားသည် သူရဲဘောနည်းစေ၏၊ အမှန်သည် ဖြောင့်မတ်တည်ကြည်စေ၏၊ အမှားသည် လိမ်လည်လှည့်ဖြား မုသားစကားကိုမြွက်ကြားပြောဆိုစေ၏၊ အမှန်သည် အလင်း၊ အမှားသည် အမှောင်ဖြစ်၏၊ အမှန်သည် လူသတ္တဝါ၏ ဉာဏ်စက္ခုကို ဖွင့်ပေး၏၊ အမှားသည် လူသတ္တဝါ၏ဉာဏ်မျက်စိအကြည်ဓါတ်ကို တိမ်သလ္လာကဲ့သို့ ဖုံးအုပ်၍ မမြင်စတမ်း၊ အကန်းအတိ ဖြစ်စေ၏၊**

လူသတ္တဝါသည် မိမိ၏ဉာဏ်၌ထင်လာသော(ဝါ)မိမိ၏နား၌ ကြားလာသော(ဝါ)မိမိမျက်စိ၌ မြင်လာသောအရာ ဟူသမျှကို ငုံ့ကွက်ထောက်ထားညှာတာခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အလျဉ်းမရှိဘဲ(ဝါ)အဂတိလေးပါး လိုက်စားခြင်း မပြုဘဲ စုံစမ်းစစ်ဆေးရမည်။ ၎င်းမှာအမှန်ကိုရအောင် စုံစမ်းရှာဖွေဖို့ ရည်ရွယ်ချက်တစ်ခုသာလျှင် ရှိရမည်။ လူသတ္တဝါတို့ သည် မည်သည့်တရား၊ မည်သည့်ဘာသာကိုမဆို ရွေးချိန်ခွင်၌ ချိန်စက်ရမည်။ မှတ်တင်ကြည့်ရမည်။ ငရဲမီးတို့ရမည်။ ကန့်တိုက်ကြည့်ရမည်။ လူသည် ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ဘာသာစွဲစသည်တို့ကို အရင်းအမြစ်မှ ဖြတ်လှီးဖယ်ချ၍ အကွယ်အကာ အတားအဆီး မရှိ ပကတိနေရောင်ခြည်ဖြင့် လင်းပြောင်တောက်ပ အမှောင်မခသော ကွင်းပြင်၌ ရပ်တည်နေသူ ဖြစ်ရမည်။

မှန်လှ၏။ အမှန်တရားကို ရှာဖွေသူသည် မိမိဉာဏ်မျက်စိအမြဲဖွင့်ထား၍ ကြားသမျှ၊ မြင်သမျှအရာတို့ကို ကြက်ကန်း ဆန်တွေ့ - လွေ့လွေ့ငန်းငန်း မစူးစမ်းဘဲ အရမ်းယုံကြည်လေ့မရှိ။ ကျမ်းစာအုပ်အသီးသီးတို့၌ ပါရှိခြင်းကြောင့် မှန်သည်ဟု ယုံကြည်၍ ထိုထိုကျမ်းစာတို့၌မပါရှိခြင်းကြောင့် မှားသည်ဟု ပယ်ဖျက်သည်မဟုတ်။ အကြောင်းအရာတစ်ခု သည် အလွန်ရှေးကျသော ခေတ်သမယမှ အာစရိယ ပရမ္ပရ၊ သိဿာနုသိဿ လက်ဆင့်ကမ်း၍ ဆင်းသက်ယုံကြည် လာခဲ့သောကြောင့် မှန်သည်။ ယခုမှ ပေါ်ပင်ဖြစ်သောကြောင့် မှားသည်ဟု ယုံကြည်သည် မဟုတ်ချေ။ ပုဂ္ဂလဓိဋ္ဌာန် ပုဂ္ဂိုလ်စွဲဖြင့် မည်သူ ဟောပြော၍ မှန်သည် သို့မဟုတ် မှားသည်ဟုဆုံး ဖြတ်မည်မဟုတ်၊ တန်ခိုးပြာဋိဟာနှင့်ပြည့်စုံသောသူ၏ မုက္ခပါဌ် ဖြစ်သောကြောင့် မှန်ရမည်။ သို့မဟုတ် ပကတိလူ၊ လူသာမန်က ပြောသောကြောင့် မှားရမည်ဟူသော ထုံးစံကို လိုက်နာမည် မဟုတ်ချေ။

ဆရာသမားကပြော၍ မှန်ပြီး တပည့်ကပြော၍ မှားသည်ဟု ယုံကြည်မည်မဟုတ်။ အစစ်အမှန်ကို ရှာဖွေသူသည် ရှေးကလူများ ပြောခဲ့သမျှ ဟောခဲ့သမျှ အကုန်မှန်သည်ဟု လိုက်နာယုံကြည်၍ ယခုခေတ်ပေါ်လူများပြောသမျှ၊ ဟောသမျှ အကုန်မှားသည်ဟု ငြင်းပယ်လေ့မရှိ။ ပြောသူဟောသူ၏ ဂုဏ်သတင်းနှင့်နာမည်ကြီးခြင်း(ဝါ)ကျော်ဇောကိတ္တိရှိခြင်းကို ပဓါနမပြုဘဲ ကျိုးကြောင်းသာဓက ယုတ္တိရှိ၊ မဲ့ကိုသာ အဓိကထား၍ အမှားအမှန်ကို ဆုံးဖြတ်ချေမည်။

ပြောဆိုရေးသားသူက ရှင်ဘုရင်ပဲဖြစ်ဖြစ်၊ သူတောင်းစားပဲဖြစ်ဖြစ် ဧရာမပညာဝန္တပုဂ္ဂိုလ်ကြီးပဲဖြစ်ဖြစ် အရေးမကြီး ပဓာနမဟုတ်၊ စင်စစ်မှာ ၎င်းပြောဆိုရေးသားချက်၌ပါရှိသော အကြောင်းယုတ္တိ ငြိ မငြိသာ ပဓာနဖြစ်ချေသည်။

အမှန်၏တန်ဖိုးသည် စတင်ကြံစည်ရေးသားပြောဆိုသူကို အမှီပြု၍ ယုတ်လျော့ရိုးမရှိ၊ အမှားသည်သာလျှင် အပြင်ပ ဗာဟီရတ အကူအညီကို လိုချေသည်။ အမှန်သည် အဆံဖြစ်သည်။ အမှားကား အကာသက်သက်ဖြစ်၏။ ထိုသည့်အမှန်ကို ရရှိရေးအတွက် သုတေသနဘက်သို့စိတ်သက်ဝင်သူ လူသတ္တဝါတို့သည် မနေမနား ကြိုးစားလုံးပမ်းနေကြကုန်၏။

တိုင်းရေးပြည်ရေးဆရာသည် လွန်ခဲ့သော အတိတ်သမယက အမှားများ မိမိ၏တိုင်းပြည်အပေါ်သို့ မကျရောက်စေရန် ကမ္ဘာ့ရာဇဝင်နှင့်တိုင်းရေးပြည်ရာ ပညာများကို နေ့မအား ညမလပ် အထပ်ထပ် ဆည်းပူးနေရလေသည်။ ပထဝီဗေဒဆရာသည် အမှန်ကိုရရှိရန်အတွက် ကျောက်တောင်၊ ကျောက်ဆောင်များကို ထွင်းဖောက်ကြည့်ရှု၏ ငြိမ်းအေးပြီးသော



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မီးတောင်များကို သွားရောက်ကြည့်ရှုရ၏။ တိုက်ကြီးတိုက်ငယ် ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ကို လှည့်လည်ကြည့်ရှုရ၏။ ဓါတုဗေဒဆရာသည် ဖားဖို-လုံအမျိုးမျိုးတို့နှင့် အရာဝတ္ထုအထည်ဒဗ္ဗတို့၏အဆီအနှစ်ကို ညှစ်ထုတ်ရန် အမြဲကြိုးပမ်းနေ၏။ ၎င်းလည်း အမှန်ကိုသာအလိုရှိသောကြောင့် ထိုမျှဒုက္ခခံလျက် ကြိုးစားနေရရှာ၏။ ထို့ပြင် စက်ဆရာ၊ ဆေးဆရာတို့သည်လည်း အမှန်ကိုရရှိရေးအတွက်သာလျှင် နေ့ညမပြတ် ဒလစပ်အားထုတ်နေကြကုန်၏။ အခြားသော လောကဓါတ်ပညာတို့လည်း ဤနည်းနှင့်ပင်တည်း။

သို့သော် အမှန်ကား အဘယ်မှာရှိသနည်း။ အမှန်သည် ဤဖောက်လွဲဖောက်ပြန်ဖြစ်နေသော(ဝါ)အမြဲတမ်းပြောင်းလဲနေသော မမှန်သောအရာတို့၏အလယ်၌ တည်ရှိနေချေ၏။ အမှန်သည် အနိစ္စအဓူဝဖြစ်သောအရာများကို နိစ္စဓူဝသဿတဖြစ်အောင် ပြုပြင်ဖန်တီးလိုက်၏။ အမှန်သည် ဖြစ်တုံ၊ ပျက်တုံ၊ သွားတုံ၊ လာတုံ၊ နိယဉ်ကျင့်နေသော အရာတို့၏အလယ်၌ အမြဲတစေ ထာဝရတည်နေသောအရာ ဖြစ်၏။

အမှန်သည် မွေးဖွားခြင်း၊ သေကြေပျက်စီးခြင်းကို အလျဉ်းမသိ၊ အစမရှိ၊ အဆုံးမရှိ၊ အနာဒိ-အနန္တဖြစ်၏။ အမှန်သည်ကျောက်စရစ်-ကျောက်ခဲတို့၌ပင်ရှိ၏။ ဘာကြောင့်ထိုကျောက်ခဲကျောက်စရစ်တို့သည် ထင်ရှားရှိခြင်းတို့ကြောင့်တည်း။ ဤကမ္ဘာလောကတွင်း၌ မည်မျှတန်ခိုး ပါဝါအာဏာကြီးသူပင် ဖြစ်ပါစေ(ဝါ)ထာဝရဘုရားပင်ဖြစ်စေမည်သူမျှ ကျောက်ခဲ၌ စုပေါင်းပါ ဝင်ဖွဲ့စည်းနေသော ရုပ်ဓါတ် ရုပ်ကလာပ်တို့ကို တစ်ခါတည်းအပြီးအပြီး လက်စသတ်ဖျောက်ဖျက်မပစ်နိုင်ချေ။ ပထဝီမြေပြင်၌ သဘာဝဓမ္မအလျောက် ပေါက်နေကြကုန်သော သစ်ပင်တို့၌လည်း အမှန်တရားတည်ရှိ၏။ သစ်ပင်သည် အစေ့အညှောက်မှစ၍ တဖြည်းဖြည်း တစ်စတစ်စ တရွေ့ရွေ့တိုး၍တိုး၍ ရင့်သန်ထွားကျိုင်းလျက်ကိုင်းခက်ဝေဆာခြင်းသို့ ရောက်လာရ၏။ အကိုင်းအခက် အညွှန့်အတက် ဝေဖားကြီးမားပြန့်ပြူး ကြည်နူးဖွယ်ရာဖြစ်လာ၏။ အငုံအပွင့် အဆင့်ဆင့် စီရရီဖြစ်လာ၏။ သီးကင်း၊ သီးရင့်၊ သီးမှည့်တို့ တွဲရရွဲသီးဆောင်၏။ သစ်ပင်၏အလှကျက်သရေသည်ရေး၍မကုန်၊ ပြော၍မခန်း အံ့ဘနန်းမျှ ထူးဆန်းလှ၏။ သို့သော် ထိုသစ်ပင်၌ အသိဉာဏ်မရှိချေတကား။

ထို့အတူ တိရစ္ဆာန်၌လည်း အမှန်တရားရှိချေ၏။ ၎င်းသည် ဟိုဟိုဒီဒီ ရွေ့ရှားသွားလာတတ်၏။ မိမိထက်ဝန်းကျင်ရှိအရာဟူသမျှကို သိတတ်၏။ အပူအအေး ခွဲခြားတတ်၏။ ၎င်း၌ အသိဓါတ်ပေါ်လာချေပြီ။ သို့ရာတွင် အမှန်ကိုသိတတ်သောဉာဏ်ကားမဟုတ်သေး။ ထို့ကြောင့် အမှန်တရားသည် ဤကမ္ဘာလောကကြီးအတွင်း၌ထင်ရှားစွာရှိကြောင်း (လယ်ပြင်ဆင်ပြေး)ဖြစ်ချေပြီ။ ထိုအမှန်တရားကိုသိဖို့ဖော်ထုတ်ဖို့ကား လူသတ္တဝါ၏တာဝန်တည်း။ ထို့ကြောင့်လူသတ္တဝါသည် ရှေ့ဆိုခဲ့ပြီးသည့်အတိုင်း စုံစမ်းစစ်ဆေး ဆွေးနွေးခြင်းတို့ဖြင့် အမှန်တရားကို တွေ့အောင်ရှာဖွေသင့်ချေ၏။ အမှန်သည် မြင့်မြတ်၏။ ချိုမြိန်၏။ အမှန်သည် အသင်တို့ကို ဒုက္ခအပေါင်းမှ ကင်းလွတ်စေနိုင်၏။ ဤကမ္ဘာလောကအတွင်း၌ အမှန်မှတစ်ပါး အသင်တို့အတွက် အခြားကယ်တင်ရှင် မရှိတော့ပြီ။

အမှန်တရားသည် **ဗုဒ္ဓ**ဖြစ်၏။ ထို့ကြောင့် အသင်တို့၏စိတ်၌ ဗုဒ္ဓကိုကိန်းဝပ်စေကြလော့။ ဗုဒ္ဓစိတ္တနှင့်ဆန့်ကျင်ဘက်ဖြစ်သော စိတ်ဟူသမျှသည် အမှန်မဟုတ်။ အမှန်မဟုတ်သောကြောင့် တံလျှပ်သဖွယ်၊ တကယ်ဟုတ်မှန်သောအရာမဟုတ်။ ထို့ကြောင့် မုချပျက်စီးရမည်။ အမှန်ကား ပျက်စီးခြင်းမရှိ။ ပကတိအမြဲတည်နေ၏။ ဗုဒ္ဓသည် အမှန်ဖြစ်၏။ ဗုဒ္ဓသည် ကောင်းမြတ်သော မင်္ဂလာရှိစေသတည်း။ ဗုဒ္ဓသည် ဟောရှုန္နဖြစ်စေသတည်း။ ဗုဒ္ဓသည် လူသတ္တဝါတို့၏စိတ်၌ ကိန်းဝပ်စေသတည်း။ သို့ကိန်းဝပ်ခံရသောသူသည် နိစ္စသုခကို တွေ့စေသတည်း။

♦♦♦♦♦♦♦♦♦♦♦

# ဥယျောဇဉ်

ဤ ငါတို့၏ကမ္ဘာလောကကြီးအတွင်း၌ လူသတ္တဝါအများ နေထိုင်ကျင့်ကြံရန် နည်းလမ်းနှစ်ခုသာလျှင် ရှိချေ၏။ ပထမနည်းကား **ဗုဒ္ဓနည်း**ဖြစ်၍ ဒုတိယနည်းမှာ **ထာဝရနည်း**ဖြစ်လေသည်။

၁။ (က) **ပထမနည်း**ကား ယခု ငါတို့နေထိုင်လျက်ရှိသော ကမ္ဘာလောကကြီး တိုးတက်စည်ပင်စေရန်၊ စုံစမ်းစစ်ဆေး ဆွေးနွေးသင်ကြားခြင်းဖြင့် ငါတို့၏ ဉာဏ်ပညာတိုးတက်လာစေရန် ကြံစည်တီထွင်ခြင်းဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသော ဓါတ်သဘာဝတို့ကို အသုံးချရန် သိပ္ပံ၊ ဝိဇ္ဇာ အဖြာဖြာတို့ဖြင့် ငါတို့၏စိတ်ကို တဖြည်းဖြည်း ရင့်ကျက်လာစေရန် နေထိုင်ဖို့ ဖြစ်၏။

(ခ) **ဒုတိယနည်း**ကား ယုတ္တိသာဓက သဘာဝကင်းမဲ့သော ကောင်းကင်ဘုံနန်းကို မျှော်မှန်း၍နေရန်၊ ငါတို့ယခုရရှိနေသော အသက်ကို ငါတို့နားမလည်သော(ဝါ)ထင်ရှားမရှိနိုင်သော(ဝါ) ဘယ်နည်းနှင့်မျှ မဖြစ်နိုင်သော နိစ္စဇီဝအတွက် စွန့်လွှတ်ရန် ဆုတောင်းမေတ္တာပို့ခြင်း၊ ယဇ်ပူဇော်ခြင်းဖြင့် အထက်ကောင်းကင်ဘုံမှာ ရှိသည်ဟု ယုံကြည်နေကြသော ဖုတ် သတ္တဝါ၏အကူအညီကို ရရှိရန်ဖြစ်၏။

၂။ (က) **ပထမနည်း**ကား ကြံစည်ရန်၊ စုံစမ်းရန်စစ်ဆေးရန်၊ စူးစမ်းရှာဖွေရန်၊ ဝိစာရဏာဉာဏ် အလင်းရောင်ထွန်းပြ ထားသော လမ်းကို လိုက်နာရန်ဖြစ်၏။

(ခ) **ဒုတိယနည်း**ကား အကန်းကဲ့သို့ယုံကြည်ရန်၊ အရမ်းလိုက်နာရန်၊ အသင်တို့၏အသိဉာဏ်၊ အစဉ်းစားဉာဏ်၊ အဆင်ခြင်ဉာဏ်တို့ကို အသုံးမပြုရန်၊ သိဟန်မြင်ဟန်ဆောင်ကြကုန်သော မျက်မမြင်ကြောင်တောင်ကန်းတို့ တောင်ဝှေးဆွဲရာသို့ မငြင်းမဆန် လိုက်ပါရန်ဖြစ်၏။

၃။ (က) **ပထမနည်း**ကား **လောကတ္ထစရိယံ-**သတ္တလောကတစ်ဝန်းရှိ ပုဂ္ဂိုလ်သတ္တဝါသူငါမရွေး (ဝါ)အဖြူအမည်းမရွေး (ဝါ) နှာခေါင်းပြား၊ နှာခေါင်းချွန်မရွေး၊ အားလုံးတို့၏အကျိုးစီးပွား ထွန်းကားရေးအတွက် အားထုတ်ရန်။ **ဉာတတ္ထစရိယံ-**သားသမီး၊ မယား၊ ဇနီးစသော ဉာတိသင်္ဂဟအပေါင်းတို့၏အကျိုးအာနိသံသ မဟပ္ဖလအတွက်၊ အားကြိုးမာန်တက် ဆောင်ရွက်ရန်။ **ဗုဒ္ဓတ္ထစရိယံ-**ဉာဏ်အလင်းရောင် ထွန်းပြောင်ဝင်းလက်၊ တန်ခိုးထွက်ရန် အခက်အခဲ၊ အမှားအမှန် ဝေဖန်ပိုင်းခြားရေးအတွက် အဆုတ်မနစ်ကြိုးပမ်းရန်၊ သတ္တဝါအများလောကသားတို့၏ဒုက္ခဆင်းရဲဟူသမျှကို အရင်းအမြစ်မှ ခုတ်ဖြတ်လှီးပယ်၍ သုခချမ်းသာ နယ်ချဲ့ပေးရန်ဖြစ်၏။

(ခ) **ဒုတိယနည်း**ကား တစ္ဆေသရဲများ၊ နတ်ဆိုးမိစ္ဆာများ၊ ထာဝရနန်းများသည် အခြားသောကမ္ဘာလောက ဒုတိယဘဝသို့ ရောက်သောအခါ မိမိတို့အား ကောင်းမြတ်သော ဆုလာဘ်ကိုပေးကြလိမ့်မည်ဟု ယုံကြည်ကိုးစားနေရန် ဖြစ်၏။

၄။ (က) **ပထမနည်း**ကား ဉာဏ်ပညာတည်းဟူသော ဆီမီးတန်ဆောင်ဖြင့် ထွန်းပြောင်ဝင်းလက်နေသောလမ်း၌လျှောက် သွားရန် မြင်သမျှ၊ ကြားသမျှ၊ တွေ့ထိသမျှတို့ကို ကြောင်းကျိုးစစ်ဆေး၍ အမှန်၊ အမှားခွဲခြားပြီးလျှင် အမှားကိုပယ်၊ အမှန်ကိုသယ်လျက် သွားရန်ဖြစ်၏။

(ခ ) **ဒုတိယနည်း**ကား မြင့်မြတ်သော ဉာဏ်ရောင်၊ ပညာရောင်၊ ဝိစာရဏာရောင်တို့ကို ငြိမ်းသတ်၍၊ အမှောင်အတွင်း၌ တွားသွားရန် ဖြစ်၏။ ကျိုးကြောင်းနှစ်ပြင်ဘာကိုမျှမမြင်၊ ဘာကိုမျှမဆင်ခြင်နိုင်ဘဲ သူတစ်ပါး၏နောက်သို့လိုက်ရန်ဖြစ်၏။

၅။ (က) **ပထမနည်း**ကား ရိုးသားတည်ကြည်သမာဓိညီသောသူဖြစ်၍ ထာဝရနှင့်၎င်း၏ငရဲကို လေးလေးစားစား ဘာလောက် မျှအရေးမထား ဂရုမစိုက်ဘဲ မိမိ၏မြင့်မြတ်သောစိတ်ကူးဉာဏ်တို့ကို ရဲရဲရင့်ရင့် အကျိုးသင့်အကြောင်းသင့်ဖွင့်ပြပြောဆိုနိုင် ရန် ဖြစ်၏။

(ခ) **ဒုတိယနည်း**ကားသူတစ်ပါး၏နို့သက်စို့ ရေသာခိုလျက် မိမိပင်ကိုယ်ဉာဏ်ကို ကျွန်အစေခံ၍ ကြောက်ရွံ့ထိတ်လန့်သောစိတ်ထားဖြင့် ပြားပြားဝပ်တွားပြီး သွားလာရန် မိမိ၏မြင့်မြတ်သော အတွင်းဉာဏ်ဓါတ်ကို တော်လှန်ရန် အခြားသူ၏ လွတ်လပ်ခွင့်ကို ငြင်းပယ်ရန် မိမိကိုယ်တိုင်လည်း ရုပ်နာမ်ပါ ကျွန်ဇာတာပါပြီး သဘောက်အခြေသို့ ဆိုက်ရန်ဖြစ်၏။



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

၆။ (က) **ပထမနည်း**ကား ငါတို့နေကြသော ဤကမ္ဘာလောက၏ အကျိုးစီးပွားများပြားစေခြင်းငှာ နေထိုင်ကျင့်ကြံရန်ဖြစ်၏။ ငါတို့၏ဦးနှောက်ပညာ ဖွံ့ထွား၍ ငါတို့၏စိတ်နှလုံးယဉ်ကျေးမှုအတွက်ဖြစ်၏။

ဒုက္ခအကြောင်း၊ သုခအကြောင်းတို့ကို နက်နက်နဲနဲဖွေရှာ၍ ဒုက္ခ၏အကြောင်းကို အမြစ်ပါမကျန် အကုန်လုံး ပယ်လှန်ပြီးလျှင် သုခနယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ရန်၊ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော လူသတ္တဝါ၏ရန်သူကြီးသုံးဦးကို ချေမှုန်းဖြိုဖျက်ရန်၊ ကာယစိတ္တ ထိုနှစ်ဝတို့၏ မြင့်မြတ်သောအာသာဆန္ဒကို ဖြည့်ရန် သဘာဝဓမ္မနယ်အတွင်းသို့ ချဉ်းနင်းထွင်းဖောက်၍ လျှို့ဝှက်တိမ်မြုပ်နေသော အမှန်တရားတို့ကို သတ္တလောကတစ်ခုလုံး၏ အကျိုးအတွက်ဖော်ထုတ်ရန်ဖြစ်၏။

(ခ ) **ဒုတိယနည်း**ကား ထာဝရအတွက် နေထိုင်ကျင့်ကြံပြုလုပ်ရန် ဖြစ်၏။ ၎င်းနည်းကို စမ်းသပ်ခဲ့လေပြီ။ သို့သော် အကျိုးကား မထူးလှ။ ၎င်းနည်းကို လွန်လေပြီးသော နှစ်ပေါင်းများစွာက ပါလေတိန(ဝါ)ပါလက်စတိုင်းခေါ် တိုင်းပြည်၌ စမ်းသပ်ခဲ့ဖူးပေသည်။ သို့သော် ထိုစမ်းသပ်သော ပါလက်စတိုင်းတိုင်းသူပြည်သားတို့ကို ထာဝရသည် မစောင့်ရှောက်ခဲ့။ ၎င်းလူမျိုးတို့ကို အခြားသောလူမျိုးတို့က လွှမ်းမိုးခဲ့ကြပြီး အုပ်စိုးခဲ့ကြပေပြီ။ ၎င်းတို့သည် မိမိတို့ရဲ့တိုင်းပြည်မှ နှင်ထုတ်ခံခဲ့ကြရလေပြီ။ တိုင်းမဲ့ပြည်မဲ့ ဖြစ်နေကြရလေပြီ။ သူတို့သည် နှစ်ပေါင်းများစွာကာလကြာအောင် ၎င်းတို့ကိုးကွယ်သော ထာဝရ၏ အကူအညီကို မျှော်လင့်စောင့်စားနေခဲ့ကြကုန်၏။ သူတို့သည် တစ်ဖန်ပြန်၍စည်းလုံးမိကြလိမ့်ဦးမည်။ သူတို့၏မြို့များ၊ ဘုရားကျောင်းများ၊ ယဇ်ပလ္လင်များကို ပြန်၍ဆောက်လုပ်မွမ်းမံရလိမ့်ဦးမည်။ သူတို့သည် ထာဝရ၏အချစ်တော်များ တစ်ဖန်ပြန်၍ဖြစ်ကြရလိမ့်ဦးမည်။ သူတို့သည် ထာဝရ၏အကူအညီဖြင့် သူတို့၏ရန်သူများကို တစ်ဖန်ပြန်လည်နှိမ်နင်း၍ ကမ္ဘာကြီးကိုအုပ်စိုးနိုင်ကြလိမ့်ဦးမည်ဟု ယုံကြည်နေခဲ့ကြကုန်၏။

သို့သော် ရာထောင်မက နှစ်တွေပြောင်း၍ ကာလညောင်းလေသော် ယုံကြည်မျှော်လင့်ကိုးစားချက်တည်းဟူသော ရောင်ခြည်များကို မှေးမှိန်ပျောက်ကွယ်စ ပြုလာခဲ့လေသည်။ ယခုသော် ဉာဏ်ပညာအမြော်အမြင်ရှိသူတို့သည် ယုံကြည်ကိုးစားချက်များကို အရှူးအိပ်မက်လောက်မျှ အနှစ်သာရမပါလှဟုထင်မြင်မှတ်ယူကြလေပြီ။ ထာဝရနည်းကို ဥရောပစသော တိုက်ကြီးတိုက်ငယ် ပြည်ကြီးပြည်ငယ်တို့၌ စမ်းသပ်ခဲ့လေပြီ။

အကျိုးကား ကျွန်စိတ်မွေး၊ ကျွန်သွေးဆွ၍ နှိပ်စက်ညှဉ်းပန်းခြင်း အမျိုးမျိုးတို့ဖြင့် အဆုံးသတ်လေပြီ။

ကြီးပွားတိုးတက်ရေးလမ်းဟူသမျှ အကုန်လုံးအပိတ်ဆို့ခံခဲ့ရလေပြီ။

ဘာသာရေး၏လွတ်လပ်ခွင့်ကို ရာဇဝတ်မှုဟု အသိအမှတ်ပြုခဲ့ကြကုန်ပြီ။

ထာဝရကို စော်ကားခြင်းဟု ယူဆခဲ့ကြကုန်ပြီ။

အယူဝါဒမတူမျှသောသူများကို တရားစွဲခဲ့ကြ၊ ရိုက်နှက်ခဲ့ကြ၊ ချိုးဖဲ့သတ်ဖြတ်ခဲ့ကြ၊ မီးရှို့ခဲ့ကြ၊ လည်ဖြတ်ခဲ့ကြ၊ တံစို့ထိုး သတ်ခဲ့ကြကုန်ပြီ။

၎င်းနည်းကို (Dark Age)ခေါ် မှောင်သောခေတ်(ဝါ)ခရစ်ဝါဒအထွန်းကားဆုံးခေတ်၌ စမ်းသပ်ခဲ့လေပြီ။ အကျိုးမည်သို့ ထွန်းကားခဲ့သနည်း။

အနန္တ အသချေ်မရေမတွက်နိုင်အောင် များပြားလှသော ကြိုးစင်တို့သည် အပြစ်မဲ့သောလူပညာရှိများ၊ ထို့ပြင် အာဏာရှင်အာဏာပိုင်တို့နှင့် အယူအဆမတူမျှကြသော လူအာဇာနည်တို့၏သွေးဖြင့် စိုရွှဲခဲ့လေပြီ။

ရေတွက်မှန်းဆ ဂဏန်းချ၍မရနိုင်လောက်သော ဓါးတို့သည် လူသတ္တဝါတို့၏အသည်းနှလုံးကို ထိုးမွှေချေမှုန်းခဲ့ကြလေပြီ။

ကြီးကျယ်ခမ်းနား အလွန်ကြီးမားသော ထင်းပုံတို့မှာ အငွေ့မစဲ အလျှံမစဲ တဟဲဟဲ တရှဲရှဲ ဆူညံနေသော မီးတောက်မီးလျှံတို့သည် အစာငတ်နေသော တောကျား၊ တောခွေးကဲ့သို့ လူသတ္တဝါတို့၏အသားကို မညှာမတာ စားသောက်ခဲ့ကြပေပြီ။

အကျဉ်းထောင်ဟူသမျှတို့သည် အကြံအစည်ဉာဏ်ရည်ရှိသောလူတို့ဖြင့် ပြည့်နှက်ခဲ့လေပြီ။

ထာဝရအတွက် ရက်စက်ကြမ်းကြုတ်မှုဟူသမျှတို့ကိုပြုကျင့်ခဲ့ကြလေပြီ။ ရာဇဝတ်မှုဟူသမျှတို့ကို ကျူးလွန်ခဲ့ကြပေပြီ။ အလွန်မြင့်မြတ်၍ နားဝင်ချိုသော "လွတ်လပ်ခြင်း"ဟူသောစကားလုံးတို့သည် ကမ္ဘာမြေပြင်၌ ရပ်တန့်မတည်နေနိုင်ဘဲ ယိုင်လဲ ပျက်စီးခဲ့လေပြီ။

၎င်းနည်းကို နေရာတိုင်း၌ စမ်းသပ်ခဲ့လေပြီ။ အကျိုးတရားကား ထူးမခြားနားပင် ဖြစ်ခဲ့၏။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းဆိုရသော် ထာဝရနေထိုင်နည်းသည် ဤကမ္ဘာလောကကြီးတစ်ခုလုံးကို သွေးရောင်ဖျန်း၍ မီးဟုန်းဟုန်း တောက်စေခဲ့လေပြီ။

တစ်ဖန်တုံ ဤကမ္ဘာလောကကြီးအတွင်း၌ လမ်းကျဉ်းလမ်းကျယ်ဟူ၍ လမ်းနှစ်သွယ်သာ ရှိလေသည်။

လမ်းကျဉ်းကား အတ္တဟိတသမားတို့ တစ်ဦးစီ စီတန်း၍ သွားရန် ဖြစ်၏။ လင်နှင့်မယား၊ သားနှင့်အမိ၊ မောင်နှင့်နှမတို့ အတူတကွ ဘေးချင်းယှဉ်လျက် သွားနိုင်အောင်ပင် မကျယ်လှချေ။ လမ်းကျဉ်းကား ဥပါဒါန်တည်းဟူသော သဲကန္တာရပေါ်မှ ဖြတ်သွား၏။ ခရီးသွားတို့ကား ပြောက်ကြား ပြောက်ကြားသာရှိ၏။

ဝင်းလမ်းကျဉ်းကလေးကား ကျောက်စရစ်၊ ကျောက်ခဲ ဖလ်ကျိုး၊ မှန်ကွဲများဖြန့်ကြဲလျက် ဆူးငြောင့်ခလုတ် ချုံပုတ်ထူထပ်လှ၏။ အယူသီးခေါင်းမာသူတို့သည် သွေးချင်းချင်းနီသော ခြေဖဝါးတို့ဖြင့် ထိုလမ်းပေါ်မှာ လျှောက်သွားခဲ့ကြ၏။

အသင်တို့သည် လမ်းဘေး၌ ပန်းပွင့်များ မြင်တွေ့ခဲ့သော် ဝင်းတို့ကို မဆွတ်မခူးကြကုန်လင့်၊ ဝင်းပန်းဝတ်လွှာ၏အောက်၌ ကြောက်ဖွယ်လန့်ဖွယ်သော မြွေဆိုးပုန်းဝပ်လျက်နေချေ၏။

လက်ဝဲလက်ယာဘက်များကို စောင်းငဲ့၍မျှ မကြည့်ကြလေနှင့်။ ဂျေရုဆလင်မြို့တော်သစ်ကိုသာ စိတ်အာရုံမှန်း၍ ဖြောင့်ဖြောင့်တန်းတန်း ကြည့်ရှုဘိလော။ သင်တို့၏သားမယား မိဘဆွေမျိုးညာတိ မိတ္တဗန္ဓဝေအဆွေခင်ပွန်းတို့ကို ပြန်လှည့်၍မျှမကြည့်ကြကုန်လင့်။

သင်တစ်ယောက်တည်း လွတ်လပ်ချမ်းသာရေးကိုသာ အာရုံပြုလော၊ သင်တို့ချစ်ခင်သောသူများ ငရဲမှာ ဆင်းရဲနေသလောက် သင်တို့သည် ကောင်းကင်ဘုံနန်း၌ ပျော်မြူးနေကြရကုန်အံ့။ ယုံလော၊ ကြည်လော။

သင်တို့သည် သူတစ်ပါးကောင်းမှုအတွက် ဆုတော်လာဘ်တော်များ ရကြကုန်လတ္တံ့။ ဖြောင့်ဖြောင့်တန်းတန်း စိတ်အာရုံ မျှော်မှန်း ယုံကြည်၍ သွားကြကုန်လော့။

သင်တို့၏အသုံးမကျသော(ဝါ)ခြောက်သွေ့နေသော(ဝါ)ကိုယ်ကျိုးကိုသာ ငဲ့ကွက်သောဝိညာဉ်ကို ကယ်တင်ခြင်းပြုနိုင်ပေလိမ့်မည်။

ဤကျဉ်းမြောင်းလှသော လမ်းကား ဤကမ္ဘာမြေပြင်မှ ခရစ်ဝါဒီတို့၏ဟဒယဝတ္ထုမြင့်မြတ်သောတရားစုမှ ကင်းမဲ့သော ကောင်းကင်ဘုံနန်းသို့ သွားရာဖြစ်သောလမ်းပင်တည်း။

အခြားလမ်းကား ကျယ်ဝန်းပြန့်ပြူးသော လမ်းတည်း။ ခလုတ်ကန်သင်း၊ ဆူးငြောင့်၊ချုံပုတ်ကင်းသော(ဝါ)အဖုအထစ် အနိမ့်အမြင့်ရှင်းသော၊ အကွေ့အကောက်မရှိသော ဖြောင့်စင်းသောလမ်းတည်း။

ငါတို့အားလုံး ချောင်ချိလှစွာသော သက်သက်သာသာ ရင်ပေါင်တန်းလက်တွဲ၍ ပျော်ပွဲဆင်ကာ ရွှင်ရွှင်ပြပြ ဘေးမခဘဲ အေးအေးမြမြ လျှောက်သွားနိုင်သောလမ်းတည်း။

လူမျိုးမရွေး၊ ကျားမ မရွေး၊ အဖြူအမည်း မရွေး၊ ဇာတ်အနွယ်မရွေး၊ ဘာသာမရွေး၊ ကမ္ဘာလောကရှိ သတ္တဝါအပေါင်းတို့သည် ချိုမြိန်သာယာသောကျေးငှက်တို့၏ တွန်မြူးကြွေးကြော်သံတို့နှင့် ပတ်သာစောင်းညှင်း ဒုံမင်း၊ ပတ္တလား၊ ကြားရသူတို့၏နားဝ၌ ပျားရည်နှင့်သကြားစုပေါင်း၍ကျသလို ကြားမဝနိုင်လောက်သော စမ်းချောင်းတို့၏အသံကို နာခံလျက် တပျံ့ပျံ့ကြူ ရနံ့လူလျက် ရှူသူ၏နှာတွင်း၌ တလှိုင်လှိုင်ကြိုင်သင်း၍နေသော ပန်းရနံ့ရိုက်မျိုးစုံတို့ကို အာရုံသွင်းယူ ရှိုက်ကာ ရှူလျက်၊ ကြည်လင်သန့်ရှင်း ရွှေရောင်ဝင်းသော နေမင်း၏အရောင်ကို ခိုလှုံလျက်၊ ထိုကျယ်ပြန့်သော လမ်းမတော်၌သွားလာနိုင်ကြ၏။

ဤလမ်းကား သဘာဝဓမ္မအတိုင်း အကျိုးအကြောင်း ဆက်သွယ်လျက်ရှိသော လမ်းတည်း။ လင်ရောမယားပါ၊ သားရော သမီးပါ၊ မြေးရောမြစ်ပါ၊ ဆွေရောမျိုးပါ၊ မိတ်ဆွေရော သင်္ဂဟပါ ကြည်သာရွှင်ပျ အတူတကွ သွားနိုင်သော လမ်းတည်း။

ဤလမ်းကား တစ်ဆင့်ထက်တစ်ဆင့် မြင့်၍မြင့်၍ တက်သွားသောလမ်းတည်း။

ထိုလမ်းပေါ်သို့ လျှောက်မိကြသော် မျိုး၊ ဇာတ်၊ အယူ၊ အဖြူ အမည်း ကွဲပြားခြင်းမရှိတော့ဘဲ တစ်လုံးတစ်စည်း ညီအစ်ကိုအရင်းချည်းကဲ့သို့ ဖြစ်လေတော့၏။

မှန်လှ၏။ ကျားနှင့်နွားတို့သည် လည်ချင်းယှဉ်တွဲ၍ ပျော်ပွဲဆင်ကာ သွားလာကြကုန်အံ့။ ရန်သူရန်ဘက်တို့သည် မိတ်ရင်းဆွေရင်း တစ်မိဝမ်းတွင်း ခေါင်းနင်းဆင်း ထိုကဲ့သို့ဖြစ်ကြကုန်အံ့။

အို- ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများတို့၊ ဤကမ္ဘာလောကကြီးကား အငုံ၊ အပွင့်၊ သီးရင့်၊ သီးမှည့်တို့ဖြင့် တင့်တယ်လှပသော လိမ္မော်ပင်နှင့်တူလှချေတကား။ သီးမှည့်တဝင်းဝင်း သီးကင်းတဖုတ်ဖုတ်ဆိုသကဲ့သို့ မခိုင်မမြဲဘဲ ကြွေကျသော သီးကင်း၊ သီးနု၊ သီးရင့်တို့ကား မြေသြဇာဖြစ်ကြကုန်ပေပြီ။

ဝင်းအပင်ရှိ အသီးတိုင်းတို့သည် ဘဝအသီးသီးနှင့်တူကြကုန်၏။ အသင်တို့သည် အချိန်စေ့၍ သေနေ့သို့ ရောက်သောအခါ ဝင်းလိမ္မော်တည်းဟူသောဘဝသီး၌ အဖတ်သာကျန်တော့သည်ဟု မြွက်ဆိုပြောကြားနိုင်ရန် ကောင်းမြတ်သော အနှစ်အဆီတို့ကို ထုတ်ယူ၊ စုတ်ယူကြကုန်လော့။

ငါတို့သည် ကျယ်ပြန့်သော သဘာဝဓမ္မလမ်းကို လျှောက်ကြစို့၊ လောကတိုက်သားသတ္တဝါအများတို့၏အကျိုးစီးပွား

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တိုးတက်စေခြင်းအလို့ငှာ နေထိုင်ကျင့်ကြံကြစို့။

အမှောင်ထုပြော၊ ဘေးဘျမ်းပေါတဲ့ကျဉ်းမြောင်းကြပ်တည်းလှသောလမ်းမှဖဲလျက် ထွန်းပြောင်ဝင်းပ အလင်းရောင်ရ၍ ဘေးမခ၊ ရန်မသီ၊ ညီညာကျယ်ပြန့် လူအများလျှောက်သော လမ်းမကြီးတစ်လျှောက် လျှောက်ကြကုန်စို့။

ဤလမ်းပေါ်မှ လျှောက်သွားသူသည် မင်္ဂလာရှိစွတကား။ ဘေးရန်လွန်မြောက် အလင်းရောင်အောက်သို့ ရောက်ရှိသောသူသည် ကျက်သရေရှိစွတကား။

ကျဉ်းမြောင်းသော ဉာဏ်မျက်စိ၊ ဥပါဒါန်ဖိသော နှလုံး၊ မောဟဖုံးသောစိတ်တို့ကို လွန်မြောက်၍ ဤလမ်းပေါ်သို့ လျှောက်မိသူသည် ဘုန်းကံကြီးမားစွတကား။ အမှားကိုပယ်၍ အမှန်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်မိသောသူသည် မြင့်မြတ်လေစွတကား။

အမှန်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်မိပြီးလျှင် ဗုဒ္ဓ၏အလင်းရောင်ကို ခံယူ၍အပူပျောက်ကင်း၊ အေးမြခြင်းသို့ ရောက်အောင် အားထုတ်နိုင်သူကား တကယ်လူသား"မ တစ်ထောင် တစ်ကောင်ဘွား" ဖြစ်ချေတကား။

အမှန်သည် ဗုဒ္ဓဖြစ်၏။ ဗုဒ္ဓသည် အလင်းရောင်ဖြစ်၏။ အလင်းရောင်သည် ဗုဒ္ဓဖြစ်၏။ ဗုဒ္ဓသည် ဘုန်းတော်၊ ဉာဏ်တော်၊ ကံတော်အနန္တ၊ ကျက်သရေမင်္ဂလာအပေါင်း ခြံရံခလျက် ဟောရှန္ဒဖြစ်စေခလို။

အသျှင်ဥက္ကဌ
ဗုဒ္ဓသာသနာပြုကျောင်း၊ တောင်တွင်းကြီးမြို့။
၉၉၊ နတ်တော်လဆန်း- ၁၅ - ရက်။

# "ရွှေချိန်ခွင် စာအဖြေ"

"ရွှေချိန်ခွင်စာ"ခေါ် စာအုပ်ငယ်သည်ကား ကျွန်ုပ်တို့၏လက်သို့ ၁၉၂၆-ခုနှစ်၌ ရောက်ရှိလာခဲ့၏။ ဘယ်ပုံ ဘယ်နည်းနှင့်ရောက်လာသည်ကိုကား ကောင်းစွာမမှတ်မိတော့ချေ။ ကျွန်ုပ်၏လက်သို့ မျက်စိလည်လမ်းမှားပြီး ရောက်လာသော စာအုပ်ငယ်ကား ရန်ကုန်မြို့၊ အမေရိကန်နှစ်ခြင်းသာသနာပြုစာပုံနှိပ်တိုက်မှ ၁၉၂၄-ခုနှစ်ရိုက်နှိပ်ထုတ်ဝေသော ၃၈-ကြိမ်မြောက်ရိုက်ခြင်းဖြစ်၏။

ထိုသည့်စာအုပ်ငယ်ကို ရရှိစကပင် သေသေချာချာ ရှေ့နောက်မျဉ်းပေါက် ဖတ်ရှုခဲ့၏။ ဖတ်ရှုပြီးလျှင် **"ဤစာအုပ်ငယ်ကား ဗုဒ္ဓဝါဒကိုလည်း နားမလည်၊ ခရစ်ဝါဒကိုလည်း သဘောမပေါက်သောသူတစ်ယောက်၏လက်ချက်ပဲ"**ဟု ဆုံးဖြတ်ချက်ချခဲ့၏။ အရေးယူလောက်သော(ဝါ)ပမာဏမူလောက်သော လက်ရာမဟုတ်ဟု ထင်မြင်မှတ်ယူခဲ့၏။ သို့မှတ်ယူခြင်းကြောင့်လည်း ယခုတိုင် ထိုစာအုပ်ငယ်၏အကြောင်းကို ရေးလည်းမရေးသားခဲ့၊ ပြောလည်း မပြောကြားခဲ့ဘူးချေ။

ထိုစာအုပ်ငယ်ပါ စကားများကို ချေပရန်လျှောက်ထားသော ပလက်ဝကျောင်းဆရာဦးဘိုးလှ၏လျှောက်လွှာကို ၁၂၉၉-ခု၊ ဝါခေါင်လဆန်း-၁ရက်(၇-၈-၃၇)စနေနေ့ထုတ် ဘာမားဂျာနယ်၌တွေ့ရှိသောအခါမှသာလျှင် ထိုသည့်စာအုပ်ငယ်ကို ပြန်လည်သတိရရှိခဲ့ချေသည်။

ထိုသတိရသဖြင့် လိုက်လံရှာဖွေသောအခါ နှစ်ပေါင်း၂၁-နှစ်တိုင်တိုင် ကျွန်ုပ်၏လက်တွင် စွဲစွဲမြဲမြဲမခွာမခဲ့ဘဲ နေရှာသောစာအုပ်ငယ်ကို တွေ့ရသောကြောင့် ဝမ်းပင်မြောက်မိတုံးသေး၏။ ထိုသည့်စာအုပ်ငယ်ကား ခရစ်ယာန်တို့၏ လက်ရိုးစဉ်လာ သဘောဓမ္မတာကို သေချာစွာဖော်ပြသကဲ့သို့ အလွန်ရိုင်းပျသောစကားအသုံးအနှုန်းတို့ဖြင့် ဗုဒ္ဓဘာသာဝင် မွန်မြန်မာတို့အား တမင်စော်ကားသောစာ ဖြစ်ခဲ့၏။

မှန်လှ၏။ ထိုစာအုပ်ငယ်ကို ရေးသားသော မြန်မာခရစ်ယာန်သည် ဗုဒ္ဓဝါဒကို သေချာမိမိမသိရှိချေ။ သို့ကြောင့်လည်း မတော်မတရား စော်ကားရိုင်းပျ ယဉ်ကျေးသူတို့၏နားဝ၌ ပီယဝါစာမဖြစ်။ မည်းညစ်သော အသုံးအနှုန်းတို့ကိုသုံးစွဲ၍ရေးသားခဲ့ပုံရချေသည်။ အတော်အတန် ပါးလျားဉာဏ်ပညာအသင့်အတင့်ရှိ၍ ယောနိသောမနသိကာရထားသော အထက်တန်းစားခရစ်ဝါဒီပင် မဟုတ်ကြောင်းကို ထိုစာအုပ်ငယ်ကပင် သက်သေခံလျက်နေချေသည်။ ခရစ်ဝါဒီ၏အပြစ်ဗလပွေ ကြီးကျယ်သောဆင်သေကို သားရေစုတ်တစ်ချပ်နှင့်ဖုံးအုပ်၍ ဗုဒ္ဓဝါဒတည်းဟူသောပတ္တမြားဂူကို ဝက်သတ္တဝါပြေးစူ၍ အရောင်မှိန်စေရန် ကိုယ်နှင့်အထပ်ထပ်ပွတ်သကဲ့သို့ရှိချေ၏။ သို့သော် ထိုစာအုပ်ငယ်တည်းဟူသော သားရေစုတ်ဖြင့် ဆင်သေပမာဏ ကြီးမားလှသော ခရစ်ဝါဒ၏အပြစ်အာဒီနဝတို့ကို လုံအောင်ဖုံးအုပ်ခြင်းငှာ မတတ်နိုင်ချေတကား။

ထို့ပြင် ဗုဒ္ဓဝါဒတည်းဟူသော ပတ္တမြားဂူသည်လည်း ပွတ်ခြင်း၊ တိုက်ခြင်းတို့ကြောင့် အရောင်မမှိန်ဘဲ တိုးတက်ပိုမို၍ ပြောင်ထိန်ဝင်းလက် ပြိုးပြိုးပြက်ပြက် ဖြစ်လာချေသည်တကား။

ထိုစာအုပ်ငယ်ပါ စကားအားလုံးတို့ကို အကျဉ်းချုံးလိုက်သော်-

(၁) ဗုဒ္ဓဂေါတမနှင့်ထာဝရ

(၂) ဗုဒ္ဓဘာသိတတရားတော်နှင့်ထာဝရ၏တရား

(၃) ဗုဒ္ဓဘာသာဝင်ရဟန်းသံဃာနှင့်ခရစ်ဝါဒီပါဒရီခေါ် ဘုန်းကြီးတို့ကို နှိုင်းယှဉ်ဖော်ပြချက်ပင် ဖြစ်ချေသည်။

ဤအရာကား သေးသိမ်လွယ်ကူသောအလုပ်မဟုတ်ချေ။ ဗုဒ္ဓဝါဒနှင့်ခရစ်ဝါဒ(ဝါ)ဗုဒ္ဓဘာသာကျမ်းဂန်တို့နှင့် ခရစ်ကျမ်းစာများကို ကျကျနနသိမြင်သောသူတို့၏အလုပ်တည်း။

ကျွန်ုပ်တို့၏ ရွှေချိန်ခွင်စာဆရာသည် မိမိမနိုင်သောဝန်ကို ချီမိရက်သားဖြစ်နေချေပြီတကား။ ဤဆရာမျှမက ရောမပညာရှင်ကြီးများဖြစ်ကြသော ဒေါက်တာအိုလ်ဒင်ဘက်၊ ပရော်ဖက်ဆာဝီလျံစသောပုဂ္ဂိုလ်တို့သည်လည်း ဗုဒ္ဓဝါဒနှင့် ခရစ်ဝါဒကို နှိုင်းယှဉ်ရန် အားထုတ်ခဲ့ကြ၏။ စာမျက်နှာ၄၀၀-၅၀၀ကျော်ရှိ ကျမ်းကြီးများကိုပင် ရေးသားခဲ့ကြကုန်၏။ သို့သော် ၎င်းတို့လည်း တစ်ဘက်မြင်တွေသာဖြစ်၍ မအောင်မြင်ခဲ့ချေ။ မတူတာကို တုခြင်း၊ ဖားကိုတု၍ ခရုခုန်ခြင်း၊ မျက်ကန်းက နေကိုလောင်ကမ်းကြည့်လိုခြင်းတို့သည် အံ့ဖွယ်သူရပင် ဖြစ်ချေ၏တကား။

ခရစ်ဝါဒီတို့သည် မိမိတို့၏ခရစ်ကို ဗုဒ္ဓရှင်တော်ဘုရားနှင့်နှိုင်းယှဉ်လိုကြကုန်၏။ ပြိုင်ဆိုင်လိုကြကုန်၏။ ၎င်းကား သဘာဝဓမ္မပင်တည်း။ မှန်လှ၏။

လောက၌ အကျည်းတန်အရုပ်ဆိုး အချိုးမကျသူသည် လှလှပပ အချိုးအစားကျသူနှင့် ယှဉ်ပြိုင်လို၏။ တွဲဖက်၍ သွားလို၏။ သို့သော်လှပသူနှင့်ယှဉ်ပြိုင်မိသောအခါ မိမိ၏နဂိုရ်အကျည်းတန်တာထက် ပို၍အရုပ်ဆိုးသွားတတ်သောအချက်ကို သတိမရကြချေ။

ယင်းသို့ သတိမရကြခြင်းတို့ကြောင့်ပင်လျှင် မတူတာကို နှိုင်းယှဉ်မိကြလေသည်။ ဤရွှေချိန်ခွင်စာခေါ် စာအုပ်ကို

E-book is created by www.shanyoma.org

E-book is created by ***www.shanyoma.org***

ဖတ်မိကြကုန်သော မြန်မာတိုင်းရင်းဘွား မွန်မြန်မာအများတို့သည် စိတ်လက်မကောင်း ဖြစ်ကြကုန်ရာ၏။ ထိုဆရာရေးသောစာများကား အရာမရောက်ခဲ့စေကာ ဗုဒ္ဓဘာသာဝင်တို့၏စိတ်ကိုမူ အတော်နာကျည်းအောင်ထိခိုက်စေခဲ့ကုန်ရချေပြီ။ သို့သော် ကျွန်ုပ်တို့အဖို့ကား ဤသို့မဟုတ်ချေ။ ၎င်းဆရာ၏စာသွားကို ပထမဆုံးဖတ်မိသောအချိန်မှာပင်"နာစရာ"ဟု မထင်မှတ်ခဲ့ချေ။

ဉာဏ်ပညာနုနယ် အသိအမြင်မကျယ်သော လူမမယ်ကလေးသူငယ်တို့၏ ဆဲဆိုခြင်း၊ အပြစ်တင်ခြင်းကိုလည်းကောင်း၊ မိမိ၏စိတ်ကို အစိုးမရသဖြင့် ထိန်းအုပ်သိမ်းချုပ်ခြင်းငှာ မတတ်နိုင်ကုန်သော ဥမ္မတ္တကဂုဏ်ထူးဘွဲ့ထူးဖြင့် ချီးကျူးအပ်ကုန်သောသူတို့၏ဆဲဆိုပြစ်တင်ခြင်းကိုလည်းကောင်း၊ အဘယ်မည်သောပညာရှင်သည် အရေးတယူပြုမူ၍ နေချိမ့်မည်နည်း။

ဤအတိုင်း သဘောကျပြီးဖြစ်သော ကျွန်ုပ်တို့သည် ခရစ်ဝါဒီတို့ရေးသမျှသားသမျှ အပြစ်ဆိုသမျှ စာတွေကို အထက်ပါအတိုင်း သဘောထား၍ ဖတ်ရှုခဲ့ကုန်၏။ သို့သော် ၎င်းခရစ်ဝါဒီ အယူမတူညီသူတို့ ဘာပဲရေးရေး မထောင်းတာ။

ခရစ်(ဝါ)ထာဝရကို ဗုဒ္ဓနှင့်နှိုင်းယှဉ်ခြင်းသည် ဗုဒ္ဓနှင့်ဗုဒ္ဓဘာသာဝင်တို့အား အကြီးဆုံး မတရားဆုံးသော စော်ကားချက်ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆခဲ့၏။ ဤအချက်၌ အမ်-အေ ၊ ဒီလစ်၊ ဒီ-ဂီ-အယ်လ်ဘွဲ့ထူးဂုဏ်ထူးဖြင့် ဧရာမပညာရှင်ကြီး ချီးကျူးအပ်သော ဆာမရီဆင်ဂိုးက ကျွန်ုပ်တို့၏ယူဆချက်ကို အခိုင်အမာထောက်ခံလေသည်။

မှန်လှ၏။ ၎င်းရေးသားသော (SPIRIT OF BUDDHISM) မည်သောစာအုပ်၌ **"ဗုဒ္ဓရှင်တော်ဘုရားကို ခရစ်နှင့် နှိုင်းယှဉ်ခြင်းထက် ပိုမို၍ ဗုဒ္ဓအရှင်အား မတော်မတရားစော်ကားခြင်း မရှိတော့ပြီ"**ဟု ရေးသားခဲ့လေပြီ။

ယခု ကျွန်ုပ်တို့၏အဖြေကိုရေးရခြင်းသည် တောင်းပန်သူ၏အလိုဆန္ဒ ပြည့်ဝစေရန်သာ ရည်ရွယ်သည်ဟု မှတ်ယူကြစေလိုကြောင်း၊ ထိုရွှေချိန်ခွင်စာပါအချက်တို့ကို မခံလိုသောကြောင့် နာကျည်းလှသောကြောင့် အရေးယူလိုလှသောကြောင့် ရေးသားသည်မဟုတ်ကြောင်း ထင်ရှားစွာမှတ်သားကြစေသတည်း။

ယခုအခါ ထိုစာအုပ်ငယ်ပါ စကားစုကို ရှင်းကြစို့။ ဗုဒ္ဓရှင်တော်ဘုရားနှင့်ထာဝရနှိုင်းယှဉ်ချက်ဖြစ်သော နံပါတ်(၁)ဖြင့် စကြကုန်စို့။ ထိုတွင် ထာဝရ၏အခြေသနစ်ဇစ်မြစ်ကို စိစစ်ဖို့လိုချေ၏။

ထာဝရကား ခရစ်ဝါဒ၏အုတ်မြစ်ဖြစ်၏။ မဏ္ဍိုင်ဖြစ်၏။ ရေသောက်မြစ်ဖြစ်၏။ အုတ်မြစ်ပြိုကွဲ မဏ္ဍိုင်လဲ၍ ရေသောက်မြစ် မမြဲခဲ့သော် ခရစ်ဝါဒတစ်ခုလုံးလဲ၍ ထင်းဖွဲဖြစ်ရမည်မှာ မြေလက်ခတ်မလွဲပင် ဖြစ်ချေသည်။

ထို့ကြောင့် ထာဝရသည် အစစ်အမှန် တကယ်ရှိခဲ့ဖူးသလော။ သို့မဟုတ် ရဟူဒီလူမျိုးတို့၏စိတ်ကူးမျှသာ ဖြစ်သလော-ဟူသော အစွန်းနှစ်ဖက်ကို ကျွန်ုပ်တို့ ပထမစဉ်းစားဖို့လိုချေသည်။

ထိုသည့် ထာဝရသည် အစစ်မဟုတ်။ အမှန်မဟုတ်။ တကယ်တည်ရှိ ဖြစ်ပေါ်ခဲ့ဖူးသည် မဟုတ်ဘဲ ဉာဏ်ပညာအမြော်အမြင်နည်းပါး ဆင်ခြင်တုံတရားမရှိသော ရဟူဒီတို့၏စိတ်ကူးဖြင့်ရော်ရမ်းသည့် မှန်းဆချက်သာဖြစ်ခဲ့သော် ခရစ်ရောခရစ်ဝါဒပါ တည်တံ့နိုင်တော့မည် မဟုတ်ချေ။

အကြောင်းကား- ထာဝရလည်း ခရစ်၊ ခရစ်လည်း ထာဝရ၊ ၎င်းတို့နှစ်ဦးပင် ဝိညာဉ်တော်ဖြစ်ခြင်းကြောင့်ဟူပေ။ ထိုသုံးပါးတစ်ဆူခေါ်ကြသော ခရစ်ဝါဒီတို့၏ဘုရားသုံးခုအနက် ရေသောက်မြစ်ဖြစ်သော ထာဝရဂုဏ်များကို သေချာစွာစစ်ဆေးခဲ့သော် တကယ်တည်ရှိခဲ့ဖူး၊ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိ၊ ရဟူဒီတို့၏စိတ်ကူးမျှသာ ဖြစ်ကြောင်း ထင်ရှားချိမ့်မည်နည်း။ သို့ထင်ရှားခဲ့သော် ထာဝရတည်းဟူသော ပင်ရင်းပြိုလဲတော့အံ့။ အရင်းလဲခဲ့သော် ခရစ်ဝါဒတည်းဟူသော အဖျားထင်းမဖြစ်ဘဲ အဘယ်မှာ ခံနိုင်ချိမ့်မည်နည်း။

ယခုခေတ်ရှိ စာဖြူ စာနီ အလီလီသော ခရစ်ဝါဒီတို့၏အလိုအတိုင်း ၎င်းတို့ရဲ့ထာဝရကို ဉာဏစက္ခုဖြင့် ကြည့်ရှုစစ်ဆေးကြစို့။

(၁) ထာဝရသည် ရူပကာယမရှိ၊ အလိုဆန္ဒ ဘာမျှမရှိ၊ အင်္ဂါခြေလက်မရှိ၊ ပကတိ နာမ်ဝိညာဉ်သက်သက်မျှသာ ဖြစ်၏။

(၂) ထာဝရသည် အနိစ္စ-ဓုဝ-သဿတ-အဝိနာသိ ဖြစ်၍မြဲ၏။ ဖောက်ပြန်ခြင်း မရှိ၊ ပကတိ အတိုင်းအမြဲတည်နေ၏။

(၃) ထာဝရသည် အနန္တဉာဏ်တော်နှင့်ပြည့်စုံ၏။ ၎င်း၏ဉာဏ်ပညာသည် ဆုတ်ယုတ်ခြင်း၊ တိုးတက်ခြင်းမရှိ။

(၄) ထာဝရသည် အနန္တတန်ခိုးတော်ရှင်ဖြစ်၏။ ကမ္ဘာလောကကို ဖန်ဆင်းသူဖြစ်၏။

ဤသည်တို့ကား ခရစ်ဝါဒီများ အမွှန်းတင်ကြသော ထာဝရ၏ဂုဏ်တို့ပေတည်း။

ထိုမည်သော ဂုဏ်တို့နှင့်ပြည့်စုံသော ဤမည်သောထာဝရသည် မည်သို့သောအရာနည်း။ တကယ်တည်တံ့ ဖြစ်ပေါ်ခဲ့ ဖူးမည်လော။ ဤခရစ်ဝါဒီတို့ တန်ဆာဆင်ထားသော ဂုဏ်များကို မှန်-မမှန် စစ်ဆေးကြစို့။ ရှုလော့၊ ကြည့်လော့၊ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ သေချာစွာဖတ်ရှုလော့။

E-book is created by www.shanyoma.org

(၁) သဘာ၀ဓမ္မဆိုင်ရာ ဝိညာဏကဝိဇ္ဇာအရ အသိဉာဏ်ပညာအလိမ္မာနှင့်ဆင်ခြင်ဉာဏ်တို့သည် ရုပ်ဖြစ်သော ဦးနှောက်နှင့်ယှဉ်တွဲပေါင်းမိသော် ပေါ်ပေါက်ကြောင်း ထင်ရှား၏။ မှန်လှ၏။ သင့်လျော်လျောက်ပတ်သော ရုပ်၊ ဦးနှောက်မရှိသောပုဂ္ဂိုလ်မှာ အသိအလိမ္မာ ဉာဏ်ပညာ မုချမရှိနိုင်ချေ။ ထိုဦးနှောက်အနည်းအများကိုလိုက်၍ အသိအလိမ္မာ ဉာဏ်ပညာ အနုအရင့် ဖြစ်ရ၏။ ထို့ကြောင့် ရုပ်၊ ဦးနှောက်မရှိသောနေရာ၌ အသိအလိမ္မာ ဉာဏ်ပညာ မရှိနိုင်ဟုဝိဇ္ဇာဆရာတို့ ဆုံးဖြတ်ကြကုန်၏။

ဤသို့ဖြစ်သော် ရူပက္ခန္ဓာမရှိ၊ ၎င်းမရှိ၍ ဦးနှောက်မရှိဘဲ အားလုံးသိတတ်သော ဉာဏ်ပညာနှင့်ပြည့်စုံသော ထာ၀ရ ရှိနိုင်ပါမည်လော။ မရှိနိုင်။ ထင်ရှားစေအံ့။

ရုပ်နှင့်၎င်း၏ဂုဏ်သတ္တိတို့သည် ကျွန်ုပ်တို့စိတ်၌ တသီးတခြားစီဟု ထင်မြင်ရစေကာ စင်စစ်မှာ ခွဲခြား၍မရနိုင် (ဝါ)မဖြစ်နိုင်သော အရာများဖြစ်ချေသည်။ ဥပမာ-မီးတည်းဟူသော ရုပ်နှင့်အပူတည်းဟူသော ၎င်း၏ဂုဏ်တို့သည် ကျွန်ုပ်တို့၏ စိတ်၌ ကွဲပြားခြားနားသည်ဟုထင်ရ၏။ တခြားစီဟု မှတ်ရ၏။ သို့သော် အပူကို မီးမှခွဲထုတ်ခြင်းငှာ မတတ်နိုင်။ ကျောက်ခဲတည်းဟူသောရုပ်၌ အမာခါတ်ဟူသော ဂုဏ်ရှိ၏။ အမာဂုဏ်ကို ကျောက်ခဲမှ ခွဲမထုတ်နိုင်ချေ။ ထို့အတူပင် ဦးနှောက်တည်းဟူသော ရုပ်နှင့်အသိတည်းဟူသော ၎င်း၏ဂုဏ်တို့ကား တသီးတခြားစီပင်ဟု ထင်မှတ်နေကြသော်လည်း စင်စစ်မှာ ခွာ၍ရစကောင်းသော သဘာ၀ဓမ္မများ မဟုတ်ကြချေ။

ထို့ကြောင့် ရုပ်မရှိ။ ပုံသဏ္ဌာန်မရှိ။ ခန္ဓာကိုယ်မရှိ။ ထို့ကြောင့်လည်း ဦးနှောက်မရှိ။ သို့ဦးနှောက်မရှိပါဘဲလျက် အသိဉာဏ်ရှိသည်ဟုဆိုအပ်သော ထာ၀ရသည် ခရစ်ဝါဒီတို့၏ထင်မြင်မှန်းဆချက် စိတ်ကူးမျှသာ ဖြစ်ချေသည်။ သဘာ၀ဓမ္မအားဖြင့် မုချတည်ရှိဖြစ်ပေါ်နိုင်သောအရာ မဟုတ်။ ဤကဲ့သို့သော ထာ၀ရသည် ဒဏ္ဍာရီဝတ္ထု၌သာလျှင် တည်ရှိနိုင်၏။

ဤသို့သော အကြောင်းများကြောင့် ခရစ်ဝါဒီတို့၏ထာ၀ရသည် တကယ်အစစ် ဖြစ်ပေါ်ခဲ့ဖူးသည်မဟုတ်။ ရဟူဒီတို့ ကြံစည်ရေးသားထားသော ဒဏ္ဍာရီကျမ်းပါ ယုံတမ်းစကားမျှသာဖြစ်ကြောင်း၊ သန္နိဋ္ဌာန်ကျကျ မှတ်ယူကြပါလေလော့။

(၂) အသိဉာဏ်ပညာရှိသော၊ အနန္တကရုဏာနှင့်ပြည့်စုံသော ထာ၀ရသည် မလှုပ်မယှက် ဘဲသစ်တုံးကဲ့သို့ နေသည်ဟု ယူဆရန်မဖြစ်နိုင်။ အသိဉာဏ်ရှိသည့်အတိုင်း တစ်စုံတစ်ခု ကြံစည်နေရမည်။ တစ်စုံတစ်ခု ပြုလုပ်နေရမည်။ သစ်တုံးကဲ့သို့နေမည်မဟုတ်ချေ။ ဤကား လွန်ဆန်၍မရသော ဓမ္မသဘာ၀တည်း။ ခရစ်ဝါဒီတို့၏ ဓမ္မဟောင်းကျမ်း၌ အမည်ပါထာ၀ရ၏ ကောင်း မကောင်းနှင့်သောင်းပြောင်းရောရာ မသမာသောအလုပ်များ၊ အကြံအစည်များကို ထင်ရှားစွာ တွေ့မြင်ရချေ၏။

ဤသို့ အမြဲမပြတ် ကြံစည်ခြင်း၊ လုပ်ကိုင်ခြင်းသည် အစဉ်ပြောင်းလဲခြင်းကို ဖြစ်စေ၏။ ရုပ်အားဖြင့်လည်းကောင်း နာမ်အားဖြင့်လည်းကောင်း၊ (ဝါ)ကာယကံအားဖြင့်လည်းကောင်း၊ မနောကံအားဖြင့်လည်းကောင်း တစ်စုံတစ်ခု ကြံစည်လှုပ်ရှားခြင်းဖြစ်ခဲ့သော် တစ်ခုခု၌ ပြောင်းလဲခြင်း ဖြစ်ရမည်မုချ။ ဤကား တိမ်းဖယ်ရှောင်လွှဲ၍မရသော ဓမ္မသဘာ၀နိယာမတည်း။

ချဲ့.ဦးစို့-ရူပဗေဒရုပ်ပိုင်းဆိုင်ရာ၌ ဓါတ်သဘာ၀တို့သည် အတိုးအဆုတ် ရှိကြကုန်၏။ ရုပ်တစ်ခု၌ အမာဓါတ်လွန်ခဲ့သော် အပျော့ဓါတ်နည်းပါးမြဲ ဓမ္မတာဖြစ်၏။ ထို့အတူ အပျော့ဓါတ်လွန်သော် အမာဓါတ်နည်း၏။ အပူလွန်သော် အအေးနည်း၏။ အအေးလွန်သော် အပူနည်းရစမြဲဖြစ်၏။ ၎င်းနည်းမသွေ နာမဗေဒဝိဇ္ဇာ၌ အကောင်းအဆိုးနှစ်မျိုးတို့သည် အတိုးအဆုတ်ရှိကြကုန်၏။ မေတ္တာတရားတိုးပွားများပြားနေသော် ဒေါသတရားခေါင်းပါး ယုတ်လျော့သွားချေမည်။ ဒေါသပွားသော် မေတ္တာရှား၏။ ကြွင်းကျန်သောတရားအားလုံးတို့၌လည်း ဤနည်းအတူပင်မှတ်လေ။

ယခုသော် ထာ၀ရဘက်သို့ လှည့်ကြစို့။

ထာ၀ရသည် တစ်ခါတစ်ရံ ဒေါသထွက်၏။

လူသတ္တဝါကို ကျိန်ဆဲ၏။

သိုးအို၊ ဆိတ်အိုတို့၏အသားဖြင့်ယစ်ပူဇော်သည့်အတွက် အမျက်ဒေါသ ထောင်းထောင်းထ၏။

အရက်ကြိုက်၏။

အသွေးအသား ကြိုက်၏။

ထိုအခါ ဒေါသပွား၊ ကောဓများသဖြင့် မေတ္တာခေါင်းပါးလေတော့၏။

ထာ၀ရသည် အမွှေးအကြိုင် အလွန်မက်မော၏။

သိုးကင် သားကင်ကို စွဲလမ်း၏။

ထိုသို့သော ထာ၀ရ၏စိတ်အစဉ်၌ လောဘတရား၊ တဏှာတရားတို့ တောထနေချေမည်။

E-book is created by www.shanyoma.org

ယင်းသို့ လောဘများခဲ့သော် အလောဘ ခေါင်းပါးမည် မုချပင်။

ဤသို့ အတိုးအဆုတ်ရှိခဲ့သော် ပြောင်းလဲခြင်းမရှိ။ ဖောက်ပြန်ခြင်းမရှိ။ နိစ္စထာဝရ အမြဲတည်သည်စသောထာဝရ၏ ဂုဏ်ပကာသနတို့သည် အကုန်ပြာကျ၍ သွားချေပြီမဟုတ်တုံလော။ မကြားဝံ့ မနာသာ၊ အသည်းယားစရာ၊ ကြောက်စရာ လန့်စရာ မသမာညစ်ကျူ ဒုစရိုက်အမှုတို့ကို အမြဲပြုနေသော သဝိညာဏကထာဝရသည် အထက်ဖော်ပြရာပါဂုဏ်တို့နှင့် မထိုက်တန်ချေတကား။

ထို့ကြောင့် ခရစ်တို့ရဲ့ထာဝရသည် ဘာကမှမဟုတ်ဘဲ လုပ်ကြံတီထွင်ထားသော သက်ပွမ္မှသာဖြစ်ကြောင်း ထင်ရှား ပြန်ချေသည်တမုံ့။

(၃) တဖန်တုံ- အကြင်တစ်စုံတစ်ယောက်သော သူ၏ဉာဏ်ပညာသည် အတိုးအဆုတ် ရှိခဲ့အံ့။ ထိုသူကို ပြည့်စုံသူ ဟူ၍မဆိုနိုင်။ ပြည့်စုံသူမှာ ထပ်၍တိုးရန်၊ ထည့်ရန်၊ ဖြည့်စွက်ရန် မရှိတော့ပြီ။ အနန္တအပရိမာဏ တန်ခိုးတော်နှင့်ပြည့်စုံ သည်ဟု မခေါ်ဆိုနိုင်တော့ပြီ။

ထာဝရသည် တစ်ခါတစ်ခါ ဒေါသထွက်၏။ တစ်ခါတစ်ရံ မေတ္တာသက်သယောင်ဖြစ်ပေါ်၏။ ပထမ အာဒံနှင့် ဧဝတို့ကို သက်သတ်လွတ်စားရန် အမိန့်ပေးခဲ့၏။ ကမ္ဘာဖန်ဆင်းပုံ အခြင်းအရာကို ကမ္ဘာဦးကျမ်း၌ ၂-ကြိမ် ပြောပြ၏။ သို့သော် တစ်ခုနှင့်တစ်ခု မတူချေ။

ဤအချက်များသည် ထာဝရ၌ အတိုးအဆုတ်ရှိကြောင်း၊ ထာဝရသည် ပြည့်စုံသူမဟုတ်ကြောင်း၊ အနန္တဉာဏ်နှင့် မပြည့်စုံကြောင်း၊ အနန္တတန်ခိုးတော်ရှင် မဟုတ်ကြောင်းကို လေးလေးနက်နက် ထောက်ခံချက်ပေးကြကုန်၏။

ထို့ကြောင့် လောဂျစ်နည်းအားဖြင့်လည်းကောင်း၊ ဆိုက်ကိုလိုဂျီနည်းအားဖြင့်လည်းသော်လည်းကောင်း စဉ်းစားခဲ့ သော် သဝိညာဏကဖြစ်သော၊ အမြဲလှုပ်ရှားသွားလာ၍နေသော၊ ရုပ်မရှိ နာမ်ဝိညာဏ်သက်သက်သာရသော၊ ပြည့်စုံသော အကုန်သိသော အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရသည် မုချမဖြစ်နိုင်သော အရာဖြစ်၏။ ပညာဉာဏ်မှေးမှိန် အဆင်ခြင် ခါးသိမ်သော ရဟူဒီလူမျိုးကြံစည်တီထွင်ခဲ့သော ဒဏ္ဍာရီဇာတ်လိုက်မျှသာ ဖြစ်ကြောင်း မှတ်ကြကုန်လော့။

(၄) ယခုခေတ်ပေါ် ဝိညာဏကဝိဇ္ဇာဆရာတို့ ရှာဖွေတွေ့ရှိသော ဒဗ္ဗဟူသော (MATTER) သတ္တိအရှိန်ဟူသော (FORCE) တို့ကို ထိန်းသိမ်းသိုမှီးရေးဆိုင်ရာဥပဒေအရ ထိုဒဗ္ဗနှင့်သတ္တိ(ဝါ)မဲ့တားနှင့်ဖို့စ်တို့သည် ဤကမ္ဘာလောကအတွင်း ၌အမြဲတည်ရှိနေခဲ့လေသည်။ ထိုပြင်နှစ်ခုတို့သည်အထက်၌ဖော်ပြခဲ့သော ရုပ်ဓါတ်နှင့်၎င်း၏ဂုဏ်တို့ကဲ့သို့ အစဉ်အမြဲတွဲ နေသောအရာတို့တည်း။

၎င်းတို့သည် သဘာဝဓမ္မဆိုင်ရာ၌လည်း မည်သည့်အခါမှ တစ်ခုစီခွဲခြား၍မတည်ကြကုန်။ အနာဒိ အနန္တကာလ မှစ၍ စုံတွဲတည်ရှိလာခဲ့ကြကုန်၏။ အနာဂတ်ကာလ၌လည်း အနန္တကာလတိုင်အောင် တည်ရှိကြကုန်လတ္တံ့။ ထို့ကြောင့် ဤဒဗ္ဗဟူသော ရုပ်ဓါတ်၊ သတ္တိဟူသော အားဓါတ်တို့ဖြင့်ပြီးသော ဤကမ္ဘာလောကကြီးသည်လည်း အနာဒိအနန္တပင်တည် ရှိခြင်း၊ ချုပ်ပျောက်ခြင်း ဖြစ်ရလေသည်။ ပုံသဏ္ဍာန်တစ်ခုမှ အခြားပုံသဏ္ဍာန်တစ်ခုသို့ ပြောင်းလဲခဲ့ရလေသည်။ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်စီးခြင်းတည်းဟူသော စက်ရဟတ်၌ လည်ပတ်နေကြရကုန်သည်။

ထို့ကြောင့် အစဉ်အမြဲ ဖောက်လွဲဖောက်ပြန်၊ ဖြစ်တုံပျက်တုံ ဖြစ်နေသော အနာဒိအနန္တဖြစ်သောစကြဝဠာ ကမ္ဘာ လောကအတွင်း၌ နိရာကာရသုညတံထုံး ဆိတ်သုဉ်း၍ လုံးလုံးဘာမျှ မရှိရာမှ၊ ခဏရုတ်ချင်း၊ ရှိရှိသမျှ၊ မြင်မြင်သမျှ၊ လူသတ္တဝါ၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ နေ၊ လ နက္ခတ်တာရာတို့ကို ဖန်ဆင်းနိုင်သောထာဝရသည် တည်ရှိနိုင်ဦး မည်လော။ ဘယ်တော့မှ မရှိနိုင်။ သို့မဟုတ် အနာဒိအနန္တကာလမှစ၍ အမြဲထာဝရဒွန်တွဲလာခဲ့သော ရုပ်ဓါတ် ၊ နာမ်ဓါတ်ကို အတူယှဉ်တွဲ ပေါင်းဆုံ၍ပေးနိုင်သော ထာဝရလည်း ရှိနိုင်ပါဦးမည်လော။ ဧကန္တ မရှိနိုင်တော့ချေ။

ထို့ကြောင့် ခရစ်ဝါဒီတို့ရဲ့ထာဝရသည် စိတ်ကူး၌သာ တည်ရှိနိုင်သောအရာအစစ် ဖြစ်ချေပြီ။ ထို့ကြောင့် အနာဒိ အနန္တအစမထင် အဆုံးမမြင်သော ဤကမ္ဘာလောကဓါတ်ကို ဖန်ဆင်းသူ(ဝါ)ပြုပြင်သူရှိသည်ဟူသော ခရစ်ဝါဒီတို့၏ထင်မြင် ယူဆချက်သည် အခြေအမြစ် လုံးဝမရှိသောဝါဒသာ ဖြစ်ချေ၏။

အကြောင်းကား စကြဝဠာ ကမ္ဘာလောကဓါတ်ကို ဖန်ဆင်းသည်(ဝါ)ပြုလုပ်သည်ဟူသော စကားသည် သို့ကလို မဖန်ဆင်းမီအခါက ထိုသို့ရုပ်ဓါတ်၊ အားဓါတ်၊ နာမ်ဓါတ်တို့ဖြင့်ပြီးသော ဤကမ္ဘာလောကကြီး မရှိခဲ့သေးခဲ့။ တည်ရှိလတ္တံ့ ဖြစ်ချေ၏။ Corollary သတ္တိ သို့မဟုတ် အားဓါတ်သည် လှုပ်ရှားခြင်းကို ဖြစ်စေ၏။ ထိုလှုပ်ရှားခြင်းသည် ဒဗ္ဗဟူသော ရုပ်ဓါတ်ကို ပြောင်းလဲစေရုံမျှမက ထိုသတ္တိကိုပင် အသွင်အပြင်ပုံသဏ္ဍာန် ပြောင်းလဲစေလေသည်။

ထိုဒဗ္ဗသတ္တိတို့၏ပုံအသွင် ပြောင်းလဲမှုကြောင့် နေ၊ လ၊ နက္ခတ်တာရာ၊ မြေကြီး၊ လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ တောတောင်၊

E-book is created by www.shanyoma.org

သမုဒ္ဒရာ၊ ဓါတ်သတ္တုဟူသော ကမ္ဘာလောကအတွင်း ရှိရှိသမျှသဝိညာဏက၊ အဝိညာဏကတို့မဖြစ်ပေါ်ခဲ့သေး။ မဖြစ်ထွန်းခဲ့သေးဟူသော အဓိပ္ပါယ်ပေါ်ထွက်သောကြောင့်ဟူလို။ သို့ပေါ်ထွက်သောအဓိပ္ပါယ်သည် ရုပ်ဓါတ်၊ နာမ်ဓါတ်၊ ဒဗ္ဗနှင့်သတ္တိတို့ အနာဒိအနန္တဖြစ်သည်ဟူသောအချက်နှင့်လည်း ဆန့်ကျင်သောကြောင့်ဟူလို။

ဤသို့အထက်၌ ဖော်ပြခဲ့သော ဝိညာဏကဝိဇ္ဇာလောကဓါတ်ဆိုင်ရာ ယုတ္တိယုတ္တာတို့အရ ခရစ်ဝါဒီတို့၏သာကာရ ထာဝရသည် ကြီးကျယ်ဖွံ့ထွားသော ဒဏ္ဍာရီဇာတ်လိုက်မှတစ်ပါး အခြားထင်ရှားရှိသူ မဟုတ်နိုင်ကြောင်း မှတ်သားကြစေ ခလို။

**ကျွန်ုပ်တို့၏ဂေါတမဗုဒ္ဓမူကား မျိုးနှင့်ရိုးနှင့်အမည်နှင့်၊ အရည်နှင့်၊ ကျင့်ပုံကြံပုံနှင့်၊ ဘုရားဖြစ်ပုံ၊ တရားဟောပုံနှင့်သေချာမုချ တကယ်ဖြစ်ပေါ်ခဲ့ဖူးကြောင်း ထင်ရှား၏။** သို့တကယ်ဖြစ်ပေါ်ခဲ့ဘူးသည်ကို ကျွန်ုပ်တို့၏ရွှေချိန်ခွင်ဆရာကပင် အတိအလင်းဝန်ခံခဲ့သည်ဖြစ်သောကြောင့် ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့က အကျယ်တဝင့်ဖွင့်စရာမလိုတော့ပြီ။

ဤသို့ဖြစ်ခဲ့သော် ရွှေချိန်ခွင်စာဆရာနှင့်တကွ အားလုံးသောခရစ်ဝါဒီတို့သည် ထင်ရှားမရှိသော (ဝါ) ဘယ်အခါကာလ၌မျှ မဖြစ်ပေါ်ခဲ့ဘူးသော(ဝါ)ဒဏ္ဍာရီဇာတ်လိုက်မျှသာဖြစ်သော ထာဝရကို ကျွန်ုပ်တို့၏ထင်ရှားဖြစ်ပေါ်ခဲ့ဖူးသော ဂေါတမရှင်တော်ဘုရားနှင့်နှိုင်းယှဉ်ရန် အားထုတ်ကြလေသည်။

သို့နှိုင်းယှဉ်ခြင်းသည် တကယ်မရှိသော(ဝါ)စိတ်ကူးမှုဖြစ်သော ငွေဒင်္ဂါးကို ဝင်းဝင်းပြက်ပြက်လက်ပေါ်မှာ အရောင်လက်နေသော တကယ့်ရွှေဒင်္ဂါးနှင့်ပြိုင်သလိုရှိချေ၏။ ယမနေသားဖြင့်ထုလုပ်ထားသော သစ်သားရုပ်ကို တကယ့်လူသားနှင့်ပြိုင်သလို ရှိချေ၏။ ဤနေရာ၌ ကျွန်ုပ်တို့သည်”ဂျပ်ကောင်နှင့်”အစချီသော စလေဆရာကြီးဦးပုည၏တေးထပ်ကိုသတိရ၏။ သို့သော် အထက်ပါနှင့်ပင် လုံလောက်ပြီဖြစ်၍ မထည့်လိုက်တော့ပြီ။

သို့သော် ရွှေချိန်ခွင်ဆရာ စိတ်မပျက်ပါနှင့်ဦး၊ အသင် ခရစ်ဝါဒီတို့ရဲ့ထာဝရကို စကားအဖြစ်တကယ်ရှိခဲ့ဖူးတယ်။ ဖြစ်ခဲ့ဖူးတယ်ပဲ ထားကြပါဦးစို့။ သို့ထားကြည့်ခဲ့သော်-

အသင်တို့၏ထာဝရသည် ဘယ်လိုအစားထဲကနည်း။

အားထားစရာလော၊ ကရုဏာရှင်လော။

လူကောင်းလော၊ လူဆိုးလော။

ချစ်စရာလော၊ ကြောက်စရာလော။

ဤသို့သော မေးခွန်းများကို မေးကြည့်ရချေမည်။ သို့မေးကြည့်ခဲ့သော် အဘယ်ကဲ့သို့သော အဖြေမျိုးကိုရမည်နည်း။ ထိုအမေးများကို ကျွန်ုပ်တို့ကိုယ်တိုင် မဖြေလို။ အနောက်တိုင်းသား ခရစ်ဝါဒီများက ကျွန်ုပ်တို့ကိုယ်စားဖြေဆိုအံ့။

အိပ်ချ်-ဂျီ-ဝါလ်စ်မည်သော ရာဇဝင်ဆရာကြီး၏အဖြေကို ပထမကြည့်ကြစို့။

“အနန္တတန်ခိုးတော်ရှင် ထာဝရသည် တကယ်ထင်ရှားရှိ၍ ဤကမ္ဘာလောကအတွင်း၌ တိုက်ခိုက်နေကြသော စစ်ပွဲများ၊ သေကြေပျက်စီးခြင်းများ၊ စစ်နှင့်ပတ်သက်သော ကြောက်လန့်ဖွယ်များကို တားဆီးခြင်းငှာ တတ်နိုင်သော သတ္တိရှိပါလျက်နှင့် တမင်ဇိမ်ခံပြီးကြည့်နေခဲ့သည်ဆိုလျှင် ကျွန်ုပ်သည် ထိုထာဝရ၏အဖုံးအကာမရှိသော မျက်နှာကို တံတွေးနှင့် ထွေးမည်အမှန်ဖြစ်သတည်း။

(MR.BRITTLING SEES IT THROUGH)

အမေရိကတိုက်မှ ယူနစ်တာရီယံ ခရစ်ယာန်ဓမ္မဆရာသီအိုဒိုပါကား၏စကားကို နားထောင်ကြည့်ဦးစို့-

ထာဝရသည် ခဏခဏ စိတ်ပြောင်းလဲတတ်၏။ လက်စားချေတတ်၏။ အလွန်အကြူးဒေါသကြီး၏။ ထာဝရသည် အမျက်ဒေါသထွက်လွယ်၏။ အဆမတန် ရက်စက်ကြမ်းကြုတ်၏။ မိမိအချစ်တော် ရဟူဒီလူမျိုးတို့ကိုပင် တစ်ခါတစ်ရံ စိတ်ဆိုး၏။ တစ်နေ့သော် ထာဝရသည် (လူအပေါင်းတို့၏ဦးခေါင်းကို ဖြတ်၍ ငါထာဝရအား ပူဇော်လော့)ဟု မောရှေအား ပြောသတတ်။ ထို့နောက် ခရစ်ယာန်ပါဒရီဒီးန်အင်းဂျိတ် ရေးသားချက်ကို ဆက်လက်နာခံပါဦး။

“ကမ္ဘာမြေပြင်၌ လူသတ္တဝါနှင့်ထာဝရ၏ဆက်ဆံပုံသည် ယခုကျွန်ုပ်တို့ တွေ့မြင်ရသမျှသာ အကုန်ဖြစ်ခဲ့လျှင်၊ ထိုထာဝရသည် မိမိ၏လုပ်ငန်း၌ ဖြောင့်မှန်ခြင်း၊ ရိုးသားခြင်းတရားတို့ကိုများစွာ အလေးမပြုကြောင်း ထင်ရှားချေ၏။”

(THE FAITH AND THE WAR)

တစ်ဖန် အီဆာဘနိမည်သော စာရေးဆရာကြီး သို့မဟုတ် အဘိဓမ္မာဆရာကြီး၏စကားကို နာကြားကြဦးစို့။

“သင်တို့(ခရစ်ဝါဒီများကိုဆိုလိုသည်)ပြောဆိုသောအရာဟူသမျှကို ချွင်းချက်ကလေးတစ်ခုထားပြီး ကျွန်ုပ်အားလုံး

E-book is created by ***www.shanyoma.org***

သဘောတူပါ၏။ ထိုချွင်းချက်ကား သင်တို့၏ထာဝရသည် ကျွန်ုပ်၏မာရ်နတ် ဖြစ်သတည်း။"

ထာဝရနှင့်ပတ်သက်၍ ခရစ်ဝါဒီအနောက်တိုင်းသားတို့ ရေးသားပြောဆိုချက်ကို အထောက်အထားများ ကိုးကား ဖော်ပြနိုင်စေကာမူ ရှည်လျားမည့်ဘေးကို တွေးပြီး ဤမျှပင် ကိုးကားထည့်လိုက်၏။

ခရစ်ဝါဒီအယူညီသူ(ဝါ)ထာဝရကို ကိုးကားသူတို့ကပင် သို့ကလောက် အမွှန်းတင်ခြင်း၊ ဂုဏ်တင်ခြင်းကိုခံရသော ထာဝရသည် တကယ်ကောင်းမြတ်သောသူ ဟုတ်နိုင်တော့မည်လော၊ တကယ်ဇကန် မဟုတ်နိုင်တာမှန်။ ထို့ကြောင့် တကယ်ပဲ တည်ထွန်းဖြစ်ပေါ်ခဲ့ဖူးသည် ထားဦးတော့၊ ထိုသည့်ထာဝရသည် လူသတ္တဝါတို့၏ကြည်ညိုခြင်း၊ ကိုးကွယ်ခြင်း၊ ဆည်းကပ် ပူဇော်ခြင်းစသည်တို့ကို ခံယူထိုက်သောသူ မဟုတ်နိုင်တော့ပြီ။

ဤသို့သော အကြောင်းတို့ကြောင့်-

- ➢ တကယ်တိတိ ဖြစ်ပေါ်ခဲ့ခြင်း မရှိထသော(ဝါ)
- ➢ ဖြစ်ပေါ်ခဲ့စေကာ အလွန်သိမ်ဖျင်းယုတ်ညံ့သော အကျင့်စာရိတ္တရှိထသော(ဝါ)
- ➢ အရက်သေစာကို အမြဲသောက်သုံးမှိုဝဲ၍၊ ချိုးကင်၊ သိုးကင်၊ နွားကင်တို့ကိုတွင်တွင်ကြီးကြိုက်တော်မူထသော(ဝါ)
- ➢ ချိုးငှက်နှင့်ပင်ကျရေအရက်ကို မရခဲ့သော် အလွန်အကြူး အထူးဒေါပွ အမျက်တော်ရှလေ့ရှိထသော(ဝါ)
- ➢ သဘောမကျ၍ ဒေါထသောအခါ ကြီးစွာသောကောဖြင့် တားမရ၊ ဆီးမရ ကျိန်ဆဲတတ်တဲ့အလေ့ဝသီရှိထသော(ဝါ)
- ➢ သတ်ရေး ဖြတ်ရေး တိုက်ခိုက်ရေးတို့ကိုသာ အမြဲအားပေးလေ့ရှိထသော (ဝါ)
- ➢ မဟုတ်မမှန် ပညာရှိသတ္တဝါတို့ အောဂလီဆန်ဖွယ်ရာတရားတို့ကို ဟောကြားခဲ့ထသော(ဝါ)
- ➢ ကြောက်ခမန်း လန့်ခမန်း ၊ မေတ္တာဓါတ်အနည်းငယ်ရှိသူတို့ပင် ကြက်သီးဖျန်းဖွယ်ရာအပြစ်အာဒီနဝတို့ကိုကျူးလွန်ခဲ့ထ သော(ဝါ)
- ➢ လူသတ္တဝါတို့ ဉာဏ်ပညာပွင့်လင်း၍ အကျိုးအကြောင်း ဆိုးကောင်းသိမြင်မည်ကို အစဉ်စိုးရိမ်သော(ဝါ)သို့စိုးရိမ်သဖြင့်

ဉာဏ်ပညာအလင်းရောင်၏ရန်သူဖြစ်ထသော ထိုထာဝရကို-

လွန်ခဲ့သော ၂၅၆၁-နှစ်ခန့်အခါ၌ သုဒ္ဓေါဒနမင်းတရားနှင့်မာယာဒေဝီမိဖုရားတို့မှ သားတော်သိဒ္ဓတ္ထကုမာရ မင်းသား လုမ္ဗိနီဥယျာဉ်၌ မွေးတော်မူခဲ့ကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် စိုက်ထူခဲ့သော သီရိဓမ္မာသောကမင်းတရားကြီး ၏ကမ္ပည်းကျောက်စာအရလည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ ရှေးရာဇဝင်မှတ်တမ်းတို့အရလည်းကောင်း၊

- ♦ တကယ်ဖြစ်ထွန်းခဲ့ရသော(ဝါ)
- ♦ အခြားသော ဘာသာရှင်တို့နှင့်မတူ အလွန်မြင့်မြတ် စင်ကြယ်သောအကျင့်စာရိတ္တရှိတော်မူထသော(ဝါ)
- ♦ အရက်သေစာ မူးယစ်စေတတ်သော အရာတို့ကို ကိုယ်တော်တိုင်လည်း မသုံး၊ တပည့်များ နောက်လိုက်ငယ်သားတို့ မသုံးရန်ကိုလည်း တားမြစ်တော်မူခဲ့ထသော(ဝါ)
- ♦ ပါဏာတိပါတာ သူ့အသက်သတ်ခြင်း၏ အပြစ်အာဒီနဝကို ဟောပြတော်မူ၍ ဇီဝဟိံသာ-ဇီဝတတျာ၊ အသက်သတ်ခြင်း ညှဉ်းဆဲခြင်းကို တားမြစ်တော်မူခဲ့ထသော(ဝါ)
- ♦ အမျက်ဒေါသ ကောဓ မိုက်မှား၊ လူ့အောက်တန်းစားတို့၏လက်သုံးဖြစ်သော တရားများကို အမြစ်ပါမကျန် အကုန်လုံး ပယ်လှန် ခုတ်ဖြတ်တော်မူပြီးဖြစ်သဖြင့်
- ♦ အမျက်ထွက်ခြင်း၊ ဒေါပွခြင်း မရှိ၊ မေတ္တာဓါတ်ဖြင့် ပြည့်ဝသောနှလုံးရှိတော်မူထသော(ဝါ)
- ♦ သက်ရှိသက်မဲ့ဟူသမျှတို့ကို ကျိန်ဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းအမှု ဘယ်အခါမှမပြုခဲ့ထသော(ဝါ)
- ♦ သတ်ရေး၊ ဖြတ်ရေး၊ တိုက်ခိုက်ရေးတို့ကို အတ္တာနံ ဥပမံ ကတွာ နဟနေယျ - နဃာ တယေ မိမိကိုယ်ကို ဥပမာပြု၍ သူတစ်ပါးတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်း မပြုရာဟု ဟောပြ၍ အားပေးခြင်းမပြုခဲ့ထသော(ဝါ)
- ♦ မကောင်းညစ်ကြူ ဣဿာမစ္ဆေရိယစသောပါပဓမ္မအစုတို့မှ အမြဲဝေးကွာတော်မူခဲ့ထသော(ဝါ)
- ♦ အကျိုးအကြောင်းဆက်၍ ယုတ္တိသာဓကရှိသောတရား၊
- ♦ လူသတ္တဝါတို့အား အကြောင်းအကျိုးရစေသော တရားတို့ကိုသာ ဟောတော်မူခဲ့ထသော(ဝါ)
- ♦ ချစ်သားတို့၊ အသင်တို့သည် အလင်းမှလာ၍ အလင်းသို့ ရောက်ကြကုန်လော့ဟု ဟောတော်မူသည်ကို ထောက်သဖြင့်

လူသတ္တဝါအပေါင်းကို အမှောင်ဘေးမှကာကွယ်၍ အလင်းရောင်အောက်သို့ရောက်အောင် ဖေးမကယ်တင်သော ပုဂ္ဂိုလ်ထူးဖြစ်ခဲ့ထသော ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓနှင့်နှိုင်းယှဉ်ခြင်းသည် သူတောင်းစား၏တဲစုတ်ကို ရှင်ဘုရင်၏နန်းတော်နှင့် နှိုင်းယှဉ်သကဲ့သို့ ရှိချေ၏။ အုန်းမှုတ်နှင့်ရွှေဖလားယှဉ်ပြိုင်ထားသလို ရှိချေ၏။

ဤမျှသော စကားအစဉ်ဖြင့် ခရစ်ဝါဒီတို့ သဲသဲမဲမဲစွဲစွဲမြဲမြဲ ယုံကြည်လာခဲ့ကြသောထာဝရသည် အစစ်အမှန်မဟုတ် တကယ်ဖြစ်ခဲ့ဖူးသည်မဟုတ်။ ဧကန္တ ပေါ်ပေါက်ခဲ့ဖူးသည်မဟုတ်။ စင်စစ်ကား ရဟူဒီလူမျိုးတို့၏စိတ်ကူးသက်ပွမျှဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။ ထိုမျှမက ထိုသည့်ထာဝရသည် သက်ပွမဟုတ်ဘဲ တကယ်ဖြစ်ပေါ်ခဲ့ဖူးသည်ပင် ထားဦး။ ၎င်းတို့သည် လူသတ္တဝါတို့၏ရှိသေခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးပူဇော်ခြင်းတို့ကိုခံယူထိုက်သော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသူပင် မဟုတ်ကြောင်းလည်း "လေ့နောက်လှိုင်းပါ" ဖြစ်ခဲ့လေပြီ။

ဤမျှနှင့်ပင် ရွှေချိန်ခွင်စာဆရာ၏နှိုင်းယှဉ်ချက်တို့သည် တစ်ခုမကျန် ပြိုပျက်ခဲ့လေပြီ။ သို့သော် အများသော မွန်၊ မြန်မာတိုင်းရင်းသားတို့အပါး ဝဝနားလည်သဘောကျစေရန်အလို့ငှာ ထိုချိန်ခွင်စာဆရာ၏အရေးကြီးသော နှိုင်းယှဉ်ချက်တို့ကို ကွက်ကွက်ကွင်းကွင်း လယ်ပြင်မှာ ဆင်ဆင်းသလို ဖြစ်စေရန် ရှင်းလင်းဖော်ပြချေမှ ဖျက်ဖြုန်းမှုန်း၍ ပစ်ဦး အံ့ဟူလို။

ရွှေချိန်ခွင်စာဆရာသည် ထိုစာအုပ်ငယ် စာမျက်နှာ(၄)၌

**"အနှစ်လေးဆယ့်ငါးနှစ်သာ ဘုရားအဖြစ်၌တည်သော ရှင်ဂေါတမကား မြတ်သလား။ သို့မဟုတ် အစ မထင် အဆုံးမရှိ ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး ဘုရားဇာတိအဖြစ်နှင့် ပြည့်စုံတော်မူသော ထာဝရ ဘုရားကား မြတ်သလား"** ဟု ပထမဆုံး နှိုင်းယှဉ်ချက် မေးခွန်း(၂)ခုကို မေးရှာ၏။ ကျွန်ုပ်တို့၏အဖြေကား-

အနှစ်လေးဆယ်ငါးတိုင်တိုင် ဘုရားအဖြစ်၌ တည်တော်မူခဲ့သော ဂေါတမဗုဒ္ဓသည် အသင်ခရစ်ဝင်တို့၏ထာဝရ ထက် အဆပေါင်း မရေသာအောင် ပို၍မြတ်သတည်း။

အဘယ်ကြောင့်ဆိုသော် ခရစ်ဝါဒီတို့၏ ထာဝရဘုရားဖြစ်ဖို့ နေနေသာသာ ပုထုဇဉ်ပင် ဘယ်အခါမျှ မဖြစ်ခဲ့ဘူး။ အနန္တကာလပတ်လုံး တည်ရှိဖို့နေနေသာသာ ဤကမ္ဘာလောကအတွင်း၌၁-စက္ကန့် ၊ ၁-ဗီဇနာမျှမတည်ရှိခဲ့ဖူးသောကြောင့်ဟူ လို။ ၎င်းထာဝရ သက်ပွမျှဖြစ်ကြောင်းကိုအထက်က ရေးခဲ့ပြီ။

ဒုတိယနှိုင်းယှဉ်ချက်လည်း ပထမနှင့်ထူးမခြားနား ဖြစ်၏။ ဂေါတမဗုဒ္ဓသည် အသင်ရွှေချိန်ခွင်စာဆရာရေးပြတဲ့ အတိုင်းပင် ဖြစ်ခဲ့ဖူး၏။ သံသရာကျင်လည်ခဲ့ဖူး၏။ ဒုက္ကရစရိယာကျင့်ခဲ့ဖူး၏ဟု ကျွန်ုပ်တို့ ဝန်ခံ၏။ ဤနေရာ၌ အသင်ရွှေချိန် ခွင်စာဆရာသည် "ဝဋ်ကြီးဆယ့်ခြောက်ပါးကိုခံရသော"ဟု ရေးသား၏ ကျွန်ုပ်တို့သည် ဤသို့မရေမရာ မသေမချာ ဖြန်းကာ သန်းကာ အရမ်းကာရော တောတိုးဆင်ကန်း အသင်ရေးသားခဲ့သည်ကို တွေ့မြင်ဖတ်ရှုသဖြင့် အသင်သည်ခရစ်ဝါဒကိုလည်း သဘောမကျ ဂေါတမဗုဒ္ဓ၏ဗုဒ္ဓဘာသာကိုလည်း နားမလည်ဟု အထက်၌ရေးခဲ့ပြီ။

ဤဒုတိယမေးခွန်းလည်း ဂေါတမဗုဒ္ဓသာလျှင် မုချဧကန်မြင့်မြတ်ရိုးအမှန်ဟု ကျွန်ုပ်တို့ဖြေဆို၏။ အဘယ်ကြောင့်- ဗုဒ္ဓရှင်တော်ဘုရား၏အဖြစ်အပျက်တော်သည်သာလျှင် လောကဓါတ်ဆရာကြီးတို့၏ (Evolution) တစ်ဆင့်ထက်တစ်ဆင့် မြင့်၍ တိုးတက်၍နေခြင်းဟူသော အယူဝါဒနှင့်တူမျှသောကြောင့်လည်းကောင်း၊ သဘာဝဓမ္မနိယာမထုံးတမ်းနှင့် ကိုက်ညီ သောကြောင့်လည်းကောင်းဟူပေ။ ထင်ရှားစေဦးအံ့။

ဗုဒ္ဓရှင်တော်ဘုရား၏အလောင်းအလျာသည် သံသရာ၌ ကျင်လည်၍ ဘုရားအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဗောဓိသမ္ဘာရအဆောက်အအုံတို့ကို ပြုစုပျိုးထောင်ခဲ့၏။ ဤသို့ပြုစုပျိုးထောင်သောကြောင့် နောက်ဆုံး၌ လူသတ္တဝါတို့၏ အထွတ်အထိပ်ဖြစ်သော သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်တော်မူခဲ့လေသည်။ ဤသို့ဖြစ်ခြင်းကား နိယာမဓမ္မအားလျော်စွာ ဖြစ်ခြင်းတည်း။

ယခုမျက်မြင်လောက အဖြစ်အပျက်သဘာဝဓမ္မကို ရှုဦးလော့။ သူငယ်တစ်ယောက်သည် ပထမဆုံး မူလတန်း ကျောင်းသို့ သွား၍ က-ခ သို့မဟုတ် အေ-ဘီ-စီ စသည်တို့ကို နှေးကွေးစွာ သင်ကြားရ၏။

ထို့နောက် အလယ်တန်းကျောင်းသို့ ပြောင်းပြီးသော် အလယ်တန်းပညာကို သင်ရပြန်၏။ ၎င်းနောက် အထက်သို့ ရောက်ပြန်သော် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ရပြန်သည်။

အထက်တန်းအောင်မြင်ခဲ့သော် ကောလိပ်ကျောင်း၊ ယူနီဗာစီတီကျောင်းတို့သို့ ပြောင်း၍ဆက်လက်သင်ကြားရပြန် လေသည်။ ထိုသည့်သိပ္ပံကျောင်းတို့၌ရရှိအပ်သော သိပ္ပံဝိဇ္ဇာစသော ဒီဂရီဂုဏ်ထူး ဘွဲ့ထူးအညွန့်အဖူးတွေကို အကုန်ရရှိထွက် လာသောအခါ ထိုသူကို ဇရာမပညာရှိပါမောက္ခဆရာကြီးဟုခေါ်လေသည်။

မည်သည့်ကျောင်း၌မျှ မနေဘူးဘဲ အတတ်ပညာ အဖြာဖြာတို့ကို ပရိစယပြုလုပ်၍ မဆည်းပူးခဲ့ဘဲ ယခု မျက်မြင် လောက၌ ပညာရှိမဖြစ်နိုင်။ သိပ္ပံ-ဝိဇ္ဇာစသော ဒီဂရီဘွဲ့ထူးတို့ကို မရနိုင်ချေ။ တကယ်တစေ ရရှိသည်ဆိုပချေသော် ထိုသူသည် လူညာ လူဝါ လူဗလချာသာ ဖြစ်ချေမည်။

လူသတ္တဝါသည် တဖြည်းဖြည်း ငယ်ရာမှ ကြီးလာရ၏။ ဉာဏ်ပညာလည်း နုရာမှ တဖြည်းဖြည်းတစ်စစ တိုးပွား ကြီးရင့်၍လာရ၏။ အဓိပ္ပါယ်ကား- လူငယ်သည် လူကြီးဖြစ်လာနိုင်၏။ ပညာနုသူသည် ဇရာမပညာရှင်ကြီး ဖြစ်လာနိုင်၏ဟု



E-book is created by www.shanyoma.org

E-book is created by ***www.shanyoma.org***

ဆိုလို၏။ ဤကားဓမ္မတာနိယာမ၊ ငြင်းချက်ထုတ်၍မရသောအရာတည်း။ ထို့ပြင် လူသတ္တဝါသည် တဖြည်းဖြည်း တိုးတက်နေ၏။ ဤကားဝိဇ္ဇာဆရာတို့၏အလိုတည်း။

မှန်လှ၏။ ဤသို့တိုးတက်နေခြင်းဖြင့် လူသတ္တဝါသည် နောက်သို့ဆုတ်ရိုးမရှိ ရှေ့သို့အမြဲတိုးတက်၍နေ၏။ ဤသို့ တိုးတက်နေခြင်းဖြင့် လူသတ္တဝါသည် လူတို့၏ အထွတ်အထိပ် ဖြစ်သောဘုရားအဖြစ်သို့ရောက်နိုင်၏။ ဤသို့ဖြစ်ခြင်းကား လောကအစဉ်အလာ ကမ္မာ့နိယာမဓမ္မတာအတိုင်းပင်တည်း။ ၎င်းနှင့်ဆန့်ကျင်သောအရာသည် မုသာဝါဒလိမ်လည်ကြံဆ သက်ပွမျှသာဖြစ်ချေသည်။

ထို့ကြောင့် ပုထုဇဉ်ဘဝမှ ဘုရားအဖြစ်သို့ရောက်သော(ဝါ)လူက ဘုရားဖြစ်သော ဂေါတမဗုဒ္ဓသည် ကမ္မာ့နိယာမ ဖြစ်ရိုးဖြစ်စဉ် အားလျော်စွာ ဖြစ်လာသော ဘုရားအစစ်ဖြစ်သတည်း။

ထာဝရကား တစ်ခါမျှ ကျောင်းမနေဘူးဘဲနှင့် အမ်-အေ၊ ဒီလစ် စသော ဒီဂရီဘွဲ့ထူးကိုရရှိသောသူနှင့်တူလှ၏။ မှန်စွ။ လောက၌ ပရိစယပြုမှု၊ လုံ့လပြုမှု၊ အားထုတ်မှုသည် အရေးကြီးလှ၏။ ထိုသို့အားထုတ်မှု ပရိစယတို့ကို ပြုလုပ်မှသာ လျှင် ကိုယ်အား၊ ဉာဏ်အားထွားကျိုင်းဖွံ့ဖြိုး အခြေအနေတစ်မျိုး တိုးတက်ကြီးမားလာနိုင်ချေသည်။ လှေကားကို တက် ရာ(ဝါ)တောင်ကို တက်ရာ၌ တစ်ထစ်တစ်ထစ်(ဝါ)တစ်ဆင့်တစ်ဆင့်မတက်ဘဲ တစ်ခါတည်း အထက်ဆုံးထစ် (ဝါ) တောင် ထွတ် တောင်ထိပ်သို့ မရောက်နိုင်။

သို့သော် ခရစ်ဝါဒီတို့၏ထာဝရကား ဤသို့မဟုတ်ချေ။ **ဘုရားဖြစ်ရခြင်း၏အကြောင်း ပရိကမ်တို့ကို ဘာတစ်ခုမျှ မပြုလုပ်ဘဲ ဘွားခနဲပြူးခနဲ ဘုရားဖြစ်လာချေသည်တကား။ လူစင်စစ်က ဘုရားဖြစ်ခြင်း (ဝါ) ကျောက်တုံး ကျောက်ခဲ ပကတိက ရွှေအစစ်ဖြစ်ခြင်း(ဝါ)ဖန်ကျိုးမှန်ကွဲက စိန်တုံးစိန်ခဲ ကျောက်မျက်ရွှဲဖြစ်ခြင်းတို့သည် လက် ဖျစ်တီး၍ အံ့ချီးဖွယ်တို့တည်း။**

သို့သော် လူက လူဖြစ်၊ ကျောက်ခဲက ကျောက်ခဲဖြစ်၊ ရွှေက ရွှေဖြစ်၊ ဖလ်ကဖလ်ဖြစ်၊ စိန်က စိန်ဖြစ် ဆိုသောစကား တို့သည် အံ့ဖွယ်မဟုတ် ရယ်စရာသာဖြစ်၏။ ထို့အတူ ဘုရားက ဘုရားဖြစ်သည်ဟူသောစကားလည်း ရယ်စရာပင်တည်း။ ထာဝရသည် တစ်ခါတစ်ရံ ပုထုဇဉ်မဖြစ် ဒုစရိုက်မပြုဟု ရွှေချိန်ခွင်ဆရာဆို၏။ ပုထုဇဉ်နေနေသာသာ အဟိတ်သတ္တဝါပင် တစ်ခါမျှမဖြစ်ဘူးသော ထာဝရအတွက် အလှိုင်းတကြီး ဂုဏ်ပကာသနတင်နေစရာ မလိုတော့ချေ။ ရွှေချိန်ခွင်ဆရာ ချီး ကျူးသောဂုဏ်များသည် ထာဝရနှင့်လုံးဝ မထိုက်တန်ချေ။

အဘယ်ကြောင့် အသင်ရွှေချိန်ခွင်ဆရာက ဒုစရိုက်မပြုဟု ချီးမွမ်းထားသော ထာဝရသည် အကယ်၍ သက်ပွ မဟုတ်ဘဲ တကယ်တည်ရှိခဲ့ဖူးသော ထာဝရဖြစ်ခဲ့အံ့။ အသင်တို့၏ **ဓမ္မဟောင်းကျမ်း၌ အသင်တို့ထာဝရ ပြုလုပ်ခဲ့သော အပြစ်အစု ဒုစရိုက်မှုတို့ကို ယခုခေတ်သမယ၌ အမိုက်မဲဆုံး လူသတ္တဝါပင် မပြုလုပ်ဝံ့ချေ။** ကျူးလွန်ပြုမူရန်ပင် စိတ်မကူးဝံ့ချေ။

တတိယနှိုင်းယှဉ်ချက်၌-

**"ဘုရား၏စည်းစိမ်ကို ခံစားစဉ်ပင် နာခြင်း၊ အိုခြင်း၊ သေခြင်းနှင့်မကင်းမလွတ်၊ အသက်(၈၀)စေ့လျှင် သေချိန်တန်၍ ကိုယ့်အသက်ကိုမစောင့်နိုင်၊ သေရသောရှင်ဂေါတမကား မြတ်သလား၊ သို့မဟုတ် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးပါး၌ တစ်ခါမျှ မနာ၊ မအို၊ မသေ၊ နိစ္စထာဝရအသက်နှင့်ပြည့်စုံ၍ ဆင်းရဲဒုက္ခ မဆက်ဆံ၊ ဘုရား၏စည်းစိမ်ချမ်းသာ ခံစားစံစားသော ထာဝရဘုရားကား မြတ်သလား"-**

ဟုရွှေချိန်ခွင်ဆရာက မေးရှာ၏။

ကျွန်ုပ်တို့၏ အဖြေကား-

ဗုဒ္ဓရှင်တော်ဘုရား မြတ်၍ ထာဝရက ယုတ်သည်ဟူလို။ ရှင်းလင်းကြဦးစို့။

ကျွန်ုပ်တို့၏ဂေါတမနွယ်ဖွား ဗုဒ္ဓရှင်တော်ဘုရားသည် တကယ်ဖြစ်ပေါ်ခဲ့ဖူး၏။ လောကအတွင်း၌ အထင်အရှား ဘုရားဟူသောနာမံတော်ကိုခံယူ၍ ပွင့်တော်မူခဲ့၏။ ကမ္ဘာလောကအတွင်း၌"ဖြစ်သည်"ဟူသောစကားကို အသုံးပြုနိုင် လောက်အောင် တကယ်ပေါ်ပေါက်ခဲ့ဖူးသော သဝိညာဏ-အဝိညာဏဟူသမျှသည် ရွှေချိန်ခွင်ဆရာရေးသလို နာရမြဲ၊ အိုရမြဲ၊ သေရမြဲ ဖြစ်၏။ ဤကား ဓမ္မနိယာမတည်း။

ဖြစ်-ဟူသော စကားဖြင့်သုံး၍ ရစကောင်းသောအရာဟူသမျှသည် အထက်ပါဓမ္မတာကိုရှောင်ကွင်း၍ မလွတ် နိုင်ချေ။

မနာ၊ မအို၊ မသေဟု အသင်ရွှေချိန်ခွင်ဆရာ ချီးမွမ်းထားသော ထာဝရကား မဖြစ်ဘူး၊ မပေါ်ခဲ့ဖူးခြင်းကြောင့်သာ ဖော်ပြရာနိယာမဓမ္မတာမှ ကင်းလွတ်ခြင်း ဖြစ်ချေမည်။

အကယ်တစေ ဖြစ်ပေါ်ခဲ့ဘူးပချေသော် ထိုသူသည် နာခြင်း၊ အိုခြင်း၊ သေခြင်းတို့မှ မုချမကင်းလွတ်နိုင်၊

ဖြစ်ခြင်းသည် အစမူလဖြစ်၏။ အကြောင်းဖြစ်၏။ ရေသောက်မြစ်ဖြစ်၏။ နာခြင်း ၊ အိုခြင်း ၊ သေခြင်းတို့သည် အကျိုးများဖြစ်ကုန်၏။ အကိုင်းအလက်တို့သာ ဖြစ်ကုန်၏။ မဖြစ်က မနာ၊ မအို၊ မသေ။ ထို့ကြောင့် **မနာ၊ မအို၊ မသေသော ထာဝရသည် ဘယ်တော့မှမဖြစ်ဘူးကြောင်း၊ မပေါ်ပေါက်ခဲ့ဘူးကြောင်း ထင်ရှားပြီ** မဟုတ်တုံလော။ ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေးတို့သည် ဆတ်ချို၊ သိုးမွေး၊ ကြွံ၏သွေးတို့ထက် ပိုမိုအဖိုးထိုက်တန်မည်လော။ အသုံးဝင်မည်လော။

စတုတ္ထနှိုင်းယှဉ်ချက်လည်း နိဗ္ဗာန်သို့ရောက်သောရှင်တော်ဂေါတမကသာလျှင် မြတ်သည်ဟု ကျွန်ုပ်တို့က ဖြေဆိုရချေမည်။ အကြောင်းကား- ရွှေချိန်ခွင်ဆရာ ရေးသားသည့်အတိုင်း **ဂေါတမဗုဒ္ဓသည် နိဗ္ဗာန်စံဝင်သွားသော်လည်း ၎င်း၏ တရားတော်များသည် ယခုတိုင် ကမ္ဘာလောကရှိသတ္တဝါများကို လမ်းမှန်သို့(ဝါ)အလင်းရောင်အောက်သို့ ပို့ဆောင်လျက်ရှိသောကြောင့်**ဟူပေ။ ခရစ်ဝါဒီတို့သည် မိမိကိုးကွယ်တဲ့ထာဝရကို နိစ္စထာဝရဇာတ်အဖြစ်နှင့်ပြည့်စုံသည့်ကမ္ဘာအဆက်ဆက်တည်ရှိသည်ဟု ချီးကျူးကြကုန်၏။

ထိုစကားကို စဉ်းစားကြစို့။ ထာဝရသည် ရွှေချိန်ခွင်စာဆရာအဆိုအတိုင်း ကမ္ဘာအဆက်ဆက် အနန္တကာလပတ်လုံး အသက်ရှင်နေရှိုးမှန်ခဲ့သော် ယခုလည်း ထာဝရထင်ရှားရှိရချေမည်။ အကယ်၍ရှိခဲ့လျှင် ထာဝရသည် မိမိလက်ရွေးစင် အချစ်တော်ဖြစ်တဲ့ ဣသရေလ (ဝါ) ဟေဗြဲ (ဝါ) ဂျူး (ဝါ) ရဟူဒီတို့ကို အဘယ့်ကြောင့်ပစ်ထားရသနည်း။

ဂျာမနီက နာဇီဟစ်တလာတို့သည် ထာဝရ၏အချစ်တော်များကို နှိပ်စက်ညှဉ်းပန်းနေကြ၏။ ထိုမျှမက တိုင်းပြည်မှ နှင်၍ပင် ထုတ်နေကြကုန်၏။

ဘာ့ကြောင့် ထာဝရငြိမ်နေသလဲ။ ဆီနိုင်တောင်ထိပ်ပေါ်မှ မိုးသံနှင့်ဟိန်းပြီး ဘာကြောင့် ဟစ်တလာကို မကြိမ်းဘဲ နေသနည်း။ အဲဂုတ္တပြည့်ရှင်ဖေရိုဘုရင်ကို အပြစ်ဒဏ်ခတ်ခဲ့သလိုဘာကြောင့် ဟစ်တလာကို အပြစ်ဒဏ်မခတ်ဘဲ နေရသနည်း။ ဖြေရပေအံ့-

ဓမ္မဟောင်းပါ ဖေရိုတို့ အကြောင်းကလည်း လုပ်ဇာတ်ဖြစ်၊ ထာဝရကလည်း သက်ပွမျှသာဖြစ်သောကြောင့်တည်း။ တစ်ဖန် ဣသရေလလူမျိုးတို့ကို တစ်ပါးအမျိုးသားများအပေါ်၌အုပ်ချုပ်ခွင့်၊ စိုးမိုးခွင့် အင်ပါယာချဲ့ထွင်ခွင့်ကို ပေးမည်။ မြို့ပြပြည်ရွာ တည်ထောင်၍ ပေးမည်ဟု ကတိထားခဲ့သောထာဝရသည် ယခုအခါ သူ၏အချစ်တော်များကို အိုးခြေမဲ့၊ အိမ်ခြေမဲ့ ဖြစ်နေသည်တို့ကို မမြင်တုံသလော၊ သူတစ်ပါးလက်အောက်၌ ကျွန်သဘောက်ဖြစ်နေသည်ကို မမြင်တုံသလော၊ မမြင်ချေတကား၊ ဘာ့ကြောင့်- မရှိသောကြောင့်ဟူပေ။

ထို့ပြင်- ထာဝရသည် ယခုတိုင် ရှိရှိုးမှန်ခဲ့သော် အခြားတစ်နည်းဖြင့် စမ်းသပ်ကြဦးစို့။

ကျွန်ုပ်သည် ထာဝရဟောခဲ့သည်ဟု ခရစ်ဝါဒီတို့ ယုံကြည်နေသော ဓမ္မဟောင်းကျမ်းတစ်နေရာရာမှာ အမှတ်အသား စက္ကူစတစ်ခုကို ညှပ်၍ မီးအာမခံသေတ္တာတွင်ထည့်ပြီး သော့ပိတ်ထားအံ့။ အသင်ခရစ်ဝါဒီအားလုံး(စာဖြူစာနီပါ မကျန်)တို့သည် အနန္တကာလတိုင်အောင် တည်သောအနန္တဉာဏ်နှင့်ပြည့်စုံတော်မူသော ထာဝရကိုဆုတောင်းမေတ္တာပို့ပြီး မေးမြန်းကြကုန်လော့။

ကျွန်ုပ်သည် မည်သည့်နံပါတ်မှာ မှတ်ထားသည်ဟု အသင်ခရစ်ဝါဒီတို့အားလုံးသည် ထာဝရ၏ပြောပြချက်ကြောင့် အမှန်ပြောဆိုနိုင်ကြပါမည်လော။ အသင်တို့၏ထာဝရသည် မတတ်နိုင်တော့ပြီ။ ဘာ့ကြောင့်- သက်ပွမျှသာဖြစ်၍ ဒဏ္ဍာရီဇာတ်လိုက်မျှသာ ဖြစ်သောကြောင့်ဟူလို။

ထာဝရသည် အနန္တကာလတိုင်အောင် ဘုရားဇာတိဖြင့်တည်၍ အနန္တတန်ခိုးတော်နှင့်ပြည့်စုံသည်ဟု ရွှေချိန်ခွင်ဆရာတို့ဆိုကြ၏။ သို့သော် ကျွန်ုပ်တို့မူကား ထာဝရမှာ အနန္တတန်ခိုး နေနေသာသာ၊ အနန္တတန်ခိုးပင်ရှိသည်ကို မတွေ့ရချေ။ ခိုင်မာစေအံ့။

ကျွန်ုပ်သည် စက်မပျက်ဘဲ သွားနေသော စက်နာရီငယ်တစ်လုံးကို စားပွဲပေါ်၌ တင်ထားအံ့။ တစ်ကမ္ဘာလုံးရှိ ခရစ်ဝါဒီအားလုံး အဲဒီစားပွဲကိုဝိုင်းပြီး "အို. . . ထာဝရဘုရား၊ အရှင်၏တန်ခိုးတော်ထင်ရှားသွားအောင် ဤနာရီကလေးကို အရှင့်တန်ခိုးဖြင့် ရပ်အောင် လုပ်တော်မူပါ"ဟူ၍ဆုတောင်းပတ္ထနာပြုကြပါ။ ရွှေချိန်ခွင်ဆရာတို့၏ထာဝရသည် ဤမျှသေးငယ်သော နာရီစက်ကိုရပ်အောင် တတ်နိုင်ပါမည်လော။

မတတ်နိုင်။ ဘာ့ကြောင့်- အနန္တတန်ခိုးနှင့်ပြည့်စုံသည်ဆိုတဲ့ ထာဝရကိုက မရှိသောကြောင့်တည်း။

**ပဉ္စမနှိုင်းယှဉ်ချက်ကား- ဂေါတမရှင်တော်ဘုရား၏မွေးဖွားရာ ဖြစ်ထွန်းပေါ်ပေါက်ရာအရပ်ဒေသတို့ကို ဖော်ပြ၍ ထာဝရ၏အိုးခြေမဲ့ အိမ်ခြေမဲ့၊ အခြေမဲ့၊ အနေမဲ့အဖြစ်ကိုလည်းကောင်း၊ ဘယ်နေရာ ဘယ်ဌာနရယ်လို့ မည်မည်ရရ သေချာဂန ဖြစ်ပေါ်ရာဒေသမရှိတဲ့တေလေဂျပိုးအဖြစ်ကိုလည်းကောင်း၊ ဖော်ပြလေသည်။**

လောက၌ အကြင်သူ တစ်စုံတစ်ယောက်သည် ဇရပ်တွေ့မှအိပ်ရ၏။ ရေအိုးစင်တွေ့မှ သောက်ရ၏။ ထမင်းဆိုင်တွေ့မှ စွန့်ပစ်သောအပုပ်အသိုးတို့ကိုတွေ့မှ တောင်းရမ်းစားရ၏။ ထိုသို့သောသူသည် အိုးနဲ့အိမ်နဲ့ စားနပ်ရိက္ခာနဲ့ တင့်တင့်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တယ်တယ်နေသူထက် သာနိုင်ပါမည်လော။

ထို့အတူပင် အထက်ဘဝဂ်မှာနေသည်ဟု စာမတတ် ပေမတတ်သော လူအတို့က ပြောဆိုရေးသားခဲ့စေကာမည်သူမှ ဘယ်နားနေသည်ဟု မပြောနိုင်၍ မည်မည်ရရမရှိသော ထာဝရထက်အမျိုးအမည် အရည်အချင်း၊ နေရာဌာနဖြစ်ပေါ်ရာဒေသနှင့်အတည်တကျ သက်သေသာဓက အခိုင်အမာပြစရာရှိသော ဗုဒ္ဓဂေါတမကသာလျှင် ပိုမိုမြင့်မြတ်ကြောင်း မှတ်ယူလေ။

**ဆင့မနိုင်းယှဉ်ချက်၌- ကျွန်ုပ်တို့၏ရွှေချိန်ခွင်ဆရာသည် ဗုဒ္ဓရှင်တော်ဘုရားမှာ ဖန်ဆင်းနိုင်သော တန်ခိုးမရှိဟု အပြစ်ဆိုရာ၏၊** ခရစ်ဝါဒီတို့၏ထာဝရကဲ့သို့ မြေကြီးကို ရွှံ့လုပ်ပြီး၊ လူဖြစ်ကရော့ဟု ဖန်ဆင်းသော တန်ခိုးမျိုးကားဂေါတမရှင်တော်ဘုရားသာ မဟုတ်။ ယခုကာလ လောကဓါတ်ပညာရှိအများတို့ကပါ အလွန်စက်ဆုပ်သောအရာ ဖြစ်သတည်း။

ဂေါတမရှင်တော်ဘုရားမှာ ထိုကဲ့သို့သောတန်ခိုးမျိုးမရှိကြောင်း ကျွန်ုပ်တို့ကဝန်ခံပါ၏။ တန်ခိုးသည် အစစ်မဟုတ်၊ ဉာဏ်ပညာပါးရှားသော လူညံ့စားတို့သာ ယုံကြည်နိုင်သောအရာ ဖြစ်၏။ တန်ခိုးသည် အမှန်တရားနှင့်ကဏ္ဍကဖြစ်၏။ ရွှံ့ကို ရွှေဖြစ်အောင် တန်ခိုးဖြင့် ဖန်ဆင်းထားစေကာ ထိုရွှံ့သည် ရွှေအစစ်မဟုတ်နိုင်၊ မဖြစ်နိုင်။ မျက်လှည့်ဆရာများပြုလုပ်၍ ပြသော အံ့ဖွယ်ရာများသည် အစစ်အမှန် မဟုတ်သကဲ့သို့တည်း။ ထို့အတူ ရွှံ့ဖြင့်ပြုလုပ်၍ပြသော ထာဝရ၏လူသည်လည်း လူစစ်မဟုတ်။ မီးဖုတ်မှ တာရှည်ခံမည့် ရွှံ့ရုပ်သာဖြစ်ချေသည်။ တန်ခိုးပြာဋိဟာသည် အတိတ်ကာလ၊ အနာဂတ်ကာလနှင့်သာဆိုင်၏။ ယခု လက်ငင်းတွေ့မြင်နေရသည့် ပစ္စုပ္ပန်ကာလနှင့်မဆိုင်ချေ။ ဟုတ်လှ၏။

*"ရှေးလွန်ခဲ့ပြီးသော နှစ်ပေါင်း၁၉၃၇-နှစ်ခန့်က လူတစ်ယောက်သည် သေရာမှ ထမြောက်ခဲ့ဖူး၏"*ဟု တစ်စုံတစ်ယောက်သောသူက အသင်ရွှေချိန်ခွင်ဆရာအား ပြောလာခဲ့လျှင် အသင်သည်*"အင်း ဟုတ်ပေရာ၏၊ ယုံကြည်ပါ၏"*ဟုပြောဆိုမည် အမှန်ဖြစ်၏။

ထို့ပြင်"ယနေ့မှ နှစ်ပေါင်း ၁၀၀၀ မျှကြာသောအခါ ယခုသေပြီးသူများသည် သေရာမှ ထမြောက်ရှင်သန်ကြကုန်လတ္တံ့"ဟု ပြောဆိုသူကိုလည်း အသင်ရွှေချိန်ခွင်ဆရာသည်*"မှန်ပါ၊ ဖြစ်နိုင်ကောင်းပါ၏"*ဟု မုချပြောဆိုချေမည်။

သို့မဟုတ် *"မနေ့က လူသေတစ်ယောက် သင်္ချိုင်းမှထလာသည်ကို တွေ့ခဲ့ရ၏"*ဟု အသင်အားတစ်စုံတစ်ယောက်က ပြောကြားပါလျှင် ၎င်းပြောဆိုသူထွက်လာခဲ့တဲ့ အရှူးထောင်၏အမည်ကို အသင်က မုချမေးမြန်းချေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် တန်ခိုးပြာဋိဟာ၏အဓိပ္ပါယ်ကိုနားလည်သင့်ကုန်၏။ တန်ခိုးကား အဘယ်သို့သောအရာနည်း။ အဖြေကား-သဘာဝဓမ္မနိယာမ၌ရှိသော အမှန်တရားကို အလေးမပြုဘဲ(ဝါ) သဘာဝဓမ္မနှင့်ထော်လော်ကန့်လန့်ပြုနိုင်သည်ဆိုသော အပြုအမူဖြစ်၏။

ရှင်းစေအံ့။ အကယ်တစေ လူတစ်ယောက်သည် အဝန်း၏တစ်ဝက် ထိပ်ဝအချင်းရှိသောစက်ဝိုင်းကို ပြုလုပ်နိုင်ချေသော် ယူကလစ်-ဂဲဩမေထရီပညာဆိုင်ရာ တန်ခိုးပင်ဖြစ်ချေမည်။ လေးခုသုံးလီကို (ရှစ်)ဖြစ်အောင် စွမ်းနိုင်သူသည်သင်္ချာဘက်ဆိုင်ရာ၌ တန်ခိုးကို အသုံးပြုနိုင်သူ ဖြစ်ချေမည်။

ထို့အတူ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုင်ထရိုဂျင်ဓါတ်တို့ကိုစုပေါင်း၍ ရွှေအစစ်ဖြစ်အောင်ပြုလုပ်နိုင်သူသည်လည်း ဓါတုဗေဒ၌ တန်ခိုးကိုအသုံးပြုနိုင်သူပင်ဖြစ်ချေမည်။ ထို့ပြင် စတုဂံကို တြိဂံဖြစ်အောင် ပြုလုပ်နိုင်သူ၏လည်းကောင်း၊ ၂+၂=၃ ဖြစ်အောင် လုပ်နိုင်သူ၏လည်းကောင်း၊ မှန်ရှေ့တည့်တည့်ရပ်နေသူ၏အရိပ်ကို မှန်၌မထင်စေဘဲ နောက်ကရပ်သူ၏အရိပ်ကို မှန်၌ပေါ်လာအောင် လုပ်နိုင်သူ၏တန်ခိုးသည်လည်းကောင်း အလွန်အံ့ဩဖွယ်ဖြစ်ချေမည်။

ဆိုလိုရင်းကား သဘာဝဓမ္မနှင့်အတိုက်အခံ ဆန့်ကျင်ဘက် ပြုလုပ်သော အရာဟူသမျှကို တန်ခိုးဟုခေါ်လေသည်။

ဝိဇ္ဇာသိပ္ပ အဝဝသော လောကဓါတ်ပညာ ထွန်းကားအသိဉာဏ်၊ အဆင်ခြင်ဉာဏ် တိုးပွားနေသော ယခုခေတ်၌ဖြစ်ပေါ်သော လူပညာရှိတို့သည် သဘာဝဓမ္မညီမျှပုံ အခြင်းအရာတို့ကိုလည်းကောင်း၊ သဘာဝဓမ္မအားလျော်စွာ အားလုံးသောအရာများ ဖြစ်ပေါ်လာကြသည်ကိုလည်းကောင်း၊ တူသောအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားများသည် မကွဲမပြား တစ်သားတည်း တူညီသည်၏အဖြစ်ကိုလည်းကောင်း သိမြင်ကြလေပြီ။

မြင်မြင်သမျှ သဝိညာဏက အဝိညာဏကဟူသမျှတို့သည် အကြောင်းမဲ့ဖြစ်ပေါ်လာကြသည်မဟုတ်ဟု ထိုးထွင်းဉာဏ်ဖြင့် သိမြင်ကြလေပြီ။ အကြောင်းတရားတို့သည် အကျိုးမဖြစ်ထွန်းဘဲ ပျောက်ပျက်ရိုးမရှိဟု သိလာကြလေကုန်ပြီ။

ဤသို့ ကွင်းဆက်သံကြိုးပမာ အကြောင်းတစ်ကွင်း အကျိုးတစ်ကွင်း၊ ထိုအကျိုးကွင်းပင် အကြောင်းကွင်းဖြစ်လာရန်ထိုကွင်းကြောင့် အကျိုးတစ်ကွင်း ဆက်လာပြန်သော ဤကမ္ဘာလောကကြီးအတွင်း၌ တန်ခိုးအတွက် နေရာမရှိတော့ပြီ။ ထို့ကြောင့် တန်ခိုးဆိုသောအရာသည် သက်သက်မရှိနိုင်၊ မဖြစ်နိုင်သောအရာ ဖြစ်၏။ ဝိစာရဏာဉာဏ်ရင့်သန်သူပညာရှင်တို့၏ ဉာဏ်တွင်းသို့သက်ဆင်းဝင်ရောက်ခြင်းငှာ စွမ်းနိုင်သောအရာမဟုတ်။

ထို့ကြောင့် ယခုခေတ်ပေါ် ဝိဇ္ဇာဆရာ၊ လောကဓါတ်ပညာရှင်တို့၏အဘိဓာန်၌“တန်ခိုး”ဟူသောပုဒ်မရှိတော့ပြီ။ တန်ခိုးပြာဋိဟာများ ဖြစ်ပေါ်ခဲ့ဖူးသည်(ဝါ)တစ်စုံတစ်ယောက်သောသူသည်တန်ခိုးပြာဋိဟာများကို ပြုလုပ်ခဲ့သည်ဟူသော အချက်တို့ကို ယုံကြည်စရာဟူသောစာရင်းမှ ပယ်နုတ်ပစ်ကြလေသည်။

အသိအလိမ္မာဉာဏ် ပညာတုံးတိ ဝိစာရဏာမရှိခြင်းသည် တန်ခိုးကို ယုံကြည်ခြင်းတည်းဟူသော သစ်ပင်များ ထွားထွား ကျိုင်းကျိုင်း ပေါက်ရောက်နိုင်သော မြေယာကွက်ဖြစ်ချေ၏တကား။

ခရစ်ဝါဒီတို့၏ဓမ္မဟောင်းကျမ်း၌ ထာဝရကိုယ်တိုင် ပြုလုပ်ခဲ့သည်ဟု ရေနှစ်ရေဖြန်းတို့ လှိုက်လှိုက်လှဲလှဲ အသည်းစွဲ ယုံကြည်နေကြသော တန်ခိုးပြာဋိဟာနှင့်ပတ်သက်သော အကြောင်းအရာများစွာ ပါဝင်လေသည်။ သို့သော် ထိုတန်ခိုးများသည် တစ်ကမ္ဘာလုံးရှိ လူသတ္တဝါအပေါင်းကိုယုံကြည်စေရန် မတတ်နိုင်ခဲ့။ ယုတ်စွအဆုံး ထာဝရ၏အချစ်တော်ရဟူဒီများပင် ၎င်း၏တန်ခိုးတို့ကို အနည်းငယ်မျှ ဂရုမပြုခဲ့ကြချေ။ ဆိုသင့်လှ၏။ ရဟူဒီတို့သည် တန်ခိုးအမြောက်အမြားပြုလုပ်သည် ဆိုသော ထာဝရထက် ၎င်းတို့ကိုယ်တိုင် ပြုလုပ်၍ထားသော ရွှေနွားရုပ်ကို ပိုမိုယုံကြည်ကြကုန်၏။

ဤသို့ဖြစ်ရခြင်း၏အကြောင်းကား ၎င်းတန်ခိုးဆိုသောအရာတို့ကို မည်သူမျှမပြုလုပ်ဖူးသောကြောင့်ပင်ဖြစ်ချေ၏။ နောက်ပေါ်ခရစ်ဝါဒီတို့ စိတ်ကူးဖြင့် မှန်းပြီး ရေးသားခဲ့သောအရာများသာဖြစ်ချေ၏။

တစ်ဖန်တုံ ထာဝရ၏သားတော် ခရစ်ကိုယ်တိုင်ပြုလုပ်ခဲ့သည်ဟု စာမဖတ် မရေးတတ်သောတံငါသည်လူထွက် ဓမ္မသစ်ဆရာများ ရေးသားခဲ့သည်ဟု ပြောကြဆိုကြ(ဝါ)ယုံကြည်နေကြသောတန်ခိုးများတို့လည်း ဘာမှအကျိုးမရှိခဲ့ချေ တကား။

မှန်လှ၏။ ခရစ်ကိုယ်တိုင် သေရာမှ ရှင်အောင် ပြုလုပ်ပေးသောသူ၊ အနူပျောက်အောင် ဆေးကုပေးသောသူ၊ အကန်းပျောက်၍ အလင်းပေါက်အောင် ကုပေးသောသူတို့သည် ခရစ်၏နောက်လိုက်တပည့်များ(ဝါ)၎င်းကို ယုံကြည်သူများ ဖြစ်သည်ဟု ကျွန်ုပ်တို့မတွေ့ရချေ။ ခရစ်၏အမှုကို စစ်ဆေးရာ၌ ထိုသူတို့မပေါ်လာကြချေတကား။

သေသောသူကို အသက်သွင်းပေးနိုင်သော(ဝါ)ရှင်အောင် တတ်နိုင်သောတန်ခိုးပြာဋိဟာရှိသူဖြစ်ကြောင်းကို မည်သူ တစ်စုံတစ်ယောက်ကမျှ ဝင်ရောက်သက်သေမခံခဲ့တကား။ သေဘေးကိုမကြောက်သူမရှိ၊ သို့မရှိသဖြင့် အသေကို အရှင်ဖြစ် အောင် လုပ်နိုင်သောတန်ခိုးရှင်ကို ဖိလိတ်ဘုရင်ခံက သတ်ပစ်မည်လော။

“ဤသူနှစ်ယောက်တို့တွင်(ခရစ်နှင့်ဗာရဗ္ဗ)သင်တို့သည် အဘယ်သူကို လွှတ်စေချင်သနည်း”ဟု လူအများတို့အား မြို့ဝန်မင်းက မေးသောအခါ အဘယ်ကြောင့်“တန်ခိုးရှင်ဖြစ်သော(ဝါ)အသေကိုရှင်အောင်၊ အကန်းကိုမြင်အောင် လုပ်နိုင် သောခရစ်ကို လွှတ်စေချင်ပါသည်”ဟု မပြောခဲ့ကြသနည်း။

ဘာတစ်ခုမျှ မလုပ်ခဲ့ဘူးတဲ့အပြင် သာမည သူလိုကိုယ်လိုလူစားထဲက ဖြစ်သောကြောင့်ဟူသောအဖြေမှတစ်ပါး အခြားအဖြေ မရှိတော့ပြီ။ ထို့နောက် ရွှေချိန်ခွင်စာဆရာသည် ဗုဒ္ဓဘုရားရှင်၏ဂုဏ်အပေါင်းတည်းဟူသော ပတ္တမြားဂုဏ်၏ အရောင်တွေ မှေးကရောဟဲ့ ဟူသောသဘောဖြင့် ပွတ်တိုက်ပြန်သောကြောင့် “သတ္တဝါများတို့သည် အဘယ်ကဖြစ်သနည်း” ဟု သူတစ်ပါးက မေးလျှင် “သံသရာအစမထင်ဟု ပြောရသလော”ဟူသောစကားကို မိန့်ဘိသော်- ထိုစကားဝါကျ၏ လိုရင်းအဓိပ္ပါယ်ကား၊ သတ္တဝါသည် အနာဒိဖြစ်၍ အစမရှိဟု ဂေါတမနွယ်ဖွားဗုဒ္ဓရှင်တော်ဘုရားက မိန့်မြွက်ဟောကြားတော် မူခဲ့သည်ဟူလို။

အထက်ပါစကားကို ဗုဒ္ဓရှင်တော်ဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း၂၄၀၀ကျော်အခါက မြွက်ကြားတော်မူခဲ့၏။ ယခုအခါ တစ်ကမ္ဘာလုံးက ပညာအရှိဆုံး၊ အမြင့်မြတ်ဆုံးဟု ယုံကြည်ကိုးစားနေကြရသော ချားလ်စ်ဒါဝင်၊ အန်စ်တ်ဟက်ကဲလ်၊ ပရိုဖက်ဆာ ဟတ်ကစ်လီစသော ဝိဇ္ဇာဓိုရ်ကြီးများကို မေးကြည့်ခဲ့သော် ဂေါတမဘုရား၏စကားတော်သာ မှန်ကန်၏။

နှစ်ပေါင်း၅၉၄၇နှစ်ခန့်ကမှ ကမ္ဘာမြေကြီးကို ဖန်ဆင်းသည်။ အေရှမိုင်းနားမှမြေကြီးဖြင့် လူရုပ်လုပ်ပြီး လူကို ဖန်ဆင်းသည်ဟူသော ထာဝရ၏စကားသည် ယုတ္တိယုတ္တာဗလာနတ္ထိအကျိုး အကြောင်းမညီ၊ အမှားအတိပြီးသော စကား ဖြစ်၏ဟု တစ်သံတည်း မိန့်ဆိုကြပေမည်။

မှန်လှ၏။ ထာဝရ၏ကမ္ဘာဦးကျမ်း အခန်း ၁-၂တို့ကိုယုံကြည်သူ ခရစ်ယာန်ဦးရေပင် အလွန်ယုတ်လျော့ခဲ့လေပြီ။ အနောက်တိုင်းသား လောကဓါတ်ပညာရှိကြီးများတို့ကမူ ၎င်းကျမ်းကို ဒဏ္ဍာရီယုံတမ်းစကားလောက်သာ အသိအမှတ်ပြုကြ လေတော့သည်။

ထို့ပြင် ဗုဒ္ဓရှင်တော်ဘုရားမှာ စိုးပိုင်သော အာဏာတန်ခိုးသာမဟုတ် (၎င်းကိုတကယ် တည်ရှိသည်ပင် ထား ဦးတော့) ဘာတန်ခိုးမျှမရှိ။ အဘယ့်ကြောင့်- သင်တို့၏ထာဝရသည် သင်တို့ယုံကြည်တိုင်း တကယ်ရှိ၍ အသင်တို့အမွှန်း တင်ထားသော တန်ခိုးများကို တကယ်ပိုင်သူဖြစ်ခဲ့ပါမူ အသင်တို့၏ထာဝရကို ရှိရုံပင်မရှိဟု အတိအလင်းပြောဆိုရေးသား နေသော ကျွန်ုပ်ကဲ့သို့ ပုဂ္ဂိုလ်မျိုး၊ အနောက်နိုင်ငံများ၌ “ဖရီးသင့်ကား”ခေါ်သောပုဂ္ဂိုလ်မျိုးမှစ၍ သူတို့မယုံကြည်သူ၊

E-book is created by www.shanyoma.org

အပြစ်ဆိုသူအားလုံးတို့ကို မုချဖျက်ဆီးပြီး သူဖန်ဆင်းထားသော ငရဲသို့မုချပို့ပေရာ၏။ ယခုကား မဖျက်ဆီးနိုင်၊ မပို့နိုင် ချေတကား။

သို့မပို့နိုင်ခြင်းကြောင့် ထာဝရသည် တကယ်ရှိသူမဟုတ်၊ ရှိတယ်ထားဦးတော့ အသင်တို့ထင်တိုင်းတန်ခိုးအာဏာရှိသူ မဟုတ်ကြောင်း ထင်ရှားပြီ မဟုတ်လော။

ထာဝရသည် တစ်ပါးသော သတ္တဝါတို့ကို ပိုင်ဆိုင်၏ဟု အသင်ရွှေချိန်ခွင်ဆရာနှင့်တကွ ခရစ်ယာန်တို့ဆို၏။ ကျွန်ုပ်ကမူ ထိုသို့သော တန်ခိုးမျိုး ထာဝရမှာမရှိဟု အတိအလင်းဆို၏။ ထိုသို့ဆိုခြင်း၏အကြောင်းကို ပြရချေဦးမည်။

**အသင်တို့၏ကျမ်းလာအတိုင်း စာတန်(ခေါ်)မာရ်နတ်ကို အဘယ်သူဖန်ဆင်းသနည်း၊ ထာဝရဖန်ဆင်း၏၊ စာတန်ကို ထာဝရနိုင်ခဲ့ပါ၏လော၊ ယနေ့အထိ တစ်ခါမှ မနိုင်သေး၊ စာတန်ကသာ အစဉ်နိုင်လာခဲ့ချေ၏၊**

ထာဝရသည် ပညာသီးကို မစားရန် တားမြစ်ခဲ့၏။ ၎င်းကိုစားက စားသောနေ့၌ သင်သေလိမ့်မည်။ (က ၂-၁၇)ဟု ခြိမ်းခြောက်ခဲ့၏။ သို့သော် စာတန်က ၎င်းအသီးကို မစား စားအောင်တိုက်တွန်း၏။ သို့တိုက်တွန်းသဖြင့် ဧဝရော အာဒံပါ ထိုအသီးကို စားကြကုန်၏။

စာတန်၏ပထမနိုင်ခြင်း၊ ထာဝရ၏ပထမရှုံးခြင်း မဟုတ်တုံလော။ ၎င်းအသီးကိုစားလျှင် စားသောနေ့ သေလိမ့်မည်ဟူသော စကားသည် ထာဝရ၏မုက္ခပါဌ်ဖြစ်၏။ စားသာစား မသေဟူသောစကားက စာတန်၏မုက္ခပါဌ်ဖြစ်၏။

ထိုမုက္ခပါဌ်နှစ်ခုတွင် ထာဝရမုက္ခပါဌ်သည် မှား၏။ စာတန်၏မုက္ခပါဌ်မှန်၏။ အကြောင်းကား ထိုအသီးကို စားသောနေ့၌ ထာဝရပြောတိုင်း မသေသည့်အပြင် အာဒံသည် အနှစ်၉၃၀တိုင်အောင် အသက်ရှင်နေ၏။

ထာဝရသည် လိမ်၏။ ညာ၏။ စာတန်သည် မလိမ်၊ မညာ၊ အမှန်ကို အတိအလင်းပြော၏။ ထာဝရအလိုသာဆိုလျှင် တစ်ကမ္ဘာလုံးရှိ လူသတ္တဝါအားလုံးတို့သည် လူအချည့်ဖြစ်နေခဲ့ပေရာ၏။ စာတန်ဝင်ပြီး ကယ်ပေလို့သာပေ့၊ ဤကား ထာဝရကြီးကို စာတန်က နိုင်ပုံတည်း။

ထာဝရဝင်စား ခရစ်ကို ကြည့်ကြဦးစို့။ စာတန်သည် ထာဝရဝင်စားကို မြင့်လှသောတောင်ထိပ်ပေါ်သို့ ဆွဲတင်ပြီးလျှင် တစ်ကမ္ဘာလုံးရှိ ထိုသည့် ထာဝရဖန်ဆင်းသည်ဆိုသော တိုင်းပြည်တို့ကို ပြပြီးနောက် ဤသို့ပြောလေသတတ်၏။

(စာတန်)"အသင် ထာဝရဝင်စားခရစ်သည် ကျွန်ုပ်စာတန်ကို ရှိသေမြတ်နိုးဦးနှိမ်ကျိုး၍ ရှိခိုးခဲ့လျှင် ဤတိုင်းပြည်အားလုံးကို ငါသည် သင့်အားပေးအံ့။(စာတန်က ပိုင်နိုင်လှချေ၏။)

တစ်ကမ္ဘာလုံး ဖန်ဆင်းသူ ဖြစ်သည့် ထာဝရဝင်စားက အဘယ်သို့ ပြန်ပြောသနည်း။

(ထာဝရဝင်စား)"ဟေ့- စာတန် ဖယ်လော့၊ ရှားလော့၊ ငါ့ထံမှ ဖယ်လော့၊ သင်သာလျှင် ငါ့ကို ရှိခိုးရမည်ဟု ကျမ်းဂန်၌ လာရှိချေသည်။"

အလွတ်မပြောဝံ့သောကြောင့် ကျမ်းကိုးကျမ်းကားပြရရှာ၏။ သို့ကျမ်းကိုးပြတာနဲ့ စာတန်ကသူ့ကို ရှိခိုးရော့သလား။ သူ့ထံမှဖယ်ရှားပြီးသွားရော့လား၊ ရှိခိုးဖို့နေနေသာသာ ဖယ်ရှားဖို့နေနေသာသာ၊ စာတန်သည် ထာဝရဝင်စားကို ဂျေရုဆလင်မြို့တွင်းသို့ ယူသွားပြီးသော ဘုရားရှိခိုးကျောင်း၏ဒုပိကာပြဿာဒ်ဖျားပေါ်မှာ တင်ထားပြန်လေသည်။ တင်ပြီးနောက်-

"သင်သည် ထာဝရဝင်စား တကယ်အမှန်ဖြစ်တယ်ဆိုလျှင် ဟောဒီပြဿာဒ်ထိပ်ဖျားပေါ်မှခုန်ချ၊ ကျွမ်းထိုးချ (ဝါ) ဒိုင်ဗင်ထိုးချ၍ ပြလော့"

ဟုပင် ခိုင်းပြန်ချေ၏။ သို့ကျွမ်းထိုးပြပါ၏လော၊ မပြဝံ့။ မပြဝံ့သဖြင့်-

"မင်း၏ဆရာထာဝရကို မဖြားယောင်းပါနှင့်"ဟု လေသံပျော့နှင့်ချော့ရလေတော့တည်း။ (လု-၄)

ဤသည်တို့ကား **ထာဝရသည် သူ့တစ်ပါးကို မဆိုထားဘိ၊ မိမိဖန်ဆင်းထားခဲ့သည်ဆိုတဲ့စာတန်၏အပေါ်၌ပင် စိုးပိုင်သောတန်ခိုးအာဏာမရှိကြောင်း**ကို လေးလေးနက်နက် ထောက်ချက်တို့ပေတည်း။

ဗုဒ္ဓဂေါတမသည် သေမင်းကို မနိုင်၊ မှန်၏။ သက်တော်(၈၀)အရွယ်တော်မှာ ရုပ်-နာမ်နှစ်ဝချုပ်ပခြင်းသို့ ရောက်တော်မူခဲ့၏။ ထာဝရသည် သေမင်းကိုနိုင်သည်ဟု ခရစ်တို့ကဆို၏။ ထိုအတိုင်း ယုံကြည်သူတွေလည်း ရှိနေကြ၏။

ထာဝရဝင်စားခရစ်သည် သေပြီးနောက် ၃-ရက်မြောက်မှာ ထမြောက်ရှင်ပြန်သည်ဟု ခရစ်ယာန်တို့ယုံကြည်ကြ၏။ သေခြင်းမှတစ်ဖန် ပြန်ရှင်ပြီးနောက် ရက်ပေါင်း(၄၀)တိုင်တိုင် သူ၏တပည့်များနှင့်အတူတကွ စားသောက်နေထိုင်သေးသည်ဟုလည်း ယုံကြည်နေကြကုန်၏။ ယုံကြည်မှုကို ကျွန်ုပ်တို့အပြစ်မဆိုလို၊ ၎င်းကို ထင်မြင်သလို သဘောကျယုံကြည်နိုင်၏။

သို့သော်**မိမိတို့ယုံကြည်ချက်သည် ယုတ္တိရှိသလော(ဝါ)မရှိသလော၊ အကျိုးအကြောင်းညီသလော(ဝါ) မညီသလော၊ ဖြစ်နိုင်သလော(ဝါ)မဖြစ်နိုင်သလော စသည်ဖြင့် တွေးတောစဉ်းစား၊ စစ်ဆေးဖို့သာ ဆိုလို၏၊**

ယခုသော် ခရစ်ယာန်တို့၏ ယုံကြည်ချက်မှန်၊ မမှန်ကို ပြန်လည်စစ်ဆေးရမည်။ သို့မစစ်ဆေးမီ ဤသေရာမှ

ပြန်ရှင်ခြင်း(ဝါ)ထမြောက်ခြင်းနှင့်ပတ်သက်၍ အနောက်တိုင်းသားခရစ်ဝါဒီပညာရှင်များ၏ထင်မြင်ချက်ကို ဖော်ပြရချေဦးမည်။

အင်္ဂလန်ပြည်၌ စတန်နလီ၊ ဘစ်ရှော့ပ်ဂိုး၊ ဒါဟန်ဘစ်ရှော့ကင်နန်ရဲရှ်ဒါလ်-ကင်နွန်ဆွန်နီကဲ့သို့သော ပညာရှိပုဂ္ဂိုလ်ကြီးများတို့သည် သေရာမှ ပြန်ရှင်ခြင်းဝါဒကို နှစ်သက်သူများမဟုတ်ကြကုန်။ ထို့ပြင် အမေရိကတိုက်၌လည်း ထိုကဲ့သို့သော ပုဂ္ဂိုလ်များ တိုးပွားလျက်ရှိပေသည်။

အမေရိကတိုက်နယူးယောက်မြို့ ခရစ်ယာန်ဘုန်းကြီး (REV.Lighton Parks) လီတန်ပတ်စ်က အောက်ပါအတိုင်း ကြေညာခဲ့ဖူး၏။

"ကျွန်ုပ်တို့၏သာသနာ၌ သေရာမှ တစ်ဖန်ရှင်ပြန်ထမြောက်ခြင်းဝါဒသည် တကယ်ဧကန် မှန်သောအရာမဟုတ်ဟု ယုံကြည်နေကြသော ခရစ်ယာန်ဘုန်းကြီး အမြောက်အမြားရှိကြကုန်၏။"

အမေရိကတိုက် မက်ဆက်ချူဆက်နယ်ဂိုဏ်းအုပ်ဘုန်းကြီးဘစ်ရှော့ဝီလျံလောရင်းစ်သည်လည်း အထက်ပါအတိုင်း အယူရှိသောပုဂ္ဂိုလ်ကြီးပင် ဖြစ်သတည်း။

သေရာမှ တစ်ဖန် ပြန်ရှင်သည်ဟူသော ခရစ်၏တန်ခိုးကို ကျွန်ုပ်နှင့်တကွ ဝိစာရဏာဉာဏ်လက်ကိုင်ထားကြသော ပညာရှင်အများတို့သည် မုချမယုံကြည်နိုင်။ အမှန်ဟု ဧကန်မမှတ်ယူနိုင် ကြကုန်။

တကယ်တစေ မှန်ခဲ့ပချေသော် (ဝါ) ခရစ်သည် သင်္ချိုင်းအတွင်းမှ ပြန်ထလာရိုး ဟုတ်ခဲ့သော်-

အဘယ်ကြောင့် သူသည် မိမိ၏ရန်သူများထံသို့ မသွားခဲ့သနည်း။

အဘယ်ကြောင့် ဘုန်းကြီး ကေဖာ့စ်ထံသို့ မသွားခဲ့သနည်း။

အဘယ်ကြောင့် ကေရှုဒ်ဘုရင်ထံသို့ သွားပြီး"အသင်တို့သတ်သော်လဲ ငါမသေ"ဟု မပြောခဲ့သနည်း။

ခရစ်၏မိတ်ဆွေများက သူ၏အလောင်းကို ခိုးသွားကြပါသည်ဟု ပြောကြသော ရောမစစ်သားများထံသို့သွားပြီး မဟုတ်ကြောင်းကို ဘာ့ကြောင့် မရှင်းခဲ့သနည်း။

ပထမတစ်ကြိမ်ကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ဂျေရုဆလင်မြို့တွင်းသို့ အထင်အရှား ဘာ့ကြောင့်မဝင်ခဲ့သနည်း။

"ကြည့်လော့၊ ငါ၏ခြေလက်နံတောင်းတို့၌ အသင်တို့ရိုက်ထားသော ဒဏ်ရာများကိုကြည့်လော့။ အသင်တို့သည် ကျွန်ုပ်ကို သတ်ရန် အားထုတ်ကြ၏။ သို့သော် သေမင်းသည် ကျွန်ုပ်၏ကျွန်ဖြစ်၏။ ကျွန်ုပ်မသေ"ဟု လူအများတို့ထံသွားပြီး ဘာ့ကြောင့် မပြောခဲ့သနည်း။

အကြောင်းကား ပြန်ရှင်ခြင်းဟူသောစကားသည် အမှန်မဟုတ်၊ လုပ်ကြံပြောခဲ့သော ဒဏ္ဍာရီစကားမျှသာ ဖြစ်သောကြောင့်ဟူပေ။

တစ်ဖန်တုံ သို့ကလို ရှင်ပြန်ရုံမျှမက လက်ရှိခန္ဓာကိုယ်နှင့်ပင် တက်သွားပြန်သည်ဟုဆိုကြပြန်သေး၏။ ခရစ်ယာန်တို့ယုံကြည်မှုသည် စစ်ဆေးခြင်းအနည်းငယ်မျှ မပြုဘဲ အရမ်းယုံဖို့သာဖြစ်ချေ၏တကား။

သူသည် ဘယ်အရပ်သို့ သွားသနည်း။

ဂျေရုဆင်လင်မြို့သစ်သည် အပေါ်မှာမရှိ၊ ထာဝရနေရာသည် ထိုအရပ်၌ မရှိချေ။

သူ ဘယ်သွားသနည်း

သူသည် ဘယ်လမ်းက သွားသနည်း။

အရှေ့ကို သွားသလော၊ အနောက်ကို သွားသလော။

ဘယ်ကို သွားသနည်း။

ဤလက်ရှိခန္ဓာကိုယ်ကို သူဘယ်လို ပြုလုပ်ပစ်ခဲ့သနည်း။

ဘယ်လောက်မြင့်အောင် သူ တက်၍သွားသနည်း။

အဇ္ဈာကာသရှိ ပြင်းထန်သော အအေးဓါတ်ကို သူ ဘယ်ပုံအောင်မြင်သွားသနည်း။

ဤကမ္ဘာမြေကြီးနှင့်အနီးဆုံးဖြစ်သော လသည် မိုင်ပေါင်း၂၄၀၀၀၀အကွာမှာ ရှိ၏။ သူသည် ဘယ်ကိုသွားသနည်း။

သူ၏ခန္ဓာကိုယ်သည် မသေမီက ခန္ဓာကိုယ်ပင်ဖြစ်သောကြောင့် ဓါတ်အစုအဝေးသာဖြစ်၏။ အချို့ခရစ်ယာန်တို့ကမူ ရူပက္ခန္ဓာဖြင့် တက်သည်မဟုတ်၊ နာမက္ခန္ဓာဖြင့်သာသွားသည်ဟု ပြောဆိုငြင်းခုံကြသေး၏။ ဤသို့ဖြစ်လျှင် သေစဉ်က ခန္ဓာကိုယ် ဘာဖြစ်သွားသနည်း။

♦♦♦♦♦♦♦♦♦

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သူ(ခရစ်)သည် ကောင်းကင်သို့ မတက်မီကလေးမှာပင် သူ၏တပည့်များနှင့်အတူတကွ ငါးဟင်းကို စားခဲ့သေးသည်ဟု ခရစ်ဝင်ကျမ်းများ၌ ကျွန်ုပ်တို့တွေ့ရ၏။ ထိုငါးသည် နာမက္ခန္ဓာငါးဖြစ်သလော။ နာမက္ခန္ဓာခရစ်က ရူပက္ခန္ဓာငါးကို စား၍ဖြစ်နိုင်မည်လော။ မဖြစ်နိုင်။

ဤသို့ သေရာကထပြီး ကောင်းကင်သို့တက်သွားသည်ဆိုသောတန်ခိုးကို မည်သူမြင်လိုက်သနည်း။ သူ၏တပည့်များမြင်သည်ဟု ခရစ်ယာန်တို့က ဆိုကြ၏။ အိမ်း-သူတို့၏ပြောစကားကို စစ်ဆေးကြည့်ဦးစို့။

ရှင်မသဲသည် ဤတန်ခိုးကို ၎င်း၏ခရစ်ဝင်၌ မဖော်ပြခဲ့ချေ။ သို့သော် ခရစ်၏နောက်ဆုံးစကားကိုမူ ဖော်ပြခဲ့သေး၏။ ခရစ်၏တန်ခိုးအားလုံးတို့တွင် အကြီးဆုံးဖြစ်သော ဤကောင်းကင်တက်သည့်တန်ခိုးကို ရှင်မသဲသည် တကယ်မြင်လိုက်ရပါလျက်နှင့်ခရစ်၏အတ္ထုပ္ပတ္တိကို ရေးသားသောအခါမှ ၎င်းကို မေ့ချန်ပစ်ခဲ့သည်ဟု ဆိုနိုင်ပါမည်လော။ မဆိုနိုင်။ မသဲသည် သေးငယ်သော တန်ခိုးများကိုပင် မမေ့မလျော့ မှတ်တမ်းတင်ခဲ့သည်ကို စဉ်းစားလော့။ ထို့ကြောင့် မသဲသည် ထိုနောက်ဆုံးတန်ခိုးကိုမမြင်လိုက်ဟု ဆုံးဖြတ်ရချေမည်။ ရှင်ယောဟံကလည်း ကောင်းကင်တက်သောအကြောင်းကို မဖော်ပြခဲ့။ ခရစ်၏အချစ်ဆုံးတပည့် ယောဟံပင် မတွေ့မမြင်လိုက်ရသော်(ဝါ)မိမိရေးသားသော ခရစ်ဝင်၌ မရေးသားခဲ့သော် ထိုအချက်သည် နောက်လူများ ထည့်သွင်းထားခဲ့သော အပိုဘာသာအစစ်ဖြစ်ပေသတည်း။

မသဲသည် အဝတ်ဖြူနှင့်လူများကို မမြင်၊ ခရစ်ကောင်းကင်တက်သွားသည်ကို မမြင်၊ မာကုသည် ဤအကြောင်းအရာအားလုံးကို သတိမရခဲ့။ လုကာသည် အဝတ်ဖြူနှင့်လူများအကြောင်းကို မှတ်တမ်းတင်ထိုက်သည်(ဝါ)သူ၏ခရစ်ဝင်၌ထည့်သင့်သည်ဟုမအောက်မေ့ခဲ့ချေ။ ယောဟံသည် ဤအကြောင်းအရာကို ရေးသားလိုပုံပင်မရခဲ့။ သို့ပါလျက် ဤအချက်ကို ယုံကြည်နေကြကုန်သေး၏။ အံ့ဖွယ်ရာပင် မဟုတ်လော။

ကောင်းကင်သို့ တက်ခြင်းသည် အလွန်ထင်ရှားသင့်သောအရာဖြစ်ခဲ့၏။ မီးပုံးပျံတက်လာတာကို ဘေးပတ်ဝန်းကျင် ၄-၅မိုင်ခရီးမှ မြင်ကြရတုံသေး၏။ သို့သော် ခရစ်ကောင်းကင်သို့တက်ရာမှာမူ သူ၏တပည့်များပင် အကုန်မမြင်လိုက်ရချေတကား။ မြို့သူမြို့သား တိုင်းသူပြည်သားတို့မှာ ပြောဖွယ်ရာမရှိတော့ပြီ၏။ အို-ခရစ်ယာန်တို့ မေးလိုက်စမ်းပါရစေ။ ဘာ့ကြောင့် ခရစ်သည် လူအများတို့ သံသယကင်းပြီး ထင်လင်းစွာ မြင်အောင် ကောင်းကင်သို့မတက်သနည်း။ ဖိလိတ်၊ ဟေရုဒ်မှစပြီး တစ်တိုင်းပြည်လုံးက မြင်အောင်တက်သွားလျှင် သာပြီးမကောင်းတုံလော။ အိမ်း- ကောင်းချေ၏။ သို့ဘာကြောင့် မတက်သနည်း။ အကြောင်းကား သေရာမှပြန်ရှင်လာတာလည်းမဟုတ်။ ကောင်းကင်တက်သည်ဆိုတာလည်း လုပ်ဇာတ်ဖြစ်သောကြောင့်ဟူလို။

**သတ္တမနိုင်းယှဉ်ချက်၏လိုရင်းကား ဗုဒ္ဓရှင်တော်ဘုရားမှာ ရှေးပွင့်ပြီးဘုရားရှင်များ အတူရှိခဲ့၏၊ အနာဂတ်ပွင့်သော ဘုရားရှင်များအတူ ရှိလိမ့်ဦးမည်၊ ထာဝရကား ကာလသုံးပါး၌ တူသူမရှိဟု ဆိုလိုရင်းဖြစ်သတည်း။**

ကမ္ဘာလောကအတွင်း၌ ဖြစ်ပေါ်ခဲ့ဖူးသော ဘုရားအမည်ခံပုဂ္ဂိုလ်တို့တွင် ဗုဒ္ဓဂေါတမသည် စည်းနှင့်ကမ်းနှင့် ဘုရားအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန် ဖြစ်သတည်း။

ခရစ်ယာန်တို့၏ထာဝရခရစ်ဘွဲ့ခံ နှစ်နာမံရဘုရားဆိုသောသူသည် စည်းမဲ့ကမ်းမဲ့ရှိလှ၏။

ကျွန်ုပ်တို့သည် ၎င်းခရစ်(ဝါ)ထာဝရဆိုသူကို တကယ်စင်စစ် ဤကမ္ဘာမြေပြင်မှာ ဖြစ်ခဲ့ဖူးသည့်အနေထားပြီး ပြောဆိုရေးသားခဲ့ပြီ။ သို့ကလို ဖြစ်ခဲ့ဖူးသည့်အနေထားရစေကာမူ ၎င်း၏ဖြစ်ပုံကား ယုတ္တိယုတ္တာ ကင်းမဲ့လှ၏။ ဘာ့ကြောင့်-သွားရာလမ်းကြောင်းလမ်းမရှိ။ သွားလည်း မသွားဘဲ ခရီးအဆုံးသို့ ရောက်နေသည်နှင့်တူသောကြောင့်တည်း။

ဂေါတမဗုဒ္ဓသည် မိမိ၏ကျင့်လမ်းကျင့်စဉ်ကို သေသေချာချာ ဖော်ပြခဲ့၏။ ဟောပြောခဲ့၏။ ထိုကျင့်စဉ်ကိုကျင့်၍ ထိုလမ်းဖြင့် သွားသောမည်သူမဆို ဗုဒ္ဓဘွဲ့ထူးကိုရရှိနိုင်၏။ မည်သူမဆိုဘုရားဖြစ်ကြောင်း ဗောဓိသမ္ဘာရတို့ကို ဖြည့်ကျင့်နိုင်၏။ မည်သူမဆို ဘုရားအဖြစ်သို့ ညွှန်ပြသောလမ်းသို့လျှောက်သွားနိုင်၏။ သတ္တိနှင့်ဇွဲစွဲမြဲစွာရှိသူ မည်သူမဆို သတ္တလောက၏ ကယ်တင်ရှင်ဖြစ်နိုင်၏။

မည်သည့်ပညာမှ ကျကျနနမတတ်သေးသော ၅-နှစ်သားအရွယ်သူငယ်ကလေးသည် တက္ကသိုလ်ကျောင်းအုပ်ကြီး (ဝါ) ပညာမင်းကြီး ဖြစ်သွားသူများ သင်ကြားသွားသောစနစ်အတိုင်းသင်၍ ၎င်းသူတို့၏လုံ့လမျိုးဖြင့်ကြိုးစားသွားခဲ့သော် တစ်နေ့၌ မိမိဖြစ်ချင်သော တက္ကသိုလ်ကျောင်းအုပ်(ဝါ)ပညာမင်းကြီး ဖြစ်ရမည်။ ဤကား မလွဲနိုင်သောလမ်းတည်း။

ထို့အတူ ဂေါတမဗုဒ္ဓ၏ကျင့်စဉ် ကျင့်လမ်းအတိုင်း လိုက်လံအားထုတ်ကြိုးကုတ်သသူသည် တစ်နေ့၌ ၎င်း၏အခြေအနေသို့ မုချရောက်ရမည်။

ဗုဒ္ဓဝါဒ၌ မည်သူမဆို လွတ်လပ်ခွင့်ရရှိ၏။ အစဉ်သဖြင့် တပည့်နောက်လိုက်ချည့်သာဖြစ်နေကြရမည်မဟုတ်။

အားထုတ်က ဆရာအဖြစ်သို့လည်း ရောက်ရှိနိုင်သေး၏။ ထို့ကြောင့်-

ဗုဒ္ဓဝါဒသည် လွတ်လပ်ရေးကို ညွှန်ပြ၏။

ခရစ်ဝါဒသည် ကျွန်ဖြစ်ရေးကို ညွှန်ပြ၏။

ခရစ်ယာန်တို့သည် မည်သည့်အရာကိုမျှ လွတ်လပ်စွာ မလုပ်နိုင်။ မကြံစည်နိုင်။ ၎င်းတို့သည် အစဉ်သဖြင့် ခရစ်၏နောက်လိုက်တို့သာ ဖြစ်ရမည်။ အစဉ်ကျွန်ဘဝ၌သာနေရမည်။ မည်သည့်အခါမျှ နောက်လိုက်ငယ်သား ကျွန်သဘောက်ဘဝမှ မလွတ်နိုင်။ ခရစ်၏အခြေသို့ ဘယ်နံရောအခါမျှ မရောက်နိုင်။ ရောက်အောင် သွားလမ်းလည်းမရှိ။ ကျင့်စဉ်လမ်းလည်း မရှိ။ ထို့ကြောင့် ခရစ်(ဝါ)ထာဝရသည်ကျင့်စဉ်ကျင့်လမ်း ဓမ္မလမ်းလည်းမရှိဘဲ ဘရမ်းဘတာ မဟုတ်တယုတ်ဖြစ်သော ဘုရားဖြစ်ကြောင်း ထင်ရှားပြီမဟုတ်လော။ ထာဝရမှာ တူသူမရှိဟု ရွှေချိန်ခွင်ဆရာက ဆို၏။

အိမ်း- ဘုရားဘွဲ့ကို ခံယူသူတို့တွင် ထာဝရလောက် ရက်စက်သူ၊ တရားမဲ့သူ၊ ဖြူစူသူ၊ မကောင်းမှု ကျူးလွန်သူ၊ အရက်ကြိုက်သူ၊ အမဲကင်သားကင် ကြိုက်သူမရှိကြောင်း ကျွန်ုပ်တို့ကလည်း ဝန်ခံပါ၏။ ကဌာရာဇဝင်၌ သူ့ကိုတုရ၍ မိုက်မဲသောအမှု ပြုလုပ်သူမရှိသဖြင့် သူနှင့်တူသူမရှိဆိုက အသက်ရွှေချိန်ခွင်ဆရာ၏စကားသည် ကောင်းသောဆိုခြင်းဖြစ်ပေရာ၏။

ကောင်းမြတ်သည့်နေရာမှာ အတုမဲ့လျှင် ပြောပါတော့။ မကောင်းတဲ့နေရာမှာ အတုလံနေတဲ့ထာဝရကို အမွှန်းတင်နေခြင်းကား အသင်ခရစ်ယာန်တို့ နစ်မွန်းဖို့ ဖန်တီးခြင်းမျှသာဖြစ်သတည်း။ ကိုယ့်ခေါင်းကိုယ်ရှာ၊ ကိုယ့်မသာ ကိုယ်ထမ်း၊ ကိုယ့်တွင်းကိုယ်တူးခြင်းတို့သာ ဖြစ်သတည်း။

**ဘုရားဖြစ်သူသည် ဘုရားဖြစ်စေတတ်သော စည်းစံနစ်ကို သိရ၏။ ဘုရားနေ နေရ၏။ ဘုရားလုပ် လုပ်ရ၏။ ဘုရားပြော ပြောရ၏။**

အသင်တို့ ဓမ္မဟောင်းတစ်ခုလုံးကို ကြည့်လော့။ ထာဝရသည် ဘုရားလုပ် ဘယ်တော့မှ မလုပ်ခဲ့။ ဘုရားပြောလည်း မပြောခဲ့။ ဘုရားဆိုတဲ့အမည်နှင့်မတန်။ မကောင်းတဲ့ဘက်မှာ အတုလံနေတာတွေကို လုပ်ခဲ့၏။ ကျိန်ဆဲပုံတွေ ကြည့်ဦးလော့။ ယခုကာလ နှုတ်သီးအစွာဆုံး အကြမ်းဆုံး ငါးစိမ်းသည်ပင် ထာဝရ၏စကားလုံးတို့ကို ရှက်လို့မသုံးဝံ့ချေတကား။

တစ်ဖန် ဓမ္မသစ်ကို ကြည့်ဦးလော့။ ခရစ်အမည်ရှိသောထာဝရဘွားသည် ဘမျိုးဘိုးတူ ကလေးပင်တည်း။ သူနှင့်မတဲ့သူများကို ကျိန်၏။ ဆဲ၏။ ဖာရီရှတို့ကိုမူ တွင်တွင်ကြီး သဲသဲမဲမဲ ကြီးကျိန်ခဲ့၏။ ဆဲခဲ့၏။ လူကို ကျိန်ဖို့ဆဲဖို့ အခွင့်မရသောအခါ အသက်မရှိတဲ့ရေသဖန်းပင်ကို ကျိန်၏။ ဆဲ၏။ မျက်နှာလိုက်သောအလေ့ရှိ၏။ အမျိုးခွဲခြားတတ်၏။

ထို့ပြင် ဘုရားပြောဘုရားလုပ် မဟုတ်တာတွေကိုပြောခဲ့၊ လုပ်ခဲ့၏။ ထိုသို့သော သူသည် ဘုရားဟူသောဘွဲ့နှင့်နာမံနှင့်ထိုက်တန်ပါ၏လော။ မုချဧကန် ဘုရားဟူသော နာမံနှင့်မတန်ရှိုးမှန်သတည်း။

စင်စစ်မှာ ထာဝရနှင့်ထာဝရဘွားခရစ်တို့သည် ဘုရားဟူသော နာမံနှင့်မတန်သောကြောင့် ၎င်းတို့နှင့်တူသူကို ဘုရားဘွဲ့ခံပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့အထဲမှာ ရှာရန်မလိုတော့ပြီ။ အောက်တန်းစားတို့အထဲမှာမူ ၎င်းတို့နှင့်ချွတ်စွပ်သလို တူသူတွေ အသချေ်နှင့်အနန္တမကုန်နိုင်အောင် ပေါများလှချေ၏။

**အဌမနှိုင်းယှဉ်ချက်ပါ ခရစ်သေရာမှထခြင်း၊ ကောင်းကင်သို့တက်ခြင်းစသည်တို့ကို ဆဌမနှိုင်းယှဉ်ချက်အဖြေ၌ အကျယ်တဝင့်ရေးခဲ့ပြီ၊ ထို့ကြောင့် ဤအချက်၌ အကျယ်တဝင့်ရေးသားပြီး"လဲနေသူကို ဖိ၍ထောင်း"ရန်မလိုတော့ပြီ၊**

**နဝမနှိုင်းယှဉ်ချက်၌ ဗုဒ္ဓရှင်တော်ဘုရား၏ရုပ်တုဆင်းတုစသည်တို့သည် ဒုက္ခ၏အဖြစ်နှင့်သုခအစစ်ကို ဟောဖော်ထုတ်ပြခဲ့သော ကမ္ဘာ့ကျေးဇူးရှင်ဖြစ်သော ဂေါတမဗုဒ္ဓ၏ဂုဏ်ကျေးဇူးတော်ကို ကမ္ဘာသူကမ္ဘာသား၊ ဒုက္ခသည်သတ္တဝါများတို့ အစဉ်အမြဲသတိရစေရန် ထုလုပ်ထားသော အရာများဖြစ်သောကြောင့် ၎င်းတို့သည် မဟုတ်မဟတ် လုပ်ဇာတ်ဖြစ်သော ထာဝရဝင်စားအဖေမှန်မရှိဘဲ ဖွားရသောခရစ်ထက် အဆပေါင်းများစွာ သာလွန်ပိုမို၍မြတ်လှပေသတည်း၊ ဗုဒ္ဓဝါဒီများတို့ ရုပ်တုဆင်းတုကို အရိုအသေပြုခြင်းသည် ထိုရုပ်တုဆင်းတုကို ပြုလုပ်ထားသော ကျောက်အုတ်စသည်တို့ကို ရှိသေသည်မဟုတ်၊ စင်စစ်ကား အဖ၏ဓါတ်ပုံကို သားသမီးများ အရိုအသေပေးသကဲ့သို့ဖြစ်၏၊** အင်္ဂလန်ပြည်၌ နယ်လ်ဆင် ဝယ်လင်ဂတန် စသောလူစွမ်းကောင်းကြီးတို့၏ကျောက်ရုပ်ကို နောင်လာနောက်သားတို့အရိုအသေပေးသကဲ့သို့ပင်တည်း။

### ၃-ခု-၁-လီ-၁၊ တခု-၁-လီ-၃၊

ဤနှိုင်းယှဉ်ချက်၌ (ဘုရားသခင်တစ်ဆူတည်း ဖြစ်အောင် ပေါင်းတတ်သော ခမည်းတော်-သားတော်-သန့်ရှင်းသောဝိညာဏ်တော်တည်းဟူသော ၃-ပါးသောသူတို့တွင်)ဟူသောစကားကို ရွှေချိန်ခွင်ဆရာက အလိုင်းတကြီး ဂုဏ်ထီး



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဂုဏ်မ ပြုလုပ်၍ ရေးသားသောကြောင့် အများသော ခရစ်ဝါဒီတို့၏ဉာဏ်အတွင်း၌ အလင်းရောင်ထွင်းဖောက်၍ အမှန်သို့ ရောက်စေရန် သေချာထင်လင်းရှင်း၍ ပြခဲ့ပေအံ့။

ဓမ္မသစ်ကျမ်းအရ ခရစ်သည် ယောသတ်၏သားလည်းဖြစ်၏။ ထာဝရ၏သားလည်းဖြစ်၏။ အမိကား မာရီ တစ်ယောက်တည်းပင်တည်း။ အဘနှစ်ယောက်၊ အမိတစ်ယောက်မှ မွေးဖွားသူကား ခရစ်ပင်တည်း။ ခရစ်သည် မည်သည့်နည်းဖြင့် ထာဝရ၏သားဖြစ်နိုင်မည်နည်း။ မာရီ၏ဝမ်း၌တည်ရှိပြီဖြစ်သောသန္ဓေသည် ထာဝရ၏သန္ဓေဖြစ်သည်ဟု ကောင်းကင်တမန်တစ်ယောက်က တစ်ယောက်ကို အိပ်မက်တွင်ပြောကြောင်း မသဲခရစ်ဝင်၌တွေ့ရ၏။

သို့သော်- ထိုအကြောင်းနှင့်ပတ်သက်၍ မောင်ယောသတ်က ဘယ်လိုများ ရေးခဲ့သနည်း။ ဘာမျှမရေးခဲ့။ တစ်စုံတစ်ရာများ ဟောပြောခဲ့ပါ၏လော။ မပြောခဲ့။ ကာယကံရှင် မာရီသည်ဤအချက်၌ ပဓါနသက်သေဖြစ်၏။ သူသာလျှင် အသိဆုံးဖြစ်၏။ သူမပြောက အခြားမည်သူမျှ မသိနိုင်။ သို့ဖြစ်သော် ၎င်းမာရီက ဤအချက်၌ ဘာများရေးခဲ့သားခဲ့ပြောဆိုခဲ့သနည်း။ ဘာမျှရေးလည်းမရေး၊ ပြောလည်း မပြောခဲ့ချေ။ ထို့ပြင် ယောသတ်၏အိပ်မက်တွင်ပေါ်လာသော တမန်တော်ကကော ဤအချက်ကို အခြားသူများအား အသိပေးခဲ့၏လော။ မပေးခဲ့။

တစ်ဖန်တုံ- ပဓါနလက်သည်ဖြစ်သော ဝိညာဉ်ကလည်း ဤအချက်နှင့်ပတ်သက်၍ ဘာမျှမရေးခဲ့။ ဤအဖတည်းဟူသောလက်သည်စစ်မပေါ်ဘဲ ပဋိသန္ဓေကပ်မှီတည်စွဲသည်ဟူသော ကိစ္စ၌ခရစ်၏မိခင်မာရီသည် အသိဆုံးဖြစ်၏။ ထိုအသိဆုံးဖြစ်သော မာရီက သူ၏ခင်ပွန်းလောင်း ယောသတ်ကို ဤလို ထိုလိုဖြစ်ကြောင်း ပြောပြမည်လော။ ဘယ်နည်းနှင့်မျှပြောပြဝံ့မည်မဟုတ်ချေ။ ပြောဝံ့က အကောင်းမဟုတ်တော့ပြီ။ အခြားသူတစ်ပါးကို ပြောဖို့ကား စိတ်ကူးမှာပင် မတင်နိုင်သော အရာဖြစ်၏။ ယင်းသို့ဖြစ်ချေသော် မသဲသည် ဤသတင်းကို မည်သူ့ထံမှရသနည်း။ မသိ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤကိစ္စ၌ အသိဆုံးသူထံမှ မကြားရဘဲ တတိယမသိနိုင်သူများ၏ စာ၌သာ တွေ့ရချေ၏။

ဝိညာဉ်သည်ခရစ်၏အဖဖြစ်ကြောင်း မည်သို့ သက်သေပြမည်နည်း။

ရုပ်နာမ်နှစ်ပါးရှိသော မာရီသည် နာမ်သာဖြစ်သော ဝိညာဉ်နှင့်မည်သို့ တွေ့ဆုံပေါင်းသင်းမည်နည်း။

သန့်ရှင်းသောဝိညာဉ်ဟူသော သတ္တဝါမျိုးရှိကြောင်း မည်သူသိနိုင်မည်နည်း။

မောင်ယောသတ်ကော ထိုသည့်ဝိညာဉ်ဆိုသောအရာကို သိနိုင်မည်လော။

မောင်ယောသတ်သည် အိပ်မက်တွင် မြင်ရသောသူသည် ကောင်းကင်တမန်ဖြစ်သည်ဟု ဘယ်ပုံသိသနည်း။

အိပ်မက်တွင် ထင်မြင်လာသောသူမှတစ်ပါး အခြားကောင်းကင်တမန်များကို ကိုယောသတ် သိရှိတွေ့မြင်ခဲ့ဖူးသလော။

ဤကိစ္စအားလုံးသည် အိပ်မက်သာဖြစ်၏။ လူဆင်းရဲမောင်ယောသတ်ကား အိပ်ပျော်နေရှာ၏။ အိပ်ပျော်နေစဉ် အိပ်မက်၌ တွေ့မြင်ရသောအရာသည် သက်သေဝင်မည်လော။

အိပ်မက်သည် သက်သေခံ မဝင်။ ယခုကာလရှိ တရားရုံးများသို့ အိပ်မက်ဖြင့် သက်သေခံသူကို အရူးဟုသမုတ်ကြကုန်၏။ အိပ်မက်သည် နှစ်သက်စရာပင်ဖြစ်စေ(ဝါ)ကြောက်လန့်စရာပင်ဖြစ်စေ၊ အိပ်သူနိုးလာသောအခါ တစ်ခုမျှ အနှစ်သာရရော ကြောက်စရာပါမကျန်ဘဲ အားလုံးပျောက်ပျက်သွားရလေသည်။ အိပ်မက်သည် ဘာတစ်ခုမျှ အသားရှာမရသော အရာတည်း။ သို့သော် ခရစ်ယာန်တို့သည် ယောသတ်၏အိပ်မက်ကို တကယ့်အမှန်ဟု ယုံကြည်နေကြကုန်သည်။ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ချေ၏တကား။

ဤကိစ္စနှင့်ပတ်သက်၍ ခရစ်ယာန်တို့၏သဘောကား မာရီ၏အတွင်းအကျဆုံးအရေးကို မိမိကိုယ်တိုင် မကြားဘဲ၊ မသိဘဲရေးကြသော ခရစ်ဝင်တို့တည်း။ ၎င်းတို့တွင်လည်း အချို့က ခရစ်၏အဘသည် သန့်ရှင်းသောဝိညာဉ်ဖြစ်သည်။ အချို့ကမူ ယောသတ်သည်ပင် ခရစ်၏အဘဖြစ်သည်ဟုဆိုကြကုန်၏။ မသဲနှင့်လုကာခရစ်ဝင်တို့၌ ခရစ်၏အဆက်အနွယ်ကိုပင် ဖော်ပြချေသေး၏။ ၎င်းတို့စာရင်း၌ ခရစ်အဘသည် ယောသတ်ဟုဖော်ပြကြကုန်၏။ ဤနေရာ၌ မှတ်ချက် အနည်းငယ်ရေးခဲ့ပါရစေ။

မသဲခရစ်ဝင်၌ ခရစ်၏အဆက်အနွယ်ကိုပြရာ၌ ခရစ်မှဒါဝိတ်အထိ ၂၈-ဆက်ပြ၏။ ၎င်းစာရင်းနှစ်ခုတို့၌ ဒါဝိဒ်ခရစ်ယောသတ်ဟူသော အမည်တို့မှတစ်ပါး အခြားအမည်တူမပါချေ။ ဥပမာ-ခရစ်အဖ ယောသတ်၊ ယောသတ်အဖ ဟေလိ (လုကာ) ဤသည်ကိုထောက်သော် ခရစ်၏ဘကြီးနှစ်ယောက် ဖြစ်နေချေသည်။ အစစ်အမှန်ဖြစ်သော ဆွေစဉ်မျိုးဆက်စာရင်းကိုပင် ကြံစည်ဖန်တီးထားကြသော ၎င်းခရစ်ဝင်ကျမ်းပါစကားတို့သည် အမှန်ဖြစ်ဖို့နေနေသာသာ ယုတ္တိရှိသော မုသားတို့ပင် မဖြစ်နိုင်ကြကုန်။

အကယ်တစေ မသဲ၊ လုကာ မည်သောသူတို့သည် ခရစ်ဝင်အစကနေပြီး မမှန်တာ လွဲတာတွေကိုရေးကြပချေသော် နောက်နောက်အခန်းတို့၌ ၎င်းတို့ရေးသောအချက်များကို ယုံကြည်ရန် ရှိပါသေး၏လော။ မသဲ၏စာရင်းမှန်သော် လုကာ

၏စာရင်း မှားရမည်။ လုကာ၏စာရင်းမှန်သော် မသဲ၏စာရင်းမှားရမည်။ နှစ်ခုစလုံးမမှန်နိုင်။ အစစ်အမှန်မှာ နှစ်ခုလုံး မှားပုံရချေသည်။

စကားစ ပြန်ဆက်စို့။ ထာဝရဝင်စား(ဝါ)ထာဝရဖွားဟူသောအချက်ကို ခရစ်ယာန်တို့သည် ယုတ္တိသာဓကဘာမျှမရှိဘဲ ယုံကြည်နေကြကုန်၏။ ၎င်းသည် လူသတ္တဝါ၏ဝိစာရဏာဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ထိုမျှမက ခရစ်သည် ထာဝရ၏ သားဖြစ်ရှုတင် မရပ်သေးဘဲ သူသည်ပင် ထာဝရဖြစ်ခဲ့၏(ဝါ)ဖြစ်ဆဲဖြစ်သည်ဟု ခရစ်ယာန်တို့ ယုံကြည်နေကြကုန်၏။

ခရစ်သည် မမွေးမီအခါက ထာဝရဖြစ်ခဲ့သလော။ မာရီ၏ဝမ်းဗိုက်သည် ထာဝရ၏ရာဇပလ္လင်ဖြစ်သလော။ ခရစ်သည်ပင် ထာဝရဖြစ်ကြောင်း မည်သည့်အထောက်အထားသာဓက ရှိသနည်း။

ထာဝရသည် သူ၏အဘဖြစ်ကြောင်း ခရစ်ကိုယ်တိုင်က ပြောသည်ဟု တစ်စုံတစ်ယောက်သောသူက ပြောခဲ့၏။ ထိုသည့်တစ်စုံတစ်ယောက်သောသူကား မည်သူနည်း(ဝါ)ထိုသည့် တစ်စုံတစ်ယောက်သည် ဒီသတင်းစကားကို ဘယ်သူ့ထံမှ ကြားခဲ့သနည်း။ မည်သူမှမသိချေ။ အခြားတစ်စုံတစ်ယောက်ကမူ ဒါဝိဒ်၏အနွယ် ယောသတ်၏သားဟု ဆိုပြန်ချေ၏။ ဤနောက်ဖြစ်သော တစ်စုံတစ်ယောက်၏စကားသည် ယုတ္တိရှိ၏။ မှန်နိုင်ရည်ရှိ၏။

ခရစ်ယာန်တို့၏ အယူအားဖြင့် ခရစ်သည် ဒုတိယလူ၊ ထာဝရသည် ပထမလူ၊ သန့်ရှင်းသောဝိညာဉ်သည် တတိယလူ ဖြစ်၏။ ဤလူသုံးဦးတို့သည် အသီးအသီး ထာဝရဖြစ်ကြ၏။

ခရစ်တစ်ဦးတည်းပင် မိမိကိုယ်တိုင်၏အဖလည်းဖြစ် သားလည်းဖြစ်နိုင်၏။ သို့သော် သန့်ရှင်းသောဝိညာဉ်မူ အဖလည်းမဟုတ်၊ သားလည်းမဟုတ် နှစ်ခုလုံး ဖြစ်သတတ်။

သေချာစွာ စဉ်းစားတတ်သူများအဖို့ အလွန်ရယ်ဖွယ်ကောင်းသော အယူဖြစ်ချေ၏။

သားကို အဖအားဖြင့်မွေး၏။ ထိုသားသည် မမွေးမီအခါကလည်း ရှိခဲ့ဖူးသတတ်။ ခရစ်သည်သူ၏အဖ ထာဝရလောက် ကြီးသတတ်(ဝါ)ထာဝရသည် သူ၏သား ခရစ်တမျှ ပျိုမျစ်နုနယ်လေသတတ်။

အကြောင်းကား သားနှင့်အဖ အတူတူပင် ဖြစ်သည်ဟု ဆိုသောကြောင့်တည်း။ ထို့ပြင် သန့်ရှင်းသောဝိညာဉ်သည် သားနှင့်အဖထံမှ ထွက်ပေါ်ရ၏။ သို့သော် သူတို့နှစ်ဦးမဖြစ်မီ (ဝါ) မမွေးမီကပင် ၎င်းတို့နှင့်အတူ ရှိသည်ဟူလို။

ထို့ကြောင့် အဖသည် ထာဝရဖြစ်၏။ သားလည်း ထာဝရဖြစ်၏။ ဝိညာဉ်သည် ထာဝရ ဖြစ်၏။ ဤသုံးခုသော ထာဝရတို့သည် တစ်ခုသောထာဝရ ဖြစ်နိုင်၏။ တစ်ခုသောထာဝရသည် သုံးခုသောထာဝရများဖြစ်နိုင်၏ဟု ခရစ်ယာန်တို့ပြောဆိုယုံကြည်ကြ၏။ ဤအတိုင်းဆိုသော် ခရစ်ယာန်တို့၏အလီပေါင်းသည် အလွန်ရယ်စရာ ကောင်းနေချေ၏။

၎င်းကား (၁)တစ်လီ (၃)။ (၃)တစ်လီ (၁) ဖြစ်ချေ၏။ ထို့ကြောင့် အနုတ်ကိန်းမှာလည်း (၃-၃=၁)၊ (၃-၂=၃)၊ (၃-၁=၃) ဖြစ်နေချေ၏။ အပေါင်း၌လည်း ၂+၁=၁ ဖြစ်နေချေ၏။ သင်္ချာနည်းအရ ပြရသော် ၃+၁=၃၊ ၃-၃=၁၊ ၃-၁=၃ ဟူ၍ အဓိပ္ပါယ်မရှိသောကိန်းများ ဖြစ်လာချေမည်။

အကြောင်းကား-

**ခရစ်-ခရစ်+ထာဝရ+ဝိညာဉ် ဟူ၍လည်းကောင်း၊**

**ထာဝရ+ဝိညာဉ်+ခရစ်-ခရစ် ဟူ၍လည်းကောင်း၊**

**(ထာဝရ+ဝိညာဉ်+ခရစ်)ခရစ်-ထာဝရ+ခရစ်+ဝိညာဉ်**

ဟူ၍လည်းကောင်း ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ခရစ်ယာန်တို့၏သုံးခုတစ်ဆူ ဘုရားဟူသောဝါဒထက် ပိုမို၍မဖြစ်နိုင်သောအရာ မဟုတ်မဟတ်သောအရာ၊ သိမ်ဖျင်းယုတ်ညံ့သော၊ ရယ်ဖွယ်ကောင်းသောအရာ ဤကမ္ဘာလောက အတွင်း၌ မရှိတော့ပြီ။

ဤတွင် ရွှေချိန်ခွင်စာဆရာ၏ ဗုဒ္ဓနှင့်ထာဝရနှိုင်းယှဉ်ချက် ဆုံးလေပြီ။ ၎င်း၏နှိုင်းယှဉ်ချက်တို့ကိုစေ့စပ် သေချာစွာ တွေးတောဆင်ခြင်ပါမူ အရာမရောက်သကြိန်အမြောက်ပမာ ဖြစ်ကြောင်းကိုပညာရှင်တို့ တွေ့ရှိနိုင်ပေပြီ။ ထိုအချက်မကျ ဉာဏ်အမြင်မကျယ်ဘဲ ဗဟုသုတဝိစာရဏာသေးငယ်သူ၏နှိုင်းယှဉ်ချက်တို့သည် စဉ်းစားဉာဏ်ယှဉ်သော ဖြေဆိုချက်ဟူသော နေရောင်ခြည်ရောက်လာသဖြင့် ဆီးနှင်းသဖွယ် ပျောက်၍ကုန်လေပြီ။

➤➤➤➤➤➤

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ယခုသော် ခရစ်ယာန်တစ်လောကလုံးရှိ ခရစ်ဝါဒီတို့ မငြင်းနိုင်၊ မရှင်းနိုင်သောခြားနားချက်ကိုပြရန် အခွင့်ဆိုက်ရောက်လာချေပြီ။ ကျွန်ုပ်တို့ဗုဒ္ဓရှင်တော်ဘုရားကို ထာဝရနှင့်မနှိုင်းယှဉ်လိုချေ။ ဘာကြောင့် နှိုင်းယှဉ်ဖို့ အဖက်အရာမဟုတ်သောကြောင့်တည်း။ သို့သော် ခြားနားချက် အနည်းငယ်ကိုမူ ဖော်ပြသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

## ဗုဒ္ဓရှင်တော်ဘုရားနှင့်ထာဝရတို့၏ ခြားနားချက်

### ဗုဒ္ဓဂေါတမ

၁။ သနားကြင်နာတတ်၏။
၂။ ပါဏာတိပါတအမှုကို ရှောင်ကြဉ်တော်မူ၏။ ရှုံ့ချတော်မူ၏။
၃။ ကိုယ်တိုင်သတ်တော်မမူ။
၄။ သူတစ်ပါးကို ကျိန်ဆဲလေ့မရှိ။
၅။ ဝန်တိုက္ကဿာ မရှိ။
၆။ သေစာအရက်ကို ကိုယ်တိုင်လည်းမသုံး၊ တပည့်တို့ကိုလည်း မသုံးစေ။
၇။ ရန်သူနှင့် မိတ်ဆွေကို အတူတူပင် ချစ်ရမည်ဟု ဟောတော်မူ၏။ ဟောသည့်အတိုင်း ကိုယ်တိုင်ကျင့်သုံး၏။
၈။ အသားစားခြင်းမှ ရှောင်ကြဉ်တော်မူ၏။
၉။ သားဦးကို ယဇ်ပူဇော်ရမည်ဟု ဘယ်အခါမှ အမိန့်မရှိ။ ဗလိဒါန-ယဇ်ပူဇော်ခြင်းကို စက်ဆုပ်တော်မူ၏
၁၀။ လူနှင့်တကွ အခြား သက်ရှိ သတ္တဝါတို့ကို သတ်ဖြတ်ဖို့ မဆိုထားဘိ၊ နာကျည်းအောင်ပင် ပြုလုပ်တော်မမူခဲ့။
၁၁။ စစ်မက်ကို ရှုတ်ချတော်မူခဲ့၏။ စစ်ကို တားမြစ်တော်မူခဲ့၏။
၁၂။ ရန်ကို ရန်ချင်းမတုံ့လျှဉ်းနှင့်ဟု သည်းခံခြင်းတရားကို ဟော၏။
၁၃။ သူ့သားအိမ်ယာပြစ်မှားခြင်းကို လေးနက်စွာ အပြစ်ဆိုတော်မူ၏။ မိန်းမများကို အမိဟူသောသညာဖြင့် ကြည့်ရမည်ဟု ဟောတော်မူခဲ့၏။
၁၄။ ဆိုးသွမ်းသော သူတို့ကို ကောင်းအောင်ပြုပြင်ပြီးလျှင် ကရုဏာပွား၍ သနားတော်မူ၏။ အမျက်ထွက်တော်မမူချေ။
၁၅။ လူမျိုးမခွဲခြားဘဲ အားလုံးသော သက်ရှိသတ္တဝါတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့၏။
၁၆။ သစ္စဝါဒီ-ဘူတဝါဒီ ဖြစ်တော်မူ၍ အမှန်ကိုသာ ချစ်တော်မူ၏။ သတ္တဝါတို့ကို လှည့်စားတော်မူလေ့မရှိ။
၁၇။ သူ့အသက် သတ်ခြင်းကို မဆိုထားဘိ။ မိမိကိုယ်ကို ဥပမာပြု၍ မရိုက်မနှက်ရဟူ၍ပင်ဟောခဲ့၏။
၁၈။ လူတိုင်းမှာ လွတ်လပ်ခွင့်ရှိ၏ဟု ဟောတော်မူခဲ့၏။
၁၉။ မျက်နှာလိုက်ခြင်း မရှိ။ သမာသမတ်ကျင့်တော်မူ၏။ အခြားဘာသာဝင်များကို မုန်းတီးတော်မမူ။
၂၀။ မုသားပြောဆိုခြင်းကို အပြစ်ကြီးစွာပြ၍ တားမြစ်တော်မူ၏။
၂၁။ မိမိ၏ပယောဂပါစေ၍ သတ္တဝါကို နာကျင်အောင် ပြုတော်မမူခဲ့။
၂၂။ မိမိကိုယ်တိုင်ဖြစ်စေ(ဝါ)ပယောဂပါ၍ဖြစ်စေ ပါဏာတိပါတမှုကို ဘယ်အခါမျှ မပြုခဲ့ချေ။
၂၃။ ဒေါသကို ပယ်ရှားပြီးဖြစ်၍ မေတ္တာကိုသာပွားများတော်မူ၏။
၂၄။ ဘာသာအယူဝါဒ ကွဲပြားရုံမျှမက မိမိဘာသာကို စော်ကားလာသူအပေါ်မှာပင် မေတ္တာပွားဖို့ဆုံးမတော်မူခဲ့၏။
၂၅။ တစ်ဦးကိုမုန်း၍ တစ်ဦးကို ချစ်သည်မရှိ၊ သတ္တဝါအားလုံးကို တစ်သားတည်းချစ်တော်မူ၏။

# ဗုဒ္ဓရှင်တော်ဘုရားနှင့်ထာဝရတို့၏ ခြားနားချက်

## ထာဝရ

၁။ ရက်စက်ကြမ်းကြုတ်၏။
၂။ သူတစ်ပါးအသက်သတ်ရန် အမိန့်ပေး၏။
၃။ ကိုယ်တိုင်လည်း သူ့အသက်သတ်၏။ ( I SAW VI )
၄။ အထပ်ထပ်အကြိမ်ကြိမ် ယုတ်ယုတ်မာမာ ကျိန်ဆဲလေ့ရှိ၏။
၅။ ဝန်တို၏။ မစ္ဆေရများ၏။
၆။ အရက်ကို ကိုယ်တိုင်သောက်၏။ တပည့်တို့ကိုလည်း သောက်စေ။ (၁၇၁-၁၆။၃)
၇။ ရန်သူကို ချစ်ရမည်ဟု ပြောကားပြော၏။ ကိုယ်တိုင်ကမူ ရန်သူကိုမုန်း၏။ အခြားဘုရားများကိုမုန်း၏။ အခြားဘာသာဝင်များကို ကျိန်၏။ ဆဲ၏။
၈။ အသားစားကြူး၏။ ချိုးကင်-သိုးကင်ကို ကြိုက်၏။ အသွေးကြိုက်၏။ (ထွ-တော)
၉။ သားဦးကို ငါ့အားပူဇော်လော့ ၈-ရက်သားသိုးကလေးကို ပူဇော်လော့ဟု အမိန့်ပေး၏။ မပူဇော်က ကျိန်ဆဲ၏။ (ထွ ၂၂။ ၂၉။ ၃၀)
၁၀။ အဲဂုတ္တပြည်ရှိ သားဦးသမီးဦးတို့ကိုသတ်၏။ လူသတ္တဝါမှအပဖြစ်သော ကျွဲနွားတို့၏သားဦးကိုပင် သတ်ခဲ့၏။ (ထွ၊ ၁၂။၂၉)
၁၁။ စစ်မက် ဝါသနာပါ၏။
၁၂။ ရန်တုံ့မူရန်၊ လက်စားချေရန် အရေးတကြီး ဟောခဲ့၏။ (ဝတ်၊ ၂၄၊ ၃၀)
၁၃။ ယောကျ်ားနှင့်တွေ့ဖူးသောမိန်းမဟူသမျှကို သတ်၍ အပျိုစင်များကိုမသတ်ဘဲ သင်တို့အဖို့သိမ်းဆည်းယူငင်လော့ (တော၊ ၃၁၊ ၁၇၊ ၁၈)
၁၄။ ဆိုးသွမ်းသူများကို အမျက်ထွက်၍ နှိပ်စက်ခဲ့၏။ ကောင်းအောင် မပြုပြင်ဘဲ ငရဲသို့ ပို့ခဲ့၏။ (၉-၁၇) (ဆ-၇-၁၁)
၁၅။ နှာခေါင်းချွန်၊ နှာခေါင်းပြား ခွဲခြား၏။ ဣသရေလလူမျိုးတို့၏အကျိုးကိုသာဆောင်ရွက်ခဲ့၏။ (ဝတ်-၂၁-၂၀)
၁၆။ သတ္တဝါတို့ မုသားနှင့်အမှားကို ယုံရန်လှည့်စားခဲ့၏။ သို့လှည့်စားသဖြင့် မုသားယုံသူတို့ကိုအပြစ်ပေးခဲ့၏။ (၁-သက်-၂-၁၂-၁၂)
၁၇။ အသက်သတ်ခြင်းကို ရိုးရိုးမဟုတ် လည်ပင်းလိမ်ချိုးရမည်။ ပြန်မသွားစေရဟု ဟောခဲ့၏။အသည်းယားစရာပင်။ (ဝတ်-၅-၇)
၁၈။ ကျွန်မွေးမြူခြင်း ၊ ကျွန်အရောင်းအဝယ်ပြုခြင်းကို သဘောတူ၏။ (တွ-၂၁)
၁၉။ မျက်နှာလိုက်၍ အခြားဘာသာဝင်များကို မုန်း၏။ ကျိန်ဆဲ၏။ ရဟူဒီများကိုသာ ကယ်တင်လိုစိတ်ရှိ၏။
၂၀။ လူသတ္တဝါတို့၏စိတ်တွင်းသို့ မုသားပြောလိုစိတ်ကိုပင် ထည့်သွင်းပေးခဲ့၏။ (၃၊၇၊၂၂၊၂၃)
၂၁။ မိမိကိုယ်တိုင် ယာကုတ်နှင့်နဘမ်းလုံးခဲ့၏။ ပေါင်ကျိုးအောင် ထိုးခဲ့၏။ (က-၃၂-၂၇)
၂၂။ ဒါဝိဒ်ကို သန်းခေါင်စာရင်းအကောက်ခိုင်းပြီးလျှင် လူ ၇၀၀၀၀ကိုသတ်၏။ (၂-၇၁-၂၄-၁၅) သဘော်ာကို ကြည့်ခဲ့၍ လူ ၅၀၀၇၀ကိုသတ်၏။ (၁၊ ၇၁၊ ၆၊ ၁၉)
၂၃။ ဒေါသကြီး၏။ ဒေါသကြီးလွန်းသောကြောင့် မောရှေက တောင်းပန်ရ၏။ (ထွ ၃၂-၁၁)
၂၄။ ညီအရင်းက အခြားဘုရားအကြောင်းကို ဟောလာက ၎င်းကို အစ်ကိုရင်းကရှေးဦးစွာသတ်ရမည်ဟု ဆုံးမခဲ့၏။ (တရား ၁၃၊ ၇၊ ၈၊ ၉)
၂၅။ ယာကုတ်ကို ချစ်၍ ဧသောကို မုန်း၏။ ၎င်းကို မကောင်းသောလယ်မြေကို ပေး၏။ (မ ၁၊၁၂၊၃)

ဗုဒ္ဓနှင့်ထာဝရတို့၏ ထောင်ပေါင်းများစွာသော ခြားနားချက်တို့မှ အနည်းငယ်မျှ ထုတ်၍ ပြခဲ့ပြီးပြီ။ ယခုသော် ဗုဒ္ဓနှင့်ထာဝရဘွားခရစ်၏ခြားနားချက်တို့ကို အနည်းငယ်မျှ ပြကြဦးစို့။ ကြည့်လော့ ရှုလော့ စဉ်းစားလော့။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

## ဗုဒ္ဓဂေါတမ

၁။ သုဒ္ဓေါဒနနှင့်မဟာမာယာဒေဝီတို့မှ နှစ်မစုံမွေးသောသားတော်ဖြစ်၏။

၂။ အထက်ပါအရ အကျင့်သီလ အာစာရ မဖောက်ပြားသော မိကောင်းဖခင်၏သားဖြစ်ကြောင်းထင်ရှား၏။

၃။ အဋ္ဌနမင်း၏သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်ကြောင်း ရက်ချုပ်ရှိ၏။

၄။ သဘာဝဓမ္မအရ အသက်တော် ၈၀-ပြည့်သောအခါ ဘုရားတို့၏ ကမ္မဋ္ဌာန်းဖြင့် တည်ကြည်စွာ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။

၅။ သတ္တလောကရှိ သတ္တဝါအပေါင်းတို့ကို ကယ်တင်တော်မူရန်ဖြစ်၏။

၆။ သတ္တလောကအတွင်း အေးငြိမ်းခြင်းသုခတရား ဖြစ်ပေါ်စေရန် ကြွလာတော်မူခြင်းဖြစ်၏။

၇။ ခြောက်ကျိပ်သော တပည့်များကို သာသနာပြု စေလွှတ်ရာ၌ သတ္တဝါတို့အား မြတ်သောတရားကို ပြကြလော့ဟု မိန့်တော်မူခဲ့၏။

၈။ သူ့လူ ငါ့လူစသည်ဖြင့် ဘယ်သောအခါမျှ လူမျိုးခွဲခြားသောစိတ် ရှိတော်မမူခဲ့ချေ။

၉။ တစ်စုံတစ်ယောက်ကို ကြောက်လန့်၍ မည်သည့်အခါမျှ လျှို့ဝှက်စွာသွားလာတော်မမူခဲ့ချေ။
အင်္ဂုလိမာလကဲ့သို့သော ဓါးပြဗိုလ်က လိုက်စေကာမူ မပြေးဘဲ သူရသတ္တိကို ပြတော်မူ၏။

၁၀။ မှန်သောတရားအတွက် မကြောက်မရွံ့ နောက်မတွန့်ဘဲ တိုးကြလော့ ဟောကြလော့ဟု မိန့်တော်မူခဲ့၏။

၁၁။ ယထာဝါဒီ တထာကာရီဂုဏ်နှင့် ပြည့်စုံတော်မူသဖြင့် ရန်သူ-မိတ်ဆွေမရွေးချစ်ကြ မိန့်တော်မူတိုင်း ကိုယ်တိုင်လည်း ရန်သူမိတ်ဆွေမခြား ချစ်တော်မူခဲ့၏။

၁၂။ မိဘညီအစ်ကိုမောင်နှမတို့ကို ချစ်ရန် ဟောတော်မူခဲ့၏။ ကိုယ်တိုင်လည်း ချစ်တော်မူခဲ့၏။

၁၃။ ကမ္မဝါဒီဖြစ်တော်မူသောကြောင့် အလုပ်လုပ်ခြင်းကို ချီးမွမ်းတော်မူ၏။ ကောင်းသောအလုပ်ဖြင့် အသက်မွေးမြူရန်မိန့်တော်မူခဲ့၏။

၁၄။ ဗလိဒါနဟူသော သူ့အသက်ဖြင့် ယဇ်ပူဇော်ခြင်း ရှုတ်ချတော်မူခဲ့၏။ တားမြစ်တော်မူခဲ့၏။

၁၅။ မည်သည့် သတ္တဝါကိုမျှ ထိမ်ဝှက်၍ တရား ဟောတော်မမူခဲ့။ မိမိ၏ တရားတော်ကို ရှင်းရှင်း နားလည်ကြစေရန် အတိအလင်း ဟောပြတော်မူခဲ့၏။

၁၆။ သူတစ်ပါးကို နာကျင်စေကြောင်းဖြစ်သော ဓါး-လှံ စသည်တို့ကို အသုံးမပြုရဟု တားမြစ်တော်မူခဲ့၏။

၁၇။ ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ရစေရန် တရားပြကြသောပုဂ္ဂိုလ်များကို ဘယ်အခါမျှပုတ်ခတ်တော်မမူခဲ့။

၁၈။ စာပေ-ပညာတတ်သူများကို အထူးအရေးပေး၍ ချီးမြှောက်တော်မူခဲ့၏။

၁၉။ ကမ္ဘန္တြေမဲ့သော အလုပ်ကို အမြဲရှောင်ကြဉ်တော်မူ၏။ တရားသဖြင့် နူးညံ့ပြေပြစ်စွာသာဟောလေ့ရှိ၏။

၂၀။ အရက်သေစာကို ကိုယ်တော်တိုင် မသောက်သုံးသည့်အပြင် တပည့်နောက်လိုက်များကိုလည်း မသောက်ရန် တားမြစ်တော်မူခဲ့၏။

၂၁။ အမဲ-သား-ငါးဟူသော သက်သတ်စားခြင်းမှ ရှောင်ကြဉ်တော်မူခဲ့၏။

၂၂။ ကိုယ်တိုင်ကျင့်ကြံစမ်းသပ်ပြီးသော တရားကိုသာဟောသဖြင့် ထိုအတိုင်းကျင့်သူများ မဂ်ဖိုလ်နိဗ္ဗာန် ရကြသည်မှာ မရေမတွက်နိုင်အောင် များလှလေပြီ။ နောင်အခါ၌လည်း ထိုအတိုင်း ကျင့်ကြံသူ အပေါင်းတို့သည် အတိုင်းမသိ နိဗ္ဗာန်သို့ရောက်လိမ့်ဦးမည်။

၂၃။ သက်တော် ၈၀-ပြည့်၍ ခန္ဓာ-နာမ်ရုပ်ချုပ်တော်မူသောအခါ မည်သို့မျှမညည်းညူတော်မူဘဲ ဘဝအဆုံးသတ်တော်မူ၏။

၂၄။ သက်တော် ၈၀-ပြည့်အောင် နေရ၏။ အသေကောင်းခြင်းဖြင့် သေတော်မူရ၏။

၂၅။ မြင့်မြတ်ယဉ်ကျေးသော တရားကိုဟောပြ၍ ဖြောင့်တန်းသော လွတ်လပ်ရာလမ်းကို ပြတော်မူခဲ့၏။

E-book is created by www.shanyoma.org

# ထာဝရဘုရား–ခရစ်

၁။ ယောသပ်နှင့်မညားမီက သန္ဓေအရင့်အမာ ရှိပြီးဖြစ်၍ အဖေခေါ်စရာမရှိဘဲ မာရိမှမွေး၏။

၂။ အဖေတည်းဟူသော လက်သည်ရှာမရသဖြင့် အကျင့်ဖောက်ပြားသော အမိ၏သားဖြစ်၏။

၃။ အခြေမကျ ထမင်းဆိုင်မှာ မွေးရသဖြင့် မွေးနေ့မွေးရက်နှင့်ပတ်သက်သောမှတ်တမ်း မရှိ။

၄။ မဟုတ်မဟပ် လုပ်ကြံပြောမှုကြောင့် သူခိုးဓါးပြတို့ကဲ့သို့ သူခိုးနှစ်ယောက်၏အလယ်မှာ ကားစင်တင်ပြီး သူတစ်ပါးတို့၏ အသတ်ကို ခံရ၏။

၅။ ဣသရေလခေါ်ရဟူဒီတို့အတွက်သာ ဖြစ်၏။ အခြားသတ္တဝါတို့ကို ကယ်တင်ရန်မဟုတ်။ (မ၊၁၅၊၂၄)

၆။ ကမ္ဘာလောကအတွင်း အေးငြိမ်းခြင်းကို လွှတ်ရန်မဟုတ်ဘဲ ဓါးကိုစေလွှတ်ရန် အချင်းချင်းကွဲပြားကြစေရန်ဖြစ်၏။ (မ၊၁၀။ ၃၄-၃၅)

၇။ တစ်ကျိပ်နှစ်ယောက်သော တပည့်များကိုစေလွှတ်ရာ၌ ဣသရေလလူမျိုးမှတစ်ပါး အခြားလူမျိုးများရှိရာ မြို့ပြပြည်ရွာများသို့ မဝင်ကြနှင့်ဟု ပြောခဲ့၏။ (မ ၁၀၊ ၅-၆)

၈။ သူ့ကို အကူအညီတောင်းဆိုသော ဂရိမိန်းမတစ်ယောက်နှင့် တွေ့သောအခါ လူမျိုးခွဲခြားသော စိတ်ကို ထင်ရှားစွာ ဖော်ပြခဲ့၏။ (မာ ၇။ ၂၆၊ ၂၇)

၉။ သူ့ကို ကျောက်ခဲနှင့် ပစ်မည်ရှိသောအခါ ပုန်းပြီး ထွက်ပြေးခဲ့၏။ (ယော ၈၊၅၉)ထာဝရ၏သားဟု ပြောသဖြင့် ဖမ်းမည်လိုက်သောအခါ ကိုယ်လွတ်ရုန်း၍ပြေး၏။ သူရဲဘောနည်းကြောင်း ထင်ရှားစွာ ပြခဲ့၏။ (ယော ၁၀၊ ၃၉)

၁၀။ သင်တို့ကို ဤမြို့က တရားစွဲအံ့။ အခြားမြို့သို့ ထွက်ပြေးကြလော့ဟု အမိန့်ပေးခဲ့၏။ (မေ၊ ၁၀၊ ၂၃)

၁၁။ ရန်သူများကို ချစ်ရမည်ဟု ပြောသော်လည်း သူကိုယ်တိုင်ကမူ ရန်သူများကို ကျိန်ဆဲ၏။ သူ့ကို မယုံသူများကို ခွေး၊ ဝက်၊ မြွေဆိုး၊ စာတန်၊ စာတန်သမီးဟူသော ညစ်စုတ်သောစကားလုံးတို့ဖြင့် သုံး၍ခေါ်ဆိုခဲ့၏။ (မာ၊ လု)

၁၂။ မိဘစသည်တို့ကို မုန်းရန်ပြောခဲ့၏။ (လု၊ ၁၄။ ၂၆) ကိုယ်တိုင်ကလည်း သူ မယုံသူများကို မုန်းခဲ့၏။ သူ့ရှေ့ခေါ်ပြီးသတ်ရမည်ဟု ပြော၏။ (လု၊ ၁၉။၂၇)

၁၃။ အလုပ် လုပ်ခြင်းကို ရှုတ်ချ၏။ နေ့စဉ်အစာရဖို့ ဆုတောင်းရမည်။ နက်ဖြန်အဖို့ ကြိုတင်၍ဆုတောင်းရမည်ဟုပြောခဲ့၏။ (မာ ၆၊ ၁၁) (လု၊ ၉။ ၃)

၁၄။ သူကိုယ်တိုင်ကပင် သက်ရှိသတ္တဝါတို့ဖြင့် ယဇ်ပူဇော်ခဲ့၏။ (လု ၂၂၊ ၇)

၁၅။ မိမိ၏အမျိုးအနွယ်ရဟူဒီတို့ကိုသာ အတိအလင်းဟော၍ အခြားလူများကိုမူ နားမလည်နိုင်အောင်လှည့်စား၍ဟောခဲ့၏။ (မ-၁၃။ ၁၃-၂၅)

၁၆။ ဓါးမရှိသောသူများသည် မိမိတို့၏ အဝတ်ကိုရောင်း၍ ဓါးကိုဝယ်ကြလော့ဟု ပြောခဲ့၏။ (လု-၂၂၊ ၃၆)

၁၇။ သူမပေါ်မီက ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်များကို သူခိုးတွေဓါးပြတွေဟု ပုတ်ခတ်ပြောဆိုခဲ့၏။ (ယော-၁၀။ ၈)

၁၈။ စာပေ-ပညာတတ်သူများကို ရွံ့မုန်း၍ မြွေဆိုးတွေ သီလကြောင်တွေစသည်ဖြင့် မဖွယ်မရာ ပြောခဲ့၏။

၁၉။ အလွန်ဣန္ဒြေမဲ့သောအလုပ်ကို လုပ်ခဲ့၏။ တရားသဖြင့် ပြောပြသင့်ပါလျက် ဟိုဟာ ဒီဟာ ဆွဲလွဲလွှင့်ပစ်၏။ (မာ ၁၁၊ ၁၅)

၂၀။ အရက်သေစာကို အလွန်ကြိုက်၏။ တပည့် နောက်လိုက်များကို အရက်သောက်ရန် အမိန့်ပေးခဲ့၏။ (ယော-၂)

၂၁။ အမဲ-သား-ငါးကို ကိုယ်တိုင်ပင် စားသောက်ခဲ့၏။ တပည့်များအတွက် ပြောဖွယ်ရာမရှိပြီ။

၂၂။ ခရစ်ကား သူမသိသော ကောင်းကင်ဘုံနန်းကို ဘန်းပြပြီးတရားဟောခဲ့၏။ ကောင်းကင်ဘုံကျလာတော့မည်။ ကမ္ဘာကြီးပျက်စီးတော့မည်ဟု မမှန်သော ခြောက်လုံးလှန့်လုံးတို့ဖြင့် ဟောခဲ့စေကာမူ ယခုတိုင် သူ၏ ကောင်းကင်ဘုံနန်းသို့ရောက်သူတစ်ဦးတစ်ယောက်မျှမပြနိုင်၊ ခရစ်ယာန်ထိပ်သီးတမန်တော်ကြီးများပင် ယခုဘယ်ရောက်နေသည် မသိရ၊ အခြားသူတို့ကား ပြောဖွယ်ရာ မရှိတော့ပြီ။

၂၃။ သေအံ့ဆဲဆဲခဏ၌ အသံဆိုးကြီးနှင့်ကျွန်ုပ်ဘုရား အဘယ့်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်ထားပါသနည်းဟု အော်၏။ အကူအညီတောင်း၏။

၂၄။ အသက်၃၃-နှစ်သာ နေရ၏။ သေခြင်းဆိုးဖြင့် သေရ၏။

၂၅။ ယုတ်နိမ့်ရိုင်းစိုင်းသော တရားကို ဟော၍ ကောက်ကွေးသောလမ်း ကျွန်ဖြစ်လမ်းကို ပြောပြခဲ့၏။

ယခုသော် ထာဝရ-ထာဝရဘုရားခရစ်နှင့်ဗုဒ္ဓဂေါတမတို့၏ခြားနားချက် အမြွက်မျှကိုဖော်ပြပြီး၍ ရွှေချိန်ခွင်စာဆရာ၏တရားနှစ်ပါး ညှိနှိုင်းချက်ကို စစ်ဆေးဖြေကြားဦးစို့။

E-book is created by www.shanyoma.org

ယခုတွင် တရားနှစ်ပါးကို ဆက်၍ ညှိနှိုင်းကြဦးစို့။

ရှင်ဂေါတမ တရားရင်းဟူမူကား သူ့အသက်ကိုမသတ်နှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ သူ့သားမယားကို မပြစ်မှားနှင့်၊ မုသားစကားကို မပြောနှင့်၊ သေရည်သေရက်ကိုမသောက်နှင့်ဟု ပဥ္စသီလငါးပါးရှိ၏။

ထိုသို့ဆိုသော် ကာယကံ ဝစီကံကိုသာ ပညတ်၍ မနောကံကို မပညတ်။ ဒုစရိုက်အမြစ်ကိုမနုတ်ပယ်။ အခြားပညတ်တို့၏အချုပ်အချာမဟုတ်၊ ချို့တဲ့သောပညတ်တရားကား မြတ်သလား စသည်ဖြင့် ရွှေချိန်ခွင်ဆရာကဆို၏။

ဤစကားစုဖြင့် ငါးပါးသီလကို ရွှေချိန်ခွင်ဆရာက ဗုဒ္ဓဘာသာ(ဝါ)ဗုဒ္ဓဝါဒထင်နေကြောင်း ထင်ရှားချေ၏။ မည်သို့သောတရားတော်သည် ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဘာသာဖြစ်သည်ဟူသော အချက်ကလေးကိုမျှမသိ နားမလည်ရှာသူတစ်ယောက်က ဗုဒ္ဓဝါဒကို အပြစ်ဆိုခြင်းသည် "တောင်ထိပ်ကြာပေါက် အနောက်နေထွက်" လက်ဖျစ်တီး၍ အံ့ချီးဖွယ်ကောင်းလှသော အရာ ဖြစ်သတည်း။

ဗုဒ္ဓဝါဒဆိုတာကို မသိက အနည်းငယ် အမြွက်မျှ ပြောပြခဲ့ရသေးတာပေါ့။ ဤလောကကြီးအတွင်း၌-

(၁) ဆင်းရဲခြင်း ဒုက္ခသည်ရှိ၏။

(၂) ထိုဒုက္ခ၏အကြောင်းသည် သမုဒယအမှန်ဖြစ်၏။

(၃) ဒုက္ခမှ လွတ်မြောက်ခြင်းမည်သည် အမှန်ရှိနိုင်၏။

(၄) ထိုဒုက္ခမှ လွတ်မြောက်ရာသို့ သွားရာလမ်းသည်အမှန်ရှိ၏။

ဤကား ဗုဒ္ဓဝါဒ၏အုတ်မြစ်တည်း။ ဤအုတ်မြစ်၌ နံပါတ်(၁)နှင့်နံပါတ်(၃)တို့သည်အကျိုးတို့တည်း။ တစ်ဖန်(၂)နှင့် (၄)တို့သည် အကြောင်းတို့တည်း။ ထို့ကြောင့် ဗုဒ္ဓ၏တရားတော်သည် အကျိုးအကြောင်း ငြိ၏။ မှတ်ထိုက်၏။ ထိုအကျိုးအကြောင်းမှလွတ်သော (ဝါ) ကင်း၍ဖြစ်သောအရာဟူသမျှသည် ဗုဒ္ဓဝါဒမဟုတ်။ (စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ) အကျိုးအကြောင်းမှလွတ်သော အမှန်တရားမရှိ။ ဗုဒ္ဓ၏တရားသည် အကျိုးအကြောင်းညီ၏။ ကိုက်ညီသောတရားမှန်၏။ ထို့ကြောင့် မှန်သောအရာသည် ဗုဒ္ဓဝါဒဖြစ်သတည်း။

မြန်မာနိုင်ငံရှိ ခရစ်ယာန်တို့သာမဟုတ်၊ တစ်ကမ္ဘာလုံးရှိခရစ်ယာန်တို့သည် (ဝါ) တစ်ကမ္ဘာလုံးရှိ ပညာရှင်တို့သည် ဗုဒ္ဓရှင်တော်ဘုရား၏သစ္စာလေးပါးတရားကို ငြင်းချက်ထုတ်နိုင်ကြမည်လော။ မထုတ်နိုင်ရုံမျှမက "မှန်လှပါပေသည်" ဟူ၍ပင်ဝန်ခံနေရချေပြီ။ သို့ပါလျက်ကျွန်ုပ်တို့၏အသိအမြင်မကျယ် ဉာဏ်ပညာနုနယ်သော ရွှေချိန်ခွင်စာဆရာက ဗုဒ္ဓဝါဒတည်းဟူသော ရွှေဖလားကို ခရစ်ဝါဒတည်းဟူသော အုန်းမှုတ်ပဲ့နှင့်ယှဉ်ပြိုင်၍ပြနေချေ၏။ ဩော် အံ့ဖွယ်ကောင်းစွတကား။

အို-ရွှေချိန်ခွင်ဆရာ ငါးပါးသီလဆိုတာ ဗုဒ္ဓဘွဲ့ထူးခံပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ မပေါ်ထွန်းစေကာ ယဉ်ကျေးသော ဤကမ္ဘာလောကအတွင်း၌ အမြဲတည်ရှိခဲ့တဲ့တရားဖြစ်ခဲ့၏။ ငါးပါးသီလအတွက် ဗုဒ္ဓဘွဲ့ခံဘုရားတစ်ဆူပွင့်စရာမလိုတော့ပြီ။

ဗုဒ္ဓဝါဒ၌ ငါးပါးသီလသည် အောက်ဆုံးတန်းအကျင့်ဖြစ်၏။ ငါးပါးသီလတည်သူသည် မြင့်မြတ်သော ဗုဒ္ဓအရှင်၏ တရားတော်တည်းဟူသော နန်းတော်၏မုခ်ဝသို့ ရောက်သူတို့(ဝါ)အတွင်းဘက်သို့ဝင်သွားခဲ့သော် ထိုငါးပါးသီလထက် မြင့်ကုန် မြတ်ကုန်သော သီလတရား၊ သမာဓိတရား၊ ပညာတရား စသည်တို့ကို တွေ့မြင်ကျင့်ကြံရကုန်လတ္တံ့။

ယခုအခါ ငါတို့၏ကမ္ဘာလောကကြီးသည် အမှောင်တွင်းမှအလင်းဘက်သို့ထွက်ပြူစပြုနေချေပြီ။ ရိုင်းစိုင်းခြင်းတံခါးကိုပိတ်ခဲ့၍ ယဉ်ကျေးခြင်းလွင်ပြင်၌ ရွှင်ရွှင်ကြီးလှမ်းစပြုနေလေပြီ။ ထိုသည်ကမ္ဘာလောကကြီးအတွင်း၌ ငါးပါးသီလမလုံသူကို လူ့စာရင်းသို့ပင် မသွင်းတော့ပြီ။ ငါးပါးသီလမလုံသူသည် တိရစ္ဆာန်ထက်များစွာ မသာလှချေ။

သို့အသင်ရွှေချိန်ခွင်ဆရာတို့ရဲ့**ထာဝရဟာ ငါးပါးသီလလုံပါ၏လော၊ မမွှေဟောင်းကျမ်းလာစကားတို့အရ မလုံချေ။** ဤငါးပါးသီလမလုံခြင်းကြောင့် ထာဝရသည် မိမိကိုယ်ကိုမိမိကျားသစ်စသော ရိုင်းစိုင်းသော(ဝါ)ကြောက်မက်ဖွယ်သော တိရစ္ဆာန်တို့နှင့်နှိုင်းယှဉ်ခြင်း ပြုခဲ့လေသည်။

ထို့ပြင် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးဟူသော ဒုစရိုက်၁၀-ပါးဆိုတဲ့စကားကို ကျွန်ုပ်တို့၏ရွှေချိန်ခွင်ဆရာသည် ကြားရုံမျှ ကြားခဲ့ဖူးသော် (မနောကံကို မပညတ်)ဟူသောစကားကို မဆိုပေရာဟု ကျွန်ုပ်တို့ယုံကြည်၏။ ထိုသို့ မဆိုတန်ရာကို ဆိုထားသဖြင့် ထိုရွှေချိန်ခွင်စာဆရာကို ကျွန်ုပ်တို့ သနားမိရလေတော့၏။ ဗုဒ္ဓအသိဉာဏ်-ဝါဒ-အယူ ဗုဒ္ဓဝါဒ အသိဉာဏ်နှင့်ယှဉ်သောဝါဒ (ဝါ) ပညာဉာဏ်ရှိသူတို့သာ အမှန်သိအပ်သောအယူတို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့၏ ရွှေချိန်ခွင်စာဆရာ ဗုဒ္ဓဝါဒအစစ်ကို မသိခြင်းသည် အံ့ဖွယ်အချက် မဟုတ်တော့ချေ။ ရွှေချိန်ခွင်စာဆရာသည် ဉာဏ်ပညာတုံးတိ အကျိုးအကြောင်းမသိသူတစ်ဦးဖြစ်ကြောင်း ထင်ရှားစေသည်မှတစ်ပါး အခြားအကျိုးမရှိတော့ပြီ။

ထို့ပြင် (ဒုစရိုက်အပြစ်များသောပုထုဇဉ်တို့၌ အပြစ်ကိုပေးသောတရား၊ အပြစ်ကို ဖြေသောတရား၊ ဤတရားနှစ်ပါးတို့တွင် ဘယ်တရားသာ၍ မြတ်နိုးဖွယ်ရှိသနည်း)ဟူသောစကားဖြင့် ဗုဒ္ဓ၏တရားသည် အပြစ်ပေးသောတရား၊ ထာဝရ(ဝါ)

ခရစ်၏တရားသည် အပြစ်ကိုဖြေသော တရားဟုဆိုလိုဟန်ရှိ၏။

အို- ရွှေချိန်ခွင်စာဆရာ၊ အသင်သည် တရား(ဓမ္မ)နှင့်မတရား(အဓမ္မ)ကိုမျှ နားမလည် ခဲ့တကား။ တရားဆိုသော ဓမ္မ(ဝါ)အမှန်သည် မည်သည့်အခါမှ အပြစ်ကိုမပေးနိုင်။ အပြစ်ဆိုသည်မှာလည်း ပေး၍ဖြစ်စကောင်းသောအရာ မဟုတ်ချေ။ ဗုဒ္ဓရှင်တော်ဘုရား၏တရားကို လိုက်နာကျင့်ကြံသူ၌ မည်သည့်အပြစ်မှ မချဉ်းကပ်နိုင်။

မှန်လှ၏။ ကောင်းမြတ်သောတရားသည် ကောင်းမြတ်သောအကျိုး ဖြစ်ပွားစေတတ်၏။ သရက်ပင်သည် သရက်သီးကို သီးသကဲ့သို့တည်း။ အကြောင်းကိုဖန်တီးသူသည် အကျိုးကိုရစမြဲတည်း။ အကြောင်းကိုပယ်မှသာလျှင် အကျိုးပြယ်စမြဲဖြစ်၏။ ကောင်း-မကောင်းဟူသောအကြောင်းကို ပြုသသူသည် ကောင်း-မကောင်းဟူသော အကျိုးမှ ပြေး၍မလွတ်နိုင်။ တံခါးကိုပိတ်ခဲ့၍ ယဉ်ကျေးခြင်းလွင်ပြင်၌ ရွှင်ရွှင်ကြီး လှမ်းစပြုနေလေပြီ။ ထိုသည်ကမ္ဘာလောကကြီးအတွင်း၌ ငါးပါးသီလမလုံသူကို လူ့စာရင်းသို့ပင် မသွင်းတော့ပြီ။ ငါးပါးသီလမလုံသူသည် တိရစ္ဆာန်ထက်များစွာ မသာလှချေ။

ဤကား လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်ကဟောကြားခဲ့သော ဗုဒ္ဓဂေါတမ၏စကားတော်တည်း။ ယခုခေတ်ပေါ် ဝိဇ္ဇာဆရာလောကဓါတ်ပညာအရာ၌ ပါရဂူမြောက် တစ်ဖက်ကမ်းရောက်သူတို့က ထိုစကားကိုပင်ထောက်ခံ၍ ယုံကြည်နေကြရလေပြီ။ အကြောင်းနှင့်အကျိုးတို့သည် အတူတူပင်တည်း။ သို့သော် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သည်ဟူသော လောကဓါတ်ဝိဇ္ဇာဆရာတို့၏စကားသည် နှစ်ပေါင်း ၂၀၀၀ကျော်က ဗုဒ္ဓ၏စကားတော်နှင့်တစ်ထပ်တည်းပင် ဖြစ်၏။

အကြောင်းနှင့်အကျိုးတို့သည် တစ်မျိုးစီတစ်ခြားစီ ဖြစ်ကောင်းသောအရာများ မဟုတ်ကြကုန်။ ရှင်းစေအံ့။

သားသည် သူ့အသတ်သတ်ခြင်းတည်းဟူသော အကြောင်းကို ပြုလုပ်၏။ ကြိုးဒဏ်တည်းဟူသော အကျိုးသည် အဖအပေါ်သို့ကျရောက်ရမည်လော။ မကျရောက်နိုင်။ အကြောင်းပြုလုပ်သူသည်လျှင် အကျိုးကို ခံစားရချေမည်။ လူသတ္တဝါ၏ခန္ဓာကိုယ်သည် အကြောင်း၊ ၎င်း၏အရိပ်သည်အကျိုး။ အကြောင်းသွားရာ အကျိုးလိုက်ပါရ၏။ အကြောင်းပြတ်မှ အကျိုး ရပ်စဲလေသည်။

ထို့အတူ ကောင်းမှု မကောင်းမှုတို့သည် အကြောင်းတရားများ ဖြစ်ကြကုန်၏။ ထိုသည့်အကြောင်းများ၏နောက်သို့ ကောင်း-မကောင်းဟူသော အကျိုးတို့သည် မခွဲမခွာပဲ အမြဲလိုက်နေကြရမည် အမှန်ဖြစ်သတည်း။ ဤသည်တို့ကား တစ်ကမ္ဘာလုံးရှိ ပညာအမြော်အမြင် ဉာဏ်အဆင်အခြင်ရှိသူတို့ မငြင်းနိုင်သောအမှန်တို့တည်း။ ထိုအမှန်တို့သည် ဗုဒ္ဓ၏စကားတော်များဖြစ်ကြ၏။ ထို့ကြောင့် ဗုဒ္ဓသည် အမှန်၊ အမှန်သည် ဗုဒ္ဓဖြစ်သတည်း။

ယခုတွင် အပြစ်ကို ဖြေသောတရားကို ကြည့်ကြစို့။ ခရစ်ဝါဒီတို့၏အပြစ်ပပျောက်ရေးစနစ်သည် အတော်ဆန်းကြယ်၍ ရယ်ဖွယ်ကောင်းသော အရာမည်၏။

အာဒံနှင့်ဧဝတို့၏သစ်တော့သီးခိုးစားမှုကြောင့် လူသတ္တဝါများ ဆိုးညစ်ဖောက်ပြားလေချေ၏။ ပထမ ကောင်းကင်ဘုံနန်းဆုံးရချေ၏။ သို့ဖြစ်စေကာ ထာဝရသည် လူသတ္တဝါတို့ကိုအသက်ရှင်နေခွင့်ပေးခဲ့၏။ ထို့နောက် နောဧလက်ထက်ရောက်သောအခါ လူသတ္တဝါတို့၏ညစ်ညမ်းမှုကြောင့် လူရှစ်ဦးမှတစ်ပါး အခြားလူသတ္တဝါတို့အားလုံးကို ရေနှစ်သတ်ခဲ့၏။ ထိုလူ၈-ဦးတို့လည်း လူကောင်းများ မဟုတ်ခဲ့ကြ၊ ထာဝရသည် ၎င်းတို့ကို ချမ်းသာခွင့်ပေး၍ ကမ္ဘာကိုတစ်ဖန်ပြုစုပြန်၏။

သူသည် အပြစ်ပျောက်ရေးအတွက် ဗလိဒါနဟူသော နွား၊ သိုး၊ ချိုးတို့ဖြင့် ယဇ်ပူဇော်ရမည်ဟု လူအများကို သင်ပြ ပေးခဲ့၏။ ထိုသို့ဖြစ်ခဲ့သော် ဓမ္မဟောင်းကျမ်းအရ အပြစ်ပပျောက်ရေးမှာ တိရစ္ဆာန်တို့ကိုသတ်၍ ယဇ်ပူဇော်ရန်ဖြစ်၏။ အပြစ်နှင့်ယဇ်ပူဇော်ခြင်းမှာ မည်သို့မျှအဆက်အနွယ်မရှိကြောင်း ယခုအခါလူပညာရှိများ သိကြလေပြီ။ သို့သော် ထာဝရကမူ အပြစ်အကြီးအငယ်ကိုလိုက်၍ ယဇ်ကောင် အကြီးအငယ်ဖြစ်စေရမည်ဟု ပြောခဲ့၏။ ထို့ပြင် ယဇ်ကောင်တို့၏သွေးသည် လူသတ္တဝါတို့၏အပြစ်ကို စင်ကြယ်စေနိုင်၏ဟူ၍ပင် ပြောခဲ့တုံသေး၏။

မည်မျှပင် ထာဝရ အားထုတ်စေကာမူ သူ့လူများသည် သူ၏ဥပဒေကို မလိုက်နာပဲ ပို၍ပို၍ဆိုးလာကြကုန်၏။ လူသတ္တဝါတို့အတွက် ယဇ်ပူဇော်ရမည်ဆိုစေကာ အပြစ်များသည်တိရစ္ဆာန်သွေး၊ လူ့သွေးတို့ဖြင့်ဆေး၍ မစင်နိုင်လောက်အောင် ကြီးမားလာခဲ့ရ၏။ ထို့ကြောင့် ထာဝရကိုယ်တိုင် ယဇ်ကောင်ဖြစ်ဖို့လိုလာခဲ့၏။ လူသတ္တဝါအားလုံးတို့ကိုလည်း ထာဝရကကျိန်ဆဲထားခဲ့၏။ ထို့ကြောင့် ကမ္ဘာသော်လည်းပျက်ရမည်။ သို့မဟုတ် ထာဝရသော်လည်းသေရမည်မှာ သေချာနေလေပြီ။

ထိုသို့သော အကြောင်းကြောင့် ထာဝရသည် ခရစ်ဟူသောအမည်ဖြင့် လူဝင်စားဖြစ်လာရချေ၏။

ရဟူဒီတို့သည် ၎င်းထာဝရဝင်စားခရစ်ကို သတ်ကြပေ၏။ ယဇ်ပူဇော်ကြပေ၏။ ဤသတ်ခြင်းကား မဟုတ်တရားဝါကြွားပြောဆိုမှုကြောင့် ဖြစ်သတည်း။

ထိုသို့ခရစ်အသေခံခြင်းကို လူတို့အပြစ်ပြေရာ လမ်းဖွင့်ခြင်းဖြစ်သည်ဟု ခရစ်ယာန်တို့ ယုံကြည်နေကြကုန်၏။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ထိုအယူဝါဒထက်ပိုမို၍ မဟုတ်မဟပ်သောအရာကို ကမ္ဘာတစ်ခွင်၌ မတွေ့နိုင်တော့ပြီ။

လူတစ်ဦးသည် ခိုးမှုကို ကျူးလွန်၏။ ထို့ကြောင့် ခရစ်ယာန်ဘုန်းကြီးတစ်ပါးသို့ ချိုး သို့မဟုတ် သိုးကိုဆက်၍ ယဇ်ပူဇော်စေ၏။ အပြစ်တခြား၊ ယဇ်တခြားပင်။

ထာဝရသည် လူသတ္တဝါအတွက် ဥပဒေများ ပြုလုပ်၏။ ထိုသည့်ဥပဒေကို လူက ဖောက်ဖျက်ကျူးလွန်၏။ ယင်းသို့သော လူ၏အပြစ်ကြောင့် ထာဝရက အသေခံ၏။ အလွန်ဟန်သောအချက်ပေတည်း။

လူတစ်ယောက်သည် လူသတ်မှုကျူးလွန်၏။ တရားခွင်တင်ပြီး စစ်ဆေး၏။ ပြစ်မှုထင်ရှား၏။ ကြိုးဒဏ်ပေးလိုက်၏။ ထိုအခါ အခြားလူတစ်ယောက်သည် ဘုရင့်ထံသို့သွားပြီး ထိုကြိုးပေးခံရသောသူ၏အစား သေပါရစေဟု ပြောဆိုလျှောက်ထားလာ၏။ ရှင်ဘုရင်က“*အေး. . . . ကောင်းပြီ ၊ လူသတ်မှုရှိသူလွတ်၊ နောက်လာသူ ကြိုးစင်တက်စေ*”ဟု အမိန့်ချမည်လော။

ဤသို့ပြုချေသော် မတရားဥပဒေဖြစ်ချေ၏။ တရားသော ဥပဒေကား - သတ်မှုကျူးလွန်သူသာ သေဒဏ်သေပြစ်ခံခွင့် ရှိစေရမည်။ အကယ်၍ ထိုသတ်မှုတရားခံအစား ထိုဘုရင်ကဝင် ရောက်ခံစေကာမူ ထူးမခြားနားပင် ဖြစ်သတည်း။ ဤသို့ ဖြစ်ချေသော် လူသတ်မှုနှစ်ခု ဖြစ်ချေမည်။ တရားခံအစစ်မှာ လွတ်လပ်ခွင့်ရရှိ၍ အပြစ်မဲ့သူနှစ်ဦး အသတ်ခံရချေမည်။

ဤကား - ခရစ်ယာန်တို့ အပြစ်ဖြေသောနည်းတည်း။ လူသတ္တဝါတို့၏အပြစ်ဟူသမျှတို့သည် ထာဝရဖွားခရစ်တစ်ယောက်တည်း ကားစင်တင် အသတ်ခံခဲ့ ဒါနဲ့အကုန်ပပျောက်၏ဆိုသောဝါဒဟာ ယုတ္တိရှိပမလား ရွှေချိန်ခွင်စာဆရာ။

ယခုကာလ လူသတ်မှုကျူးလွန်သူတွေ ကြိုးပေးခံနေရတာ ထောက်တော့ဖြင့် ခရစ်ယာန်တို့ပြောဆိုယုံကြည်နေကြတဲ့အပြစ်ဖြေနည်းဟာ အလကားဖြစ်နေချေသည်။ အိမ်း. . . ဟုတ်လှ၏။

ခရစ်သေခြင်းသည် သူ၏အပြစ်ကြောင့်သာဖြစ်၏။ ဓမ္မသစ်အရ သူ၏အမှုကို သေသေချာချာစစ်ဆေးပြီး တိုင်းသူပြည်သားတို့၏အလိုဆန္ဒကို မေးပြီး သူ့ကိုသတ်ခဲ့ခြင်းဖြစ်၏။ သူသေတာနှင့်သတ္တဝါ၏အပြစ်နှင့် ဘာမျှမဆိုင်ချေ။

ဤသို့ယုံကြည်မှုသည် လူတို့၏ကမ္ဘာလောက၌ ပြစ်မှုပေါ်များ ထွန်းကားခြင်းကို ဖြစ်စေခဲ့၏။ ခရစ်ယာန်တို့၏ကောင်းကင်ဘုံနန်းကို လူဆိုး၊ လူယုတ်မာ၊ လူဗလာချာတို့ဖြင့် ပြည့်စေခဲ့၏။ ယခုကမ္ဘာလောက၏တိုးတက်မှုကို ဆောင်ရွက်နေကြသော လောကဓါတ်ပညာရှင်တို့သည် ထာဝရ၏ကောင်းကင်ဘုံနန်းသို့ဝင်ခွင့်မရကြကုန်။ ထင်ရှားစေရန် အောက်ပါအမှုသွား ၂-ခုကို ယှဉ်ပြိုင်၍ ဖတ်ဦးလော့။

♦♦♦♦♦♦♦♦♦♦

(၁)

ခရစ်ယာန်တို့၏ ကောင်းကင်ဘုံနန်းသို့ဝင်ရောက်ရေးအတွက် တရားဆုံးဖြတ်ရာနေ့တွင် လောကဓါတ်ဆရာကြီး ဒါဝင်ကို စစ်ဆေးမေးမြန်း၍ အပြစ်ပေးသောအခန်း။

## ချားလ်စ်ဒါဝင်၏အမှု

*ရှေ့ဘတ် - အမောင် ဘယ်အရပ်ကလဲ။*

*ဒါဝင် - ကျွန်ုပ် ကမ္ဘာမြေပြင်ကပါ။*

*ရှေ့ဘတ် - အမောင် ဘယ်လိုလူစားလဲ။*

*ဒါဝင် - ဟား. . . ကျွန်ုပ်အကြောင်း ကျွန်ုပ်မပြောလို၊ သင်တို့မှတ်တမ်းစာအုပ်ကို ကြည့်ရင် သိမှာပေါ့။*

*ရှေ့ဘတ် - ဟင့်အင်၊ ဒီမှာ မောင်တို့လူ့ပြည်နဲ့မတူဘူး။ ကိုယ့်အကြောင်း ကိုယ်ပြောပေမဲ့ ရှက်စရာမရှိ။*

*ဒါဝင် - အေး. . . ဒါဖြင့် ကျုပ်ဟာ ပထမတန်းစားလူပေါ့။ ကျွန်ုပ် သားမယားကို ချစ်တယ်။*

*ပုတ္တ ဒါရသ သင်္ဂဟောကို မပျက်မကွက်စေခဲ့။ ဆွေမျိုးညာတိများကိုလည်းထောက်ပံ့ကြည့်ရှုခဲ့တယ်။*

*ရှေ့ဘတ် - မောင်၏အိမ်သူအိမ်သားများကို ဘယ်ပုံပြုစုခဲ့သနည်း။*

*ဒါဝင် - ဒေါသရှေ့ထားပြီး ဘယ်တော့မှစကားမပြောခဲ့ဘူး။ ကျွန်ုပ်၏သားမယားကို နာကျင်အောင်မပြောခဲ့မဆိုခဲ့ပါ။*

*ရှေ့ဘတ် - တင်နေတဲ့ကြွေးမြီများကော ဆပ်ခဲ့ရဲ့လား။*

*ဒါဝင် - အို. . . ကျုပ်မှာ ကြွေးတစ်ပြား တစ်ချပ်မှ မတင်၊ မသာစရိတ်နှင့်တကွ ကျွန်ုပ်၏သားမယားများ မပူမပင်*

ရအောင် ငွေအပြည့်အစုံ ထားပစ်ခဲ့ပါသည်။

ရှေ့ဘတ် - အမောင် ဘယ်ခရစ်ယာန်ဂိုဏ်းသားလဲ။

ဒါဝင် - ဟင့်အင်၊ ဘယ်ဂိုဏ်းသားမှ မဟုတ်၊ ဂုင်းဂိုဏ်းတွေဟာ အယူသီးခေါင်းမာပြီး အမြင်ကြမ်းကြတယ်။

ရှေ့ဘတ် - အနန္တအပြစ်ဒဏ်ကိုကော ယုံကြည်ရဲ့လား။

ဒါဝင် - ဟင့်အင်၊ မယုံကြည်ပါ။

ရှေ့ဘတ် - နံရိုးအကြောင်းကော ယုံရဲ့လား။

ဒါဝင် - အာဒံနဲ့ဧဝအကြောင်းကို မေးတာလား။

ရှေ့ဘတ် - အေး ဟုတ်တယ်၊ အဲဒါ ယုံကြည်ရဲ့လား။

ဒါဝင် - အမှန်ပြောရမှာဖြင့် မယုံတဲ့အပြင် ကျွန်ုပ်ဟာ အဲဒီအကြောင်းကို ဖျက်ဆီးနေတဲ့ လူတစ်ယောက်ပါပဲ။

ရှေ့ဘတ် - ခရစ်တော်က သင့်ရဲ့အပြစ်ကို ခံယူတယ်ဆိုတာကော ယုံကြည်ရဲ့လား။

ဒါဝင် - ဟင့်အင်၊ မယုံကြည်ပါ။

ထာဝရ - ဤလူမိုက်ကို ငရဲသို့ချလိုက်လော့။

➤➤➤➤➤

(၂)

**ဂျပိုးစမစ်၏အမှု**

ရှေ့ဘတ် - အမောင် ဘယ်ကလဲ။

စမစ် - ကျွန်တော်မျိုးလည်း ကမ္ဘာမြေပြင်ကပါ။

ရှေ့ဘတ် - ဘယ်ဂိုဏ်းဝင်လဲ။

စမစ် - စာနီဂိုဏ်းဝင်ဖြစ်ရုံမက၊ အိုင်-အမ်-စီ-အေအသင်းသားလည်း ဖြစ်ခဲ့ပါတယ်။

ရှေ့ဘတ် - ဘာအလုပ်များ လုပ်ကိုင်စားသောက်ပါသလဲ။

စမစ် - ဘဏ်တိုက်မှာ စာရေးလုပ်ခဲ့ပါတယ်။

ရှေ့ဘတ် - ဘဏ်ကငွေများ ခိုးယူပြေးခဲ့ဖူးပါသလား။

စမစ် - အပြစ်ပတ်မှာမို့ မဖြေဝံ့ပါ။

ရှေ့ဘတ် - ဟေး. . . ဒီက ဉပဒေကတစ်မျိုး မေးတာဖြေပါ။

စမစ် - မှန်ပါ၊ ခိုးယူခဲ့ဖူးပါတယ်။

ရှေ့ဘတ် - ဘယ်လောက်များ ခိုးခဲ့သလဲ။

စမစ် - ပေါင် ၁၀၀၀ ခိုးခဲ့ပါတယ်။

ရှေ့ဘတ် - ဒီပြင်ကော။

စမစ် - ကျွန်တော်မျိုး အိမ်နီးချင်းရဲ့မယားကိုလည်း ခိုးခဲ့ပါတယ်။

ရှေ့ဘတ် - မယားကြီးကော ရှိသလား။

စမစ် - မှန်ပါ ရှိကြောင်းပါ။

ရှေ့ဘတ် - ဒါဖြင့် မောင့်မယားကြီးကို စွန့်ပစ်လိုက်တာပေါ့။

စမစ် - မှန်ပါ။ သို့သော် သူတို့ကို ထာဝရဘုရားက စောင့်ရှောက်လိမ့်မည်ဟု ကျွန်တော်မျိုး ယုံကြည်ပါသည်။

ရှေ့ဘတ် - ရွှံ့ရုပ်နဲ့နံရိုးကို ဖန်ဆင်းတဲ့မိန်းမကိုကော။

စမစ် - မှန်ပါ၊ လိုက်လိုက်လှဲလှဲ အသည်းစွဲ ယုံကြည်ကြောင်းပါ။

ရှေ့ဘတ် - ခရစ်တော်က သတ္တဝါတို့၏အပြစ်ကို သွေးနဲ့ဆေးကြောတော်မူတာကော။

စမစ် - မှန်ပါ၊ ယုံကြည်ပါတယ်။ ယုံလို့ပင် တနင်္ဂနွေနေ့တိုင်းဘုရားရှိခိုးကျောင်းသွားပြီး သခင်ယေရှုကို အခွင့်လွှတ်ပါ မည့်အကြောင်း ဆုတောင်းခဲ့ပါတယ်။

ထာဝရ - ဤကောင်းမြတ်သောသူငယ်အား စောင်းကိုပေး၍ ကောင်းကင်ဘုံသို့ သွင်းလော့။



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဤအထက်ပါ အမှုသွားနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ခရစ်တော်ဝါဒ၏မတရားသော၊ မမှန်ကန်သော အပြစ်ပေးပုံကို တွေ့ရပေမည်။ သားအပြစ် အဖခံ၊ အဖအပြစ် သားခံဆိုသောအချက်ကို စဉ်းစားဉာဏ်ရှိသူများက ရယ်ဖွယ်စကားဟု ဆိုမြွက်ကြကုန်၏။

ဗုဒ္ဓဘာသိတတရားတော်ကို လိုက်နာကျင့်ကြံခြင်းဖြင့် ရရှိအပ်သောအကျိုးကား မွန်မြတ်လှစွာ၏။ ဗုဒ္ဓတရားတော်သည် သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံသောကြောင့် လက်ငင်းချက်ချင်း အကျိုးကိုခံစားရ၏။ ချက်ချင်းလက်ငင်း အကျိုးပေးပုံကား သူ့အသတ်ကို သတ်နေသူတစ်ယောက်သည်ဗုဒ္ဓရှင်တော်ဘုရား၏တရားတော်ကို ကြားနာရခြင်းကြောင့် သူ့အသတ် သတ်ခြင်းမှ ရှောင်ကြဉ်၍ ကောင်းသောအမှုကို ပြုလုပ်အံ့။

ထိုသို့ပြုလုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုသည်သူ၏သန္တာန်၌ မကောင်းမှုမှ ကင်းဝေးသဖြင့် အေးမြကြည်လင်သော စိတ်ဓါတ် ပေါ်လာချေ၏။ ကြည်လင်အေးမြသော စိတ်ဓါတ်ပေါ်လာခြင်းပင် မကောင်းမှုဖြစ်သော ပါဏာတိပါတရှောင်ကြဉ်ခြင်း၏ အမြင့်မြတ်ဆုံးသော သန္ဒိဋ္ဌိကအကျိုးပေးတည်း။ သီလမှု၊ သမထမှု၊ ဘာဝနာမှုတို့၌လည်း ဤနည်းနှင်ပေတည်း။

ကျွန်ုပ်တို့၏ ရွှေချိန်ခွင်စာဆရာသည် ၎င်းစာအုပ်နံပါတ်၉-နှင့် မြတ်သောတရားသည် မြတ်သောအကျိုးကို ပေးတတ်၏ဆို၏။ ဟုတ်လှ၏။ ကျွန်ုပ်တို့၏ဗုဒ္ဓရှင်တော်ဘုရားကလည်း ကလျာဏကာရီ၊ ကလျာဏပါပကာရီ စ ပါပကံ၊ မြတ်သော တရားကိုအားထုတ်၊ အကျိုးမြတ်ရ၊ ယုတ်သောတရားကိုပြုက ယုတ်သောအကျိုးရစေဟု ဟောမြွက်တော်မူခဲ့၏။

ဤအချက်ကို သဘောတူခဲ့သော် ရှေ့သို့တစ်ဆင့်တက်စို့။ ခရစ်၏တရားသည် မြတ်သလော(ဝါ)ယုတ်သလော။ ဤအမေးနှစ်ချက်ကို ဖြေရသော် ထာဝရ၏တရားဟူသမျှသည် ယုတ်သောတရားဟူသမျှတို့တွင် ခေါင်ချုပ်ဖြစ်သည်ဟု ဖြေရချေမည်။

ထာဝရတရား ယုတ်မာကြောင်းကိုမူ အကျယ်တဝင့် ဖွင့်ဆိုရေးသားခဲ့ပြီ။ ထာဝရ၏တရားသည် ဆိုးယုတ်သော တရားဖြစ်၍ ဆိုးယုတ်သောအကျိုးများကို ဖြစ်စေခဲ့လေသည်။ ထိုဆိုးယုတ်ညစ်ညမ်းသော အကျိုးများကို တွေ့မြင်ရသည် ဖြစ်သောကြောင့် ခရစ်ယာန်တရားဆိုးဝါဒညစ်ညမ်းကြောင်းကို ကံတိုင်ကံမ ပြောဆိုနိုင်လေသည်။ ခရစ်ယာန်တရား၏ အကျိုးနှင့်ပတ်သက်၍ ခရစ်ယာန်ဆရာကြီး ဒေါက်တာအေဒွတ်ကရီးန်လီးက မည်သို့ပြောဆိုခဲ့သနည်း။ ပညာရှေ့သွားသတိထား၍ စဉ်းစားဖတ်လော့။

ခရစ်သက္ကရာဇ်အစမှ ၁၅၀၀-ခုနှစ်တိုင်အောင် မှတ်သားထားသော ခရစ်ဝါဒရာဇဝင်စာအုပ်ပါ စာရွက်များသည် သွေးအလိမ်းလိမ်းလူးကျံ၍ မီးလောင်ကွက်များဖြင့် ပြည့်နှက်လျက်ရှိခဲ့၏။ အကြောင်းကား-တစ်ခေတ်ပြီးတစ်ခေတ် သူတစ်ပါးနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခြင်းများ၊ အပြစ်မဲ့သူများကို အပြုလိုက်သတ်ခြင်းများ၊ ဘာသာရေးစစ်ပွဲများ၊ ဘာသိုလိုမြူနေ့များ (Bartholomew Days) မြို့ရွာများကို ဖျက်ဆီးခြင်းများ၊ အနှစ်သုံးဆယ်တိုက်သောစစ်ပွဲများ၊ ရဟူဒီထောင်ခြင်းများ (Jew Baithings) စုန်းများကို မီးရှို့သတ်ခြင်းများ၊ ဘာသာရေးနှိပ်ကွပ်သောဥပဒေများ (Inguistions)၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ ဤသို့စသောအားဖြင့် အလားတူများပြားလှသော မတရားမှုများသည် အဆုံးမှရှိပါဦးမည်လောဟု ထင်မြင်ရလေသည်။

တစ်ဖန် ခရစ်ဝါဒ၌ အယူသီးခေါင်းမာသော ခရစ်ယာန်ဘုန်းကြီး (REV: G.A.Studert Kennedy) ဂျီ၊ အေ၊ စတုဒါတ်ကင်နက်ဒီ၏စကားကို ဖတ်ဦးလော့။

"ခရစ်လက်ထက်မှစ၍ နှစ်ပေါင်း ၂၀၀၀၏ရာဇဝင်သည် မည်းမှောင်ကြောက်လန့်ဖွယ်ဖြစ်ခဲ့၏။ ထိုကြောက်ဖွယ်သောအခြင်းအရာနှင့်ပတ်သက်သော အချက်တို့ကိုလည်းကောင်း၊ အဆုံးမရှိတိုက်ခိုက်နေသော စစ်တို့ကိုလည်းကောင်း၊ ဖိနှိပ်ခြင်း တရားစွဲဆိုခြင်း၊ ရက်စက်ခြင်း၊ လိမ်လည်ခြင်းတို့ကိုလည်းကောင်း ပြည့်စုံအောင်ဖော်ပြရန် စကားလုံးများ မရှိတော့ပြီ။ ခရစ်လက်ဝါးကပ်တိုင်ကို အလံထူ၍ မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးရန် မီးရှို့ရန် မိန်းမသားများကို သတ်ရန်၊ ကလေးများကို ညှဉ်းပန်းရန်၊ ကောင်းမွန်လှပသော အရာဝတ္ထုများကို ချေမှုန်းပစ်ရန် လူအပေါင်းတို့ ချီတက်ကြလေသည်။

ထို့ပြင် သမ္မာကျမ်းပါ ခြိမ်းခြောက်ချက်များကို ကတိပေးချက်များ အနည်းငယ်မျှ အကျိုးမရှိပုံ၊ မမှန်ပုံနှင့်တကွ ဥရောပတိုက်၏ရာဇဝင်လည်း ရာဇဝတ်မှုတည်းဟူသော သွေးအလိမ်းလိမ်းလူးပေနေခဲ့သည်လည်းကောင်း၊ ဟာဘတ်စ်စပင်းဆာက ၎င်း၏အတ္ထုပ္ပတ္တိ၌ ရေးသားခဲ့၏။

ရွှေချိန်ခွင်စာဆရာ၏အလိုအတိုင်း - မကောင်းသောတရားသည် မကောင်းသောအကျိုးကိုဖြစ်စေသည်မှန်ခဲ့သော် အထက်ဖော်ပြရာပါမကောင်းသောအကျိုးတို့သည် မည်သည့်တရား၏အကျိုးတို့နည်း။ ခရစ်ဝါဒီ၏အကျိုးတို့တည်း။ သို့ဖြစ်သော် ခရစ်ဝါဒ(ဝါ)ခရစ်၏တရားတော်သည် ကောင်းသောတရား ဖြစ်နိုင်ဦးမည်လော။ ဘယ်နည်းနှင့်မျှ ကောင်းသောတရား မဖြစ်နိုင်တော့ချေ။

ဗုဒ္ဓလက်ထက်တော်အခါမှစ၍ နှစ်ပေါင်း ၂၄၀၀-ကျော်အတွင်း၌ ဗုဒ္ဓဘာသာနိုင်ငံတို့၏ရာဇဝင်ကို ကြည့်လော။

အထက်ပါ ကြောက်ဖွယ်လန့်ဖွယ်၊ ကြက်သီးထဖွယ် အဖြစ်အပျက်များကိုတွေ့ရပါ၏လော။ ဘာတစ်ခုမျှ မတွေ့ရချေ။

ဗုဒ္ဓဝါဒသည် တိုက်မှုခိုက်မှု သတ်မှုဖြတ်မှုတို့ကို ဘယ်နံရောအခါမှ အားမပေးခဲ့ချေ။ ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သွေးတစ်စက်မျှ မထွက်ခဲ့။ မစီးခဲ့ကြချေ။ သို့သော် ကျွန်ုပ်တို့၏ စကားကို အသင်ခရစ်ယာန်တို့ ယုံလိုမှယုံပေရာ၏။ ထို့ကြောင့် ဒေါက်တာဂျေအက်စ်လင်ကာ ပင်တား၏ရေးသားချက်ကို ဖော်ပြရချိမ့်မည်။

ဗုဒ္ဓဝါဒသည် ဘာသာရေးစစ်တိုက်ခြင်းကို မိမိတို့၏နိုင်ငံခြားစနစ်တစ်ခု ပြုလုပ်ထားသော(ဝါ)မြို့ရွာရေး၌ ပါဝါယူထားကြသော ပါပရဟန်းမင်းတို့၏ဝါဒ(ခရစ်ဝါဒ)ကဲ့သို့စစ်မက် တိုက်ခိုက်ခြင်းကို ဘယ်အခါမှ အားမပေးခဲ့ချေ။

(BUDDHISM AND CHRISTIANITY)

တစ်ဖန် ဗုဒ္ဓဝါဒသည် ဘာသာရေးစစ်ပွဲများကို ဘယ်သောအခါမှ မတိုက်ခဲ့၊ သွေးတစ်စက်မျှ မယိုစီးစေခဲ့၊ အခြားဘာသာဝါဒများကို ဘယ်နံရောအခါမှ မနှိပ်စက်ခဲ့ ၊ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုသည် အခြားဂိုဏ်းတစ်ခုကို ဘယ်သောအခါမျှ မဖိစီး မနှိပ်စက်ခဲ့ကြောင်းကို ယခုအခါပညာရှင်တိုင်းက ဝန်ခံကြလေပြီဟု ရိုက်စ်ဒေဗစ်က ရေးသားခဲ့ပြန်ချေ၏။

(AMERICAN lECTURES)

ဤသို့အားဖြင့် မကောင်းသောအကျိုးတို့ကို မတွေ့မြင်ရခြင်းသည် ကောင်းသောအကျိုးသာဖြစ်ထွန်းသောကြောင့်ဖြစ်ချေ၏။ ကောင်းကျိုးကို ထွက်စေသောတရားသည် မကောင်းသောတရားမဖြစ်နိုင်။ ဘာကြောင့် မြတ်သောတရားသည် မြတ်သောအကျိုးကို ပေးတတ်၏ဟု ရွှေချိန်ခွင်စာဆရာက ဆိုသောကြောင့်ဟူလို။

ဤမျှဖြင့် မကောင်းကျိုးကို ဖြစ်စေတတ်သော ရွှေချိန်ခွင်စာဆရာတို့၏ခရစ်ယာန်တရားသည် မကောင်းသောတရားဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။ ထိုသို့ မကောင်းသောတရား ဖြစ်ကြောင်းထင်ရှားပချေသော် အသင်တို့၏ဘာသာလည်း "ဆင်နောက်ခွေးပါ" ဖြစ်တော့သတည်း။

ထို့နောက် သာသနာချင်း နှိုင်းယှဉ်ရာ၌လည်း၊ ယခုတိုင် ကိုးကွယ်ဆည်းကပ်သူ နောက်လိုက်တပည့်တပန်းသန်းပေါင်းငါးရာ(၅၀၀,၀၀၀၀၀၀)ကျော်ရှိသော ဗုဒ္ဓသာသနာကိုလာပြီး ယှဉ်ပြိုင်မိရက်သား ဖြစ်နေချေသည်။

ဗုဒ္ဓဘာသာသည် ရောက်လေရာတိုင်းပြည်၌ နေထိုင်ကြသောတိုင်းရင်းသားများကို ယဉ်ကျေးစေခဲ့၏။ လိမ္မာစေခဲ့၏။ အသိဉာဏ်ပညာ တိုးတက်စေခဲ့၏။ ဗုဒ္ဓသာသနာသည် အမှန်တရားဖြင့်သာ အောင်မြင်ခဲ့၏။

ခရစ်သာသနာကဲ့သို့ သတ်ဖြတ်၍ ညှဉ်းပန်းနှိပ်စက်၍ သာသနာပြုခဲ့သည်မဟုတ်။ ဗုဒ္ဓဝါဒသည် အမှန်ဖြစ်သောကြောင့် ဘယ်အခါမျှ အားနည်းမည်မဟုတ်ချေ။ ကမ္ဘာ၏အကြောင်းအရာကို အနည်းငယ်မျှ မရိပ်မိရှာသော ရွှေချိန်ခွင်ဆရာစသော မြန်မာတိုင်းဖွားခရစ်ယာန်များကမူ ဗုဒ္ဓသာသနာကုန်ပျောက်ခါနီးပြီဟု ထင်မြင်ယူဆပြောဆိုရာ ရေးသားနေကြကုန်၏။ ဗုဒ္ဓသာသနာသည် အားမကုန်သည့်အပြင် တဖြည်းဖြည်းတအိအိ နောက်အားနှင့်ဖိပြီးတက်လာသည်ကို ၎င်းတို့မမြင်ကြချေ။ ခရစ်ယာန်သာသနာထွန်းကားသော ဥရောပတိုက်၊ အမေရိကတိုက်တို့မှာပင် ဗုဒ္ဓဘာသာဝင်ဦးရေ တိုးတက်ပွားများခဲ့လေပြီ။

မှန်သောအရာသည် မရှုံးနိုင်၊ မပပျောက်နိုင်။ မမှန်သောအတုသည် ဈေးပေါသဖြင့်ပထမ၌အတွင်းမာန်ရှိသော်လည်း ရေရှည်ကြိတ်သောအခါမှာမူ မမှန်သောဇာတိပေါ်သဖြင့် တဖြည်းဖြည်းနောက်ဆုတ်ပြီး တိမ်မြုပ်ရစမြဲ ဖြစ်ချေသည်။

တစ်ဖန် မြတ်သောကျမ်းစာသည် ယုံလောက်သော သက်သေနှင့်ပြည့်စုံလိမ့်မည်ဟု ရေးပြီးလျှင်၊ ရွှေချိန်ခွင်စာဆရာသည် ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ်တော်နှင့်ဓမ္မဟောင်းဓမ္မသစ်တို့ကို နှိုင်းယှဉ်၍ပြချေ၏။ ထို့ကြောင့် ကျွန်ုပ်တို့ကလည်း ခရစ်ယာန်ကျမ်းစာတို့၏ မတူတမူဖြစ်ပုံကို ပြရချေဦးမည်။

ဓမ္မဟောင်းကျမ်းပါ အစငါးကျမ်းကို **မောရှေ**ရေးသည်ဟု ခရစ်ယာန်တို့ကပြောဆိုကြ၏။ ထိုအတိုင်းလည်း ယုံကြည်ကြ၏။ သို့သော် ၎င်းတို့ယုံကြည်တိုင်း မဟုတ်ချေ။ မောရှေသေပြီးနောက် မောရှေရဲ့တပည့်များကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာကြာမှ ၎င်းကျမ်းများကို ရေးသားခဲ့၏။ ရေးသူသည် တစ်ဦးတည်းမဟုတ်။ ယခုအခါ အဆင်ခြင်ဉာဏ်ရှိသောပညာရှင်တို့သည် ၎င်းငါးကျမ်းကို စီရင်သူမှာ မောရှေမဟုတ်ကြောင်း သိကြလေပြီ။ ဘာကြောင့်။

၎င်းကျမ်းတို့သည် မောရှေ ထင်ရှားရှိစဉ်အခါမှာ မရှိခဲ့သောမြို့ပြများ၏အမည်တို့ကို ဖော်ပြထားသောကြောင့်လည်းကောင်း၊ မောရှေသေပြီးနောက် နှစ်ပေါင်းများစွာ ကာလကြာညောင်းအခါနှောင်းမှ သွန်းလုပ်သောဒင်္ဂါးများကို ဖော်ပြသောကြောင့်လည်းကောင်း၊ ထို့ပြင် သဲကန္တာရ၌နေသောသူတို့နှင့်မသင့်လျော်သော လယ်ယာစိုက်ပျိုးရေးဥပဒေ၊ သဲကန္တာရ၌မရှိသောနွား၊ သိုး၊ ချိုးတို့ဖြင့်ယဇ်ပူဇော်သော ဥပဒေတို့ကိုဖော်ပြခဲ့သောကြောင့်လည်းကောင်း၊ သဲကန္တာရနယ်၌မဖြစ်နိုင်သော လယ်ယာစိုက်ပျိုးခြင်း၊ စပါးရိတ်သိမ်းခြင်း၊ နယ်ခြင်း စသည်တို့ကို ဖော်ပြသောကြောင့်လည်းကောင်း



E-book is created by www.shanyoma.org

E-book is created by *www.shanyoma.org*

ဟူလို။

ဤသို့ဖြစ်သော ဂုင်းငါးကျမ်းကို ရေးသားသူ လက်သယ်ရှာမတွေ့တော့ချေ။ သို့မတွေ့သဖြင့် ဂုင်းကျမ်းများ မရေမရာ ဖြစ်ကြောင်း ထင်ရှားသည် မဟုတ်လော။ မဟုတ်မဟပ်လုပ်ဇာတ် ဖြစ်ကြောင်းလည်း ထင်ရှားပြီမဟုတ်လော။

**ယောရှု**မည်သူသည် ဂုင်း၏အမည်ကို တပ်ထားသောယောရှုမှတ်စာကို ရေးသားသူမဟုတ်ချေ။ အကြောင်းကား- သူရေးသောကျမ်း၌ သူသေပြီးမှ ဖြစ်ပျက်သောအကြောင်းအရာများ ပါနေသောကြောင့်တည်း။ ထို့အတူ တရားသူကြီး အမည်ပါကျမ်းကို မည်သူရေးသည်ဟု သိသူမရှိချေ။ ဂုင်းတရားသူကြီးတွေ မရှိတဲ့နောက် နှစ်ပေါင်းများစွာကြာမှ ထိုကျမ်းကို ရေးသူဟု သိကြပေသည်။

ထို့ပြင် ရသဝတ္ထုနှင့် ၁၀၀-၂၀၀တို့ကို မည်သူရေးသည်ဟုမသိ။ **ဆင်မြူရယ်**ဆိုသူ မရေးကြောင်းကား ထင်ရှားလှ၏။ အကြောင်းကား- ၁-၇၁၊ အခန်း ၂၅၌ **ဆင်မြူရယ်လ်** သေတဲ့အကြောင်းကို ဆင်မြူရယ်လ်ကိုယ်တိုင်က ရေးသားထားသောကြောင့်တည်း။ ထို့ကြောင့် ထိုသူသေပြီးမှရေးသောစာဖြစ်ကြောင်း ထင်ရှားလှ၏။ ထို့အတူ ၃၇၁၊ ၄၇၁၊ ၅၇၁၊ ၆၇၁တို့ကို ရေးသူကိုလည်း သေချာစွာ မသိရ၊ ကျွန်ုပ်တို့သည် ဤအမည်ပါကျမ်းများ အဖိုးမတန်ကြောင်း အသုံးမဝင်ခြင်းမှတစ်ပါး ဘာမျှမသိရချေ။

**ဒါဝိဒ်**သည် ဆာဆံကျမ်းပြုဆရာ မဟုတ်။ ဘာကြောင့်။ ဂုင်းကျမ်း၌ (COPTIRITY) ခေါ် ဖမ်းဆီးချုပ်နှောင်သည့် အချိန်ကာလကို ဖော်ပြ၏။ ထိုအရေးသည် ဒါဝိဒ်သေပြီးနောက် နှစ်ပေါင်း ၅၀၀လောက် ရှိသောကြောင့်တည်း။ ထို့ပြင် **ရှောလမွန်**သည် သုတ္တန်ကျမ်းနှင့်ရှောလမွန်သီချင်းကို ရေးသားစီရင်သူမဟုတ်။ **ဟေရှာယ**လည်း ဂုင်း၏အမည်တပ်ထားသော **အနာဂတ္တိကျမ်း**ကို ရေးသောသူမဟုတ်။ **ယောဘတ်**ကို မည်သူရေးသည်ဟု မည်သူမျှ အတပ်မပြောနိုင်ချေ။ **ကေထာ**နှင့်**ဒေသနာကျမ်း**ပြုသောစာရေးဆရာ၏အမည်လည်း တိမ်မြုပ်နေသဖြင့် မည်သူမျှ မဖော်ထုတ်နိုင်၏။ စင်စစ်မှာ **ဇေရကျမ်း**မှတစ်ပါး အခြားဓမ္မဟောင်းပါကျမ်းတို့ကို ရေးသားသူ၏အမည်ကို သေသေချာချာ၊ ရေရေရာရာသိရှိသူ မပေါ်ပေါက်သေးချေ။ **ကေထာကျမ်း**၌ ထာဝရကိုပင် အရိပ်အမြွက်မျှ မဖော်ပြခဲ့။ ထို့အတူ ရှောလမွန်၏သီချင်း၌လည်း ထာဝရကို မရည်ညွှန်းခဲ့။ ထို့ပြင် **ဒေသနာကျမ်း**ကိုရေးသားသူသည် ခရစ်ယာန်ပင် မဟုတ်ချေတကား။

ဤဓမ္မဟောင်းကျမ်းသည် ယုတ္တိယုတ္တာ ကင်းမဲ့၏။ ရက်စက်၏။ မဖြစ်နိုင်တာတွေကို ရေးသားထားသောကျမ်းဖြစ်၏ဟူသော အချက်ကိုသာလျှင် ကျွန်ုပ်တို့ သိရှိရလေသည်။ ထိုသည့် ကျမ်းစာတို့ကို ခရစ်ယာန်တို့က ထာဝရမှ မုက္ခပါင်၌ဟု ယုံကြည်ကြ၏။ အမွှန်းတင်ကြ၏။ သို့သော် ရဟူဒီကိုယ်တိုင်ကမူ ခရစ်သေပြီးနောက် နှစ်ပေါင်း၁၀၀ကျော် ကြာသောအခါ ရောက်မှသာ ဘယ်ကျမ်းမမှန်ဆိုသောအချက်ကို ဆုံးဖြတ်ကြလေသည်။ ထိုသည့်ရဟူဒီတို့က ထာဝရ၏မုက္ခပါင်၌အစစ်ဟု ဆုံးဖြတ်ထားသော ဓမ္မဟောင်းကျမ်းမှ များစွာသောကျမ်းတို့ကို **ဂျိုးဇက်ဖစ်စီ** (Josephus) မည်သောပုဂ္ဂိုလ်က ပယ်ထုတ်ခဲ့လေသည်။ ယခုခေတ်မှာပင် ဘရင်ဂျီခရစ်ဝင်တို့၏ကျမ်း၌ စောင်ရေ(၇၂)ရှိ၍ **ပရော်တက်စတင့်ကျမ်း**၌ စောင်ရေ (၆၆)သာရှိလေသည်။ ဤသည်တို့ကိုထောက်က ခရစ်ယာန်တို့၏ဓမ္မဟောင်းကျမ်းသည် မရေမရာ၊ မသေမချာသောစာ ဖြစ်ပေတော့သတည်း။

ဓမ္မသစ်ကို ဘယ်သူရေးသနည်း။ ခရစ်ဝါဒီပညာရှိများကတော့ ဘယ်သူရေးသည်မသိဟု ရိုးသားစွာဝန်ခံကြ၏။ ပညာမဲ့သူများကတော့ **မသဲ၊ လုကာ၊ မာကု၊ ယောဟံ**တို့ရေးသည်ဟု ယုံကြည်နေကြ၏။ ထိုပုဂ္ဂိုလ်လေးဦး ရေးခဲ့ရိုးမှန်ခဲ့လျှင် သူတို့သည် **ဟေဗြဲဘာသာ**နှင့်ရေးခဲ့ရာ၏။ သို့သော် ဟေဗြဲဘာသာနှင့်ရှိသောဓမ္မသစ်မူများကို တစ်ခုမျှမတွေ့ရချေ။ ထိုသူ၄-ယောက်တို့သည် ရဟူဒီများ ဖြစ်ကြ၏။ သို့ဖြစ်ခြင်းကြောင့် သူတို့သည် ဟေဗြဲဖြင့်ရေးသားခဲ့၏။ သူတို့ရေးခဲ့သောမူကို တစ်စုံတစ်ယောက်သောသူ တွေ့ဖူးပါသလော။ မတွေ့ဖူးသေးချေ။

ဓမ္မသစ်ကျမ်းပါ **ရှင်ယာကုတ်-ရှင်ယုဒ**တို့ကို ရေးသားသူများသည် ခရစ်ဝင်၄-ကျမ်းကို တွေ့မြင်ဖူးသူများ မဟုတ်ဟု ပညာရှိခရစ်ယာန်တို့ကပြောဆိုကြ၏။ ထိုကျမ်းနှစ်ကျမ်း၌ ခရစ်ဝင်၄-ကျမ်းတွင် တစ်ကျမ်းကိုမျှ ရည်ညွှန်းချက် မပြုခဲ့သည့်အပြင် ဂုင်းခရစ်ဝင်တို့၌ ဖော်ပြထားခဲ့သော ခရစ်၏တန်ခိုးများကိုလည်း မဖော်ပြခဲ့ချေ။

ယခုလက်ရှိ ခရစ်ဝင်၄-ခုမှတစ်ပါး အခြားခရစ်ဝင်အမြောက်အမြား ရှိတုံသေး၏။ အချို့ပျောက်ဆုံးကုန်လေပြီ။

**အဲဂုတ္တုခရစ်ဝင် (GOSPEL OF EGYPTIANS)၊ ဟေဗြဲခရစ်ဝင်၊ ယုဒခရစ်ဝင်၊ သောဒီယက်ခရစ်ဝင်၊ သူငယ်ခရစ်ဝင်**စသောခရစ်ဝင်အမြောက်အမြား ရှိသေး၏။ ယခုလက်ရှိဓမ္မသစ်ပါ တမန်တော်ဝတ္ထုအပြင် ဖိလိတ်တမန်တော် **အင်ဒရူးတမန်တော်၊ မာရီတမန်တော်၊ သေကလတမန်တော်** ဝတ္ထုအမြောက်အမြား ရှိတုံသေး၏။

အထက်ဖော်ပြပါ ခရစ်ဝင်များနှင့်တမန်တော်ဝတ္ထုများကို ဘာကြောင့် ပယ်ပြစ်ခဲ့သနည်း။ မကောင်းလို့ ယခုရှိတာတွေကော ကောင်းပါစ။ ယခုရှိတဲ့ ခရစ်ဝင်တွေကမူ မကောင်းစေကာ ပယ်ခဲ့တဲ့ခရစ်ဝင်တွေလောက် မဆိုးရွားလှချေ။

ဤသို့ဖြစ်ခဲ့သော ခရစ်ယာန်တို့၏ကျမ်းသည် ရော်ရမ်းမယ်ဖွဲ့ မတော်မတဲ့၊ အရွဲ့တစောင်း၊ မကောင်းတရောင်း၊ အကြောင်းမဆိုက်၊ အကျိုးမကိုက်၊ နောက်လိုက်ငယ်သား ပညာဉာဏ်ကင်းမဲ့သူ တပည့်အများသို့ရေးထားခဲ့သော အရာဖြစ်သောကြောင့် ပမာဏမှုလောက်သောကျမ်းစာ မဟုတ်တော့ပြီ။

ထို့ကြောင့် ထိုသို့ မည်မည်ရရ မရှိသော ခရစ်ယာန်ကျမ်းတို့ကို သေချာဂနပြောသူ၊ ဟောသူကူးယူသူအတိအကျရှိသော ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ်တော်နှင့်ရွှေချိန်ခွင်စာဆရာက နှိုင်းယှဉ်ခြင်းသည် ရယ်ဖွယ်သာ ဖြစ်တော့သတည်း။ ထိုသို့ယှဉ်ပြိုင်ခြင်းဖြင့် ခရစ်ယာန်ကျမ်းအကျည်းတန်မှာ ပို၍အရုပ်ဆိုးသွားရလေသည်။ လှပယှဉ်ကျေးသူနှင့်ယှဉ်ပြိုင်မိသော ရုပ်မလှသူကဲ့သို့တည်း။

**မသဲ၊ လုကာ၊ မာကု၊ ယောဟန်**တို့သည် ခရစ်ကိုယုံကြည်တိုင်း ၎င်းတို့အမည်ပါသောခရစ်ဝင်တို့ကို ရေးသူများဟုတ်ပါ၏လော။ ၎င်းတို့ကိုရေးသူများသည် ခရစ်နှင့်အတူနေခဲ့ရသူများသာဖြစ်ခဲ့လျှင် မိမိတို့၏မျက်စိဖြင့် မြင်ရ၊ နားဖြင့်ကြားရသော အကြောင်းအရာများကို ရေးသားကြရသည်ဖြစ်သောကြောင့် တစ်ဦးအဆိုနှင့်တစ်ဦး၏စကား တစ်သားတည်းကျ တူမျှနေချေမည်။ ယခုသော် တူကြပါ၏လော။ မတူချေ။ မတူပုံ ကြည့်ဦးလော့။

**လုကာ**သည် **မသဲ**ရေးသော ကောင်းကင်က ကြယ်၏အကြောင်းကို မသိခဲ့။ **မသဲ**သည် **လုကာ**ရေးသားသော ကောင်းကင်ဗိုလ်ချေများကို မကြားခဲ့ချေ။ **လုကာ**သည် **မသဲ**၏အရှေ့အရပ်ကပညာရှိများ အကြောင်းကို မသိခဲ့။ **မသဲ**သည် **လုကာ**၏သိုးထိန်းသမားများ အကြောင်းကို မကြားခဲ့။ **လုကာ၌ ဟေရုဒ်ဘုရင်**က ကလေးသူငယ်တို့ကို သတ်ဖြတ်ကြောင်းနှင့်တကွ **ယောသတ်-မာရီ-သူငယ်ခရစ်**တို့ **အဲဂုတ္တုပြည်**သို့ ထွက်ပြေးကြောင်း မပါချေ။ **မသဲ**အလိုအားဖြင့် **ယောသတ်**သည် တမန်တော်က သတိပေးသဖြင့် **မာရီနှင့်ခရစ်**ကိုယူဆောင်ပြီးလျှင် **အဲဂုတ္တု** ပြည်သို့ထွက်ပြေးသတတ်။ **လုကာ**၏အလိုအားဖြင့် သူတို့အားလုံး **ယေရှုဆလင်မြို့**သို့သွားပြီး ထိုမှ **နဇာရက်**သို့ ပြန်ကြသတတ်။

ထို့ပြင် ခရစ်မွေးဖွားသော အကြောင်းအရာကိုရေးသားရာ၌ ခရစ်သည် **ဆီရင်နီယပ်စ်ဘုရင်ခံ**ခန့်စေသောအခါ၌ မွေးဖွားသည်ဟု လုကာ၌ဆို၏။ ဤအချက်ကိုထောက်သော် လုကာကိုရေးသူသည် ခရစ်နှင့်အတူနေခဲ့ဖူးသူမဟုတ်ကြောင်း ထင်ရှား၏။ အကြောင်းကား ဆီရင်ယပ်စ်ကို ဟေရုဒ်သေပြီးမှ ဘုရင်ခံခန့်သဖြင့် ၎င်းသည် ခရစ်မွေးပြီး (၁၀)နှစ်ကြာမှ ဘုရင်ခံဖြစ်၍ အခွန်ကောက်နိုင်လေမည်။ လုကာ၏အလိုအားဖြင့် ယောသတ်-မာရီတို့သည် နဇာရက်၌နေကြ၏။ ကလေးကို သတ်မှတ်သောနေရာ၌ မွေးနိုင်ရန်အလို့ငှာ ဆီရင်နီယပ်စ်၏အခွန်ကောက်ခံရေးကို ထည့်သွင်းထားလေသည်။ သို့ထည့်သွင်းသော်လည်း ခရစ်မွေးတာနဲ့ အခွန်ကောက်တာ (၁၀)နှစ်ကွာခြားပြီးနေချေ၏။

မသဲကမူ ဟေရုဒ်ဘုရင်လက်ထက်၌ ခရစ်မွေးကြောင်းကိုသာဆို၏။ ဟေရုဒ်သေ၍ (၁၀) နှစ်ကြာမှ ပြေးမိရက်သားဖြစ်နေကြလေသည်။ အကယ်၍ မသဲရော လုကာပါ မှန်ခဲ့လျှင် ခရစ်ကို သူမမွေးမီ ၁၀-နှစ်က အဲဂုတ္တုပြည်သို့ ယူဆောင်သွားခြင်း ဖြစ်ရမည်။ ဟေရုဒ်သည် သေပြီး ၁၀-နှစ်ကြာမှ ကလေးတွေကို သတ်နေရချေမည်။ ဤမှားယွင်းသောအချက်များကို ကမ္ဘာပေါ်ရှိ မည်သည့်ခရစ်ဝါဒီများက ညီညွတ်အောင် ဖြေရှင်းနိုင်ပါမည်နည်း။

ထို့ပြင် မသဲ၊ လုကာတို့၌ ခရစ်၏ဆွေစဉ်မျိုးဆက်စာရင်းပါ၏။ မာကု၊ ယောဟန်တို့၌ မပါ။ မသဲနှင့်လုကာတို့၌ ပါသော စာရင်းလည်း မတူကြ။

ခရစ်သေခန်းကိုရေးကြရာ၌လည်း ခရစ်ဝင်ကျမ်းတို့၏အဆိုသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားကြကုန်၏။ (*သင်္ချိုင်းတွင်းတို့သည် ပွင့်လစ်သဖြင့် ကျိန်းစက်လျက်ရှိသော သန့်ရှင်းသူတို့၏အလောင်းများစွာတို့သည် ထကြ၍*)ဟု မသဲ၌ဆို၏။ ထိုလူသေတို့သည် ခရစ်ထသည်တိုင်အောင် တွင်းထဲက နေ၍စောင့်နေကြကုန်သတတ်။ ခရစ်က ပထမ ထ၊ သူတို့က ဒုတိယ ထ၊ စီမံပုံ ကောင်းလှ၏။

ထိုထလာသူများကို မည်သူမြင်ရသနည်း၊ မသိ။ ထို့နောက် သူတို့ ဘာဖြစ်သွားကြသနည်း။ သူတို့သည် ခရစ်ကောင်းကင်တက်ရာ၌ အတူမပါကြချေ။ သူတို့သည် တွင်းထဲသို့ ပြန်ဝင်ကြကုန်သလော။ မာကု-လုကာ-ယောဟန်တို့သည် သူတို့၏အကြောင်းကို အဘယ့်ကြောင့်မရေးခဲ့ကြသနည်း။ ထိုသန့်ရှင်းသူတို့ကား အသူတို့နည်း။ စင်စစ်အားဖြင့် သူတို့သည် ခရစ်ယာန်သန့်ရှင်းသူများ ဟုတ်ပုံမရချေ။

ခရစ်ကို သစ္စာဖောက်သူ၊ ယုဒရှကာရုတ်အကြောင်းနှင့်ပတ်သက်၍လည်း ထိုခရစ်ဝင်ကျမ်းတို့သည် အချင်းချင်းအဆိုမတူကွဲပြားကြကုန်၏။ မသဲအဆိုအားဖြင့်လည်း ယုဒသည် ခရစ်ကိုသစ္စာဖောက်ပြီး လက်ထောက်ချ၍ ရသောငွေကို ဘုန်းကြီးများသို့ ပြန်ပေး၏။ ဘုန်းကြီးများက ၎င်းကို လက်မခံသောကြောင့် ယုဒသည် ထိုငွေစများကို ပစ်ချခဲ့ပြီးနောက် ကြိုးဆွဲချသေလေ၏။ ထို့နောက် ဘုန်းကြီးများသည် ထိုငွေစဖြင့် အိုးလုပ်သမား၏မြေကို ဝယ်၏။ ထိုမြေကို **အကာလုမဒ** ဟုတွင်စေသတည်း။

အနက်ကား **သွေးမြေ**ဟုဆိုလိုသတည်း။ တမန်တော်ဝတ္ထု၌ကား ပေတရုသည် ထပြီးလျှင် (ထိုသူသည် မတရား

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သော အမှုအတွက်ဖြင့်ရသောအခနှင့် မြေတစ်ကွက်ဝယ်ပြီးမှ မှောက်လျက်လဲ၍ဝမ်းကွဲသဖြင့် အူများပေါက်သေပြီ)ဟု ပြောလေပြီ။ ထိုမြေကိုပင် **အကေလဒ(ဝါ)သွေးမြေ**ခေါ်သတည်း။ ထို့ကြောင့် မသဲအလို ယုဒသည် နောင်တရ၍ ငွေကို ပြန်ပေး၏။ ပေတရုအလို ထိုငွေဖြင့် မြေကြီးကို ဝယ်၏။ မသဲအလို ယုဒသည် ကိုယ့်ကိုကိုယ် သတ်သေ၏။ ပေတရုအလို မှောက်လျက်လဲပြီးဝမ်းကွဲ၍ အူများထွက်သေ၏။ ဤနှစ်ယောက်တို့အတွင်း မည်သည်က မှန်သနည်း။ အမှန်ကား နှစ်ဦးလုံး မှားပုံရချေသည်။

ဤသို့ မဆီမလျော် ချွတ်ချော်အလီလီ အဆိုမညီသော အချက်အလက်ပေါင်း ထောင်သောင်းမက ပေါများလှ၊ အမှားတွေတောထနေသော ဓမ္မဟောင်း၊ ဓမ္မသစ်တို့ကို ကျွန်ုပ်တို့၏ ပိဋကတ်တော်နှင့်နှိုင်းယှဉ်ဝံ့သော ရွှေချိန်ခွင်စာဆရာသည် စိန်ကျောက်အကဲ အတွေးအခေါ်လွဲသဖြင့် ကျောက်စရစ် ကျောက်ခဲကို စိန်အစစ်နှင့်ယှဉ်ပြိုင်မိရုံမက၊ ကျောက်ခဲဖက်က အနိုင်ယူလိုသူနှင့်တူနေချေပြီ။ ထို့ကြောင့် အသင်သည် အံ့တစ်ပါး အပါအဝင် ဖြစ်ချေပြီ။

ထို့နောက် ပါဠိပိဋကတ်တော်များ၌ ပါဝင်သော ပထဝီဝင်ကို အပြစ်ဆိုရှာပြန်၏။ ပထဝီဝင်ဆိုသည်ကား အမျိုးမျိုးပြောင်းလဲ့မြန်၍ ခဏခဏဖြစ်လွယ်ပျက်လွယ်သောအရာဖြစ်သတည်း။ ရေ-လေ-နေဟူသော အကြောင်းတို့ကြောင့် ယနေ့ကျွန်းသည် မနက်ဖြန် ပင်လယ်ဖြစ်သွားနိုင်၏။ ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံတော်မူသည်မှာ ၂၄၈၀-ကျော်ပြီဖြစ်၏။ ထိုဘုရားလက်ထက်၌ ရှိခဲ့ဖူးသည်ဟု ပိဋကတ်များ၌ပါရှိသော သစ်ပင်၊ တော၊ တောင်၊ ရေမြေ၊ သမုဒ္ဒရာတို့ကို ယခုလိုက်လံရှာဖွေ၍ မတွေ့သောကြောင့် (ဝါ) ယခုလူတို့ မျက်ဝါးထင်ထင် မမြင်ရသောကြောင့် ထိုအခါက မရှိခဲ့ဖူးဟူ၍လည်းကောင်း (ဝါ) မှားသည်ဟူ၍လည်းကောင်း မဆိုနိုင်ချေ။

စင်စစ်မှာ ပါဠိပိဋကတ်၌ပါသော ပထဝီဝင်သည် ယေဘုယျအားဖြင့် မှန်၏။ ယခုနောက်ဆုံးပေါ် လောကဓါတ်ပညာသည်တို့၏ ယူဆချက်၊ ယုံကြည်ချက်၊ ရေးသားချက်တို့နှင့်လည်း ကိုက်ညီ၏။ သို့သော် အနုစိတ်သောနေရာဌာနများ၌ သစ်ပင်တောတောင်များ၊ မြစ်ချောင်းများမှု နှစ်ပေါင်း ခေတ်ပေါင်းချိန်ကြာညောင်းသဖြင့် ရုပ်ပြောင်းကွယ်ပ ထိုစဉ်အခါက အတိုင်း ရှိချင်မှပင် ယခုအခါ ရှိချေမည်။ စင်စစ်မှာ မူလအခြေခံကိုသာ မှန်၏။ မမှန်၏ စစ်ကြောရချေမည်။

ပါဠိပိဋကတ်ပါသမျှကို ဗုဒ္ဓဂေါတမ၏မုက္ခပါဌ်တော်ချည်းပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ ဝန်မခံနိုင်၊ မှန်လှ၏။

အကျိုးအကြောင်း မငြိ၊ ယုတ္တိသာဓက မရှိသောအရာဟူသမျှကို အမှန်ဟု မယုံကြည်ရန် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင်က တားမြစ်တော်မူခဲ့၏။ သို့တားမြစ်ခဲ့သဖြင့် အကြောင်းအကျိုးမတဲ့ ယုတ္တိသာဓကမဲ့သော အရာဟူသမျှသည် ဗုဒ္ဓပါဝစန ဘုရားစကားတော်မဟုတ်ဟု ရဲရဲတင်းတင်း ကျွန်ုပ်တို့ဆိုဝံ့၏။

သို့ရာတွင် ပါဠိပိဋကတ်တော်၌ပါသော ကမ္ဘာမြေကြီးအကြောင်းအရာသည် ခရစ်ယာန်တို့၏ ဓမ္မဟောင်း ဓမ္မသစ်၌ ပါဝင်သော ပထဝီဝင်ထက် ပိုမိုမှန်ကန်ရုံမက၊ သာလွန်၍လည်း ပြည့်စုံလေသည်။ ပါဠိပိဋကတ်ပထဝီဝင်၌ ကျွန်းကြီးလေးကျွန်း၊ ကျွန်းရန် ၂၀၀၀၊ သမုဒ္ဒရာကြီးလေးစင်းနှင့်တကွ စကြဝဠာအနန္တရှိကြောင်း ပါဝင်၏။ ၎င်းသည် ယခုနောက်ဆုံးပေါ် (ISLAND UNIVERSE) စကြဝဠာဟူသော လောကဓါတ်ပညာရှင်တို့၏ အယူဝါဒနှင့်လည်းကောင်း (PLURAL-ITY OF THE WORLD) ကမ္ဘာအနန္တဟူသော လောကဓါတ်ပေါ်ဝါဒနှင့်လည်းကောင်း ကိုက်ညီနေလေသည်။

ထို့ပြင် ကျွန်ုပ်တို့၏ဗုဒ္ဓဘုရားရှင်သည် ဤကမ္ဘာလောကကို ဖန်ဆင်းသောပုဂ္ဂိုလ် မဟုတ်သောကြောင့် ကမ္ဘာ့ပထဝီဝင်ကို မျက်မြင်ကိုယ်တွေ့ဖြင့်သာ ဟောပြတော်မူခဲ့လေသည်။ ယခုခေတ်ပေါ်လက်တွေ့ ပထဝီဝင်များသည် ဂေါတမဗုဒ္ဓကို အစဉ်ထောက်ခံလာကြကုန်၏။ အသင်ရွှေချိန်ခွင်စာဆရာသည် နက္ခတ္တဗေဒဝိဇ္ဇာ (ASTRONOMY) မလေ့လာဖူးခဲ့သဖြင့် ခူဝံကြယ်မြောက်ဘက်၌ ဘာမှမတွေ့ရဟု ရေးသားခြင်းဖြစ်ရာ၏။ စင်စစ်မှာ အသင်သည် မြောက်အမေရိကတိုက်**ကာလီဖိုးနီးယားနက္ခတ်ဝင်**မှဖြစ်စေ သို့မဟုတ် လက်မ၂၀၀ကျော်ထူသော ပါဝါအကောင်းဆုံးမှန်ပြောင်းကြီးဖြင့် **အလာစကာနယ်**မှဖြစ်စေ မြောက်ဘက်သို့ကြည့်ခဲ့သော် ဤမှာဘက် ကောင်းကင်မှာထက် ဆန်းကြယ်သောအရာများကို တွေ့ ရပေမည်။ ကောင်းကင်မီးဖို (FURNANCE OF THE SKY) ဟုဆိုရသော်လည်း မည်သည့်အရာမှန်း တပ်အပ်သေချာမသိရသောအရာကြီးများကို တွေ့ရချေမည်။ ကမ္ဘာ၏ဉာဏ်အမြင်သည် ကြမ်းလှသေး၏။ ကမ္ဘာသိသမျှသည် မသိရသေးတာ၏ ၁၀ပုံ ၁ပုံသာ ရှိသေး၏။ မတွေ့ရသေး၊ မသိရသေးသောအရာများလှချေသေး၏။ မမြင်ရသေးသောအရာတွေ အသေချာ်အနန္တ ရှိနေချေသေး၏။ ယခုခေတ် ယခုနေ့အထိကမ္ဘာပညာရှင်တို့ အသစ်အဆန်းတွေ့သမျှသည် ဗုဒ္ဓဂေါတမစကားကိုထောက်ခံချက်တို့သာဖြစ်ချေ၏။ ထို့ကြောင့် ရွှေချိန်ခွင်စာဆရာအပြစ်ဆို မစောပါလေနှင့်ဦး။ တဖြည်းဖြည်းတစ်စစ လောကဓါတ်ပညာအဝဝ တိုးတက်လာတိုင်း ဗုဒ္ဓ၏စကားတော်တွေ မှန်၊ မှန်လာသဖြင့် အသင့်စိတ်ထဲမှာ ယခုမှားနေသည်ထင်သောအရာများကို နောက်များမကြာမီ လောကဓါတ်ဆရာတို့ကမှန်လာပါပြီဟု ထောက်ခံလာချိမ့်မည်ကား မလွဲမုချဖြစ်သတည်း။

ထာဝရ၏ပထဝီကို ကြည့်ရှုခဲ့သော် ယခုခေတ်ပေါ်ပထဝီဗေဒပညာတို့နှင့်လုံးလုံးဆန့်ကျင်ရုံမက အလွန်ရယ်ဖွယ်

လည်းကောင်းသည်။ ထာဝရသည်မြေကြီးနှင့်ကောင်းကင်ကို ဖန်ဆင်းသူ လက်သည်ဖြစ်သည်ဟု ခရစ်ယာန်တို့ယုံကြည်ကြသည်။ သို့သော် ထိုကမ္ဘာမြေကြီးကို ဖန်ဆင်းရှင်ဖြစ်သည်ဆိုသော ထာဝရသည် မိမိကိုယ်တိုင်ဖန်ဆင်းသော မြေကြီး၏ ပုံသဏ္ဌာန်ကို မသိရှာချေ။ သို့မသိရှာသောကြောင့် ဤကမ္ဘာမြေကြီးသည် လေးထောင့်ပုံသဏ္ဌာန်ရှိ၏။ ထောင့်ပိုင်း၌ တမန်တော် တစ်ယောက်စီရှိ၏ဟု ပြောခဲ့ရှာ၏။

အထက်မိုးကောင်းကင်ကို အစိုင်အခဲမာသောအရာဟု ပြောမိခဲ့ရှာ၏။ ဘယ်အခါမှ မသွားသောနေကို ရပ်တန့်အောင်ပင် ပြုလုပ်နိုင်ခဲ့၏။ ရေသည် ညီညာသောမျက်နှာပြင်ရှိ၏ဟူသောအချက်ကိုမျှ နားမလည်သော ထာဝရသည် ပင်လယ်ရေကို ထက်ဝက်ခြမ်းခွဲစေ၍ ရေနံ့ရံဖြစ်စေ၏။ ကမ္ဘာမြေကြီးကို စကြဝဠာ၏ဗဟို ထင်မြင်ခဲ့၏။ စကြဝဠာအနန္တဟူသော ယခုခေတ်နောက်ဆုံးပေါ် ဝိဇ္ဇာနှင့်ဆန့်ကျင်စေရန် ကမ္ဘာမြေကြီးကို တစ်ခုသာ စွဲစွဲမြဲမြဲ ပြောခဲ့၏။

ကမ္ဘာသစ်ဖြစ်သော တောင်မြောက်အမေရိကတိုက်ကြီးတို့သည် ထာဝရ၏လေးထောင့် ကမ္ဘာ၌မပါချေ။ အယုတ်သဖြင့် ကျွန်ုပ်တို့၏မြန်မာနိုင်ငံပင် ထာဝရဖန်ဆင်းသော ကမ္ဘာမပါချေ။ ထာဝရ၏ကမ္ဘာသည် ကျဉ်းမြောင်းလှ၏။ ဗုဒ္ဓရှင်တော်ဘုရား၏ကမ္ဘာလောကသည် အနန္တဖြစ်၍ ကျယ်ဝန်းပြန့်ပြောလှ၏။ ထိုသို့ဖြစ်ပါလျက် ဗုဒ္ဓဂေါတမ၏ပိဋကတ်ပါပထဝီဝင်ကို ထာဝရကျမ်း၌ပါသော ပထဝီနှင့်နှိုင်းယှဉ်ရန် အားထုတ်သောအသင်ရွှေချိန်ခွင်စာဆရာသည် ကမ္ဘာ့ပညာရှင်တို့၏အလယ်၌ ရယ်ဖွယ်မှတစ်ပါး အခြားဘာမျှပို၍ မဖြစ်နိုင်တော့ချေ။

ထို့နောက် သံဃာနှစ်ရပ်ကို ညှိနှိုင်းရာ၌ အသင်ရွှေချိန်ခွင်ဆရာ၏စကားများကို တွေ့ရသောအခါ သြော်. . . ဤသူကား လူ့အောက်တန်းစား ဉာဏ်ပညာကပ်ပါး၊ အမြော်အမြင်မှုန်မွှားမွှားရှိသော လူ့အန္ဓစားပါတကားဟု ညည်းညူမိတော့၏။ ဗုဒ္ဓဘာသာသာသနာတော်ထမ်းရဟန်းတော်များသည် ခရစ်ဝါဒီပါဒရီတို့ထက်အကျင့်စာရိတ္တနှင့်တကွ အမြော်အမြင် အဆင်ခြင်ဉာဏ်အရာတို့၌ ပိုမိုမြင့်မြတ်လေသည်။

ခေတ်ခုလတ်အခါက ခရစ်ယာန်ဘုန်းကြီးများသည် လူသတ်မှုးများသာ ဖြစ်ခဲ့၏။ ကိုလံဘတ်စ်၏မိတ်ဆွေများ အနောက်အင်ဒိကျွန်းစုမှ ယူဆောင်လာသော ကာလသားရောဂါသည် အမြင့်မြတ်ဆုံး**ဟိုလီဖားသားလီယို**မှစ၍ ရှိသမျှအောက်တန်းစား ခရစ်ယာန်ဘုန်းကြီးတို့သို့တိုင်အောင်ပင် စက်ဆုပ်ဖွယ်ကောင်းသောရောဂါ ကူးစက်ပြန့်ပွားခဲ့ဖူးလေသည်။ ထို့ကြောင့် အသင်တို့၏ခရစ်ယာန်ဘုန်းကြီးများသည် အကျင့်စာရိတ္တအရာနှင့်ဗုဒ္ဓဘာသာရဟန်းတော်များထက် မသာကြောင်း ထင်ရှား၏။ အဆင်ခြင်ဉာဏ်ဆိုင်ရာ၌မူ ခရစ်ဝါဒီဘုန်းကြီးများသည် ဗုဒ္ဓဘာသာသံဃာတော်တို့၏ခြေလှမ်းကိုမီအောင် မလိုက်နိုင်ကြသေးချေ။

ထို့ပြင် ကျွန်ုပ်တို့တွေ့ကြုံရဖူးသော ခရစ်ယာန်ဘုန်းကြီးတို့မှာ အခြားဘာသာသင်လိုစိတ်မရှိကြောင်း၊ ကျွန်ုပ်တို့ဗုဒ္ဓဘာသာကျမ်းစာများကို ယုံကြည်လိုက်နာရန်သဘောမျိုးဖြင့် မဟုတ်စေကာ ဗဟုသုတအလို့ငှာ ဖတ်ကြည့်ကြပါဟု တိုက်တွန်းသောအခါ မဖတ်လိုကြောင်း ဖတ်မိက ငရဲကြီးမှာ ကြောက်ကြောင်းနှင့်ပြန်လည်ပြောဆိုကြလေသည်။

ဗုဒ္ဓဘာသာရဟန်းတော်များ၏ သာသနာပြုရေးသည် ကမ္ဘာ၏အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ခဲ့၏။ အိန္ဒိယနိုင်ငံ၏ ပြင်ဘက်ကျသော တိဗက်၊ တရုတ်၊ ကင်ဗိုးဒီယား စသောနိုင်ငံများသို့လည်းကောင်း သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား(ထိုင်း) စသောတိုင်းပြည်များသို့လည်းကောင်း သွားရောက် သာသနာပြုခဲ့ကြ၏။ ဟယ်လင်နစ်စ်တစ်တိုင်းပြည်များသို့လည်း သွားရောက်၍ တရားအလင်းရောင် ထွန်းပြောင်စေခဲ့၏။ ထို့ပြင် ကိုလံဘတ်မရောက်မီ နှစ်ပေါင်း(၉၀၀)ခန့်က ဗုဒ္ဓဘာသာရဟန်းတော်များသည် အမေရိကတိုက်သို့ပင် ရောက်အောင် ဗုဒ္ဓတရားတော်ကို ဖြန့်တော်မူခဲ့ကြ၏။ **မက္ကဆီကိုနိုင်ငံရှိဂေါတမ္မလာမြို့**ဟူသောအမည်ကိုထောက်က ဗုဒ္ဓသာသနာနှင့်ဗုဒ္ဓယဉ်ကျေးခြင်းများ ထိုအမေရိကတိုက်သို့ ပျံ့နှံ့ဖူးကြောင်း ထင်ရှားချေသည်။

ထိုထိုခေတ်၌ ဖြစ်ပေါ်ခဲ့ကြကုန်သော ဗုဒ္ဓရဟန်းတော်များ၏လုံ့လပယောဂကြောင့် ကမ္ဘာ့လူဦးရေ လေးပုံနှစ်ပုံခန့်သောလူသတ္တဝါတို့သည် ချိုဆိမ့်လှစွာသောဗုဒ္ဓဓမ္မ၏အရသာကို ခံစားသုံးဆောင်နေကြရကုန်၏။ ကျွန်ုပ်တို့ဗုဒ္ဓဘာသာရဟန်းတော်များသည် ခရစ်ယာန်သာသနာပြုများကဲ့သို့ တန်ခိုးကြီးသောခရစ်ဝါဒီဘုရင်များ၏ အကူအညီကိုလည်းမရ။ အသင်းအပင်းရန်ပုံငွေကို ကုဋေကုဋာလည်း မရှိဘဲ မိမိတို့၏အားကိုသာ အမှီပြုတော်မူကြကုန်လျက် ကမ္ဘာ့အနှံ့အပြားလှည့်လည်ကြွသွား၍ ဘုရားသာသနာ ပြန့်ပွားရေးအတွက် အသက်စွန့်သည်အထိ ကြိုးပမ်းတော်မူခဲ့ကြကုန်၏။

ယခုခေတ်ပေါ် ခရစ်ယာန်သာသနာပြုဆရာများကဲ့သို့ ဉာဏ်ပညာနုနယ်သောသူတို့ကို လောကာမိသကြေးငွေပိုက်ဆံစသည်ဖြင့်ဖြားယောင်း၍ မိမိတို့၏အမှားကို ယုံကြည်စေသကဲ့သို့မဟုတ်ဘဲ ဗုဒ္ဓဓမ္မ၏မြင့်မြတ်မှန်ကန်သောအချက်များနှင့်နှစ်သက်ဖွယ်တို့ကို ဘန်းပြ၍၊ ပန်းလှသောကမ္ဘာ့ဒုက္ခသည်များကို အမတသုခနယ်တွင်းသို့ သွတ်သွင်းတော်မူခဲ့ကြကုန်၏။ ခရစ်ယာန်သာသနာပြုဆရာများသည် မိမိတို့၏ဆိုင်ရာအသင်းအပင်းမှ လခကြေးငွေမရခဲ့သော် သာသနာပြုမသွားကြကုန်၊ ဗုဒ္ဓဘာသာရဟန်းတော်များကား မည်သည့်အခကြေးငွေကိုမျှ မက်မောတောင့်တခြင်းမရှိဘဲ သာသနာ

E-book is created by www.shanyoma.org

ရေးအတွက်သက်သက် အာရုံပြု၍ လှည့်လည်တရားဟောခဲ့ကြ၏။

သို့သော် ဘာသာတိုင်း ဘာသာတိုင်း၌ အကောင်းနှင့်အဆိုးတို့ ဒွန်တွဲလျက်ရှိကြကုန်၏။ လခကြေးငွေကို မက်၍ တရားဟောဆရာလုပ်နေကြသော ခရစ်ယာန်ဓမ္မဆရာများလည်း ရှိကြကုန်၏။ ထို့ပြင် လခကြေးငွေ တစ်စုံတစ်ရာကို မက်မော တွယ်တာခြင်း မရှိမူ၍ တကယ့်သဒ္ဓါတရားဖြင့် တရားဟောနေကြသော ခရစ်ယာန်ဓမ္မဆရာ အကောင်းအချို့တို့ လည်းရှိချေသေး၏။ ဤနောက်လူစားမျိုးကား အလွန်ရှားပါးလေသည်။ ကျွန်ုပ်တို့အနောက်နိုင်ငံ၌ နေ့စဉ်တကယ့်စေတနာ နှင့်ဓမ္မဆရာလုပ်နေသူတစ်ယောက်ကို တွေ့ခဲ့ရဖူး၏။ ထိုသူကား တကယ့်လူကောင်းတစ်ယောက်ပေတည်း။ ထို့အတူ ဗုဒ္ဓဘာသာဆိုင်ရာ၌လည်း အောက်တန်းစား ဓမ္မကထိကတချို့ ရှိကြောင်းကို ကျွန်ုပ်တို့ဝန်ခံ၏။ ထိုဓမ္မကထိကမျိုးကား ယခုခေတ်၌ ပေါများလာ၍ ရှေးခေတ်က မရှိခဲ့ချေ။

သို့သော် ကျွန်ုပ်တို့ဆိုလိုရင်းကား ဓမ္မကထိက အဆိုးအကောင်း မဟုတ်။ တရားဓမ္မအယုတ်အမြတ်ကိုသာ ဖြစ်လေ သတည်း။ ဓမ္မကထိက (ဝါ) ဓမ္မဆရာတို့ကား လူသာမန်တို့သာဖြစ်သောကြောင့် လူသာမန်တို့၏အပြုအမူ အလုပ်အကိုင် မျိုးကိုသာ လုပ်ကိုင်ပေရာ၏။ မှန်လှ၏။

(၁) အပဖြူ၍ အတွင်းမည်းသူ၊

(၂) အတွင်းဖြူ၍ အပမည်းသူ၊

(၃) အတွင်းအပ နှစ်ဌာနလုံး ဖြူသူ၊

(၄) အတွင်းအပ နှစ်ဌာနလုံး မည်းသူ၊

ဟူ၍ လူလေးမျိုးရှိရာ အမှတ်(၃)လူမျိုးကား ရှားလှစွာ၏။ သို့ရာတွင် ထိုလေးမျိုးတို့၌ဗုဒ္ဓဘာသာဓမ္မကထိကများ ကား အညံ့ဆုံးအတွင်းဖြူ အပမည်းသာ ဖြစ်နိုင်၏။ အကြောင်းကား ဗုဒ္ဓဓမ္မတည်းဟူသော အတွင်းအနှစ်သည် အစစ် အမှန်ဖြစ်၍ ဖြူဖွေး၏။ သို့သော် ဓမ္မကထိကကမူ လူသတ္တဝါ၏သဘောအတိုင်းကျင့်နေသောကြောင့် မည်းနေလေမည်။ ခရစ်ယာန်ဓမ္မဆရာကား အကောင်းဆုံး အတွင်းမည်း အပဖြူ (ဝါ) အယုတ်ဆုံး အတွင်းမည်း အပမည်း ဖြစ်နိုင်လေသည်။

အို. . . စာဖြူ စာနီ အယူမညီသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် ပေါက်ဖော်မွေးချင်း၊ အိမ်နီး ချင်းတို့၊ သင်တို့သည် အလင်းမှလာပြီးလျှင် အဘယ့်ကြောင့် အမှောင်အောက်သို့ ဝင်ရောက်ခိုလှုံနေကြပါသနည်း။ အဘယ် ကြောင့် အလင်းမှလာပြီး အလင်းသို့ရောက်သူ မဖြစ်နိုင်ကြပါသနည်း။ ဥရောပ-အမေရိက စသည်တို့၌ အမှောင်မှလာပြီး အလင်းသို့ ရောက်သူတွေ တိုးပွားလျက်နေချေပြီ။ အမှောင်မှအလင်းသို့လာခြင်းသည် ကောင်းသောလာခြင်းမည်၏။ အလင်းမှ အမှောင်သို့ ကူးခြင်းသည် ဆိုးရွားလှချေ၏။ အလင်းမှ အလင်းသို့ရောက်သူကား အကောင်းဆုံးတည်း။

အို. . . ခရစ်ယာန်အစစ်၊ ရေနှစ်ရေဖြန်းတို့ - အမှောင်မှ အလင်းသို့ရောက်အောင် အဘယ်ကြောင့် အားမထုတ်ကြ ကုန်သနည်း။ အမှောင်မှ အလင်းသို့ရောက်သူသည် မင်္ဂလာရှိစွတကား၊ အမှောင်ကိုမုန်း၍ အလင်းဘက်သို့ရှုန်းသူသည် ကျက်သရေရှိစွတကား၊ အမှောင်မှလာ၍အမှောင်နှင့်ပင် အဆုံးသတ်ရခြင်းသည် ကြောက်ဖွယ်လန့်ဖွယ်၊ ကြက်သီးဖြန်း၍ ကျောချမ်းဖွယ် ကောင်းလေစွတကား။

ထို့ကြောင့် ဘေးဘယထူပြောသော အမှောင်အတွင်းမှ အတင်းခုန်တက်၍ အလင်းဘက်သို့ရောက်အောင် အား ထုတ်ကြကုန်လော့။

အို. . . ခရစ်ဝါဒီတို့၊ အသင်တို့၏ ဝိစာရဏ၊ ဝီမံသဟူသောဉာဏ်မျက်စိနှစ်လုံးကိုပိတ်ထားကြလျှင် အစဉ်အမှောင် ကျချေမည်။ မျက်စိမှိတ်ထားသူသည် နေမွန်းတည့်ချိန်မှာပင် မှောင်အတိကျနေရှာမည်။ ဉာဏ်မျက်စိနှစ်လုံးကိုဖွင့်လိုက် သည်နှင့်တစ်ပြိုင်နက် အလင်းကိုမြင်ရလတ္တံ့။

ထို့ကြောင့် အထက်ဖော်ပြရာပါ ဉာဏ်မျက်စိနှစ်လုံးကို ဖွင့်၍ အလင်းမြင်အောင် ရှုလော၊ ကြည့်ကြလော။

မျက်လုံးဖွင့်လျက် မမြင်သူသည် ကြောင်တောင်ကန်းသည်။ အသင်တို့သည် အယူသီးခေါင်းမာသော ကြောင် တောင်ကန်းတို့သာ မဟုတ်ပါက မျက်စိဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အလင်းရောင်ကို မြင်ကြရလတ္တံ့။ ပင့်လော၊ ဖွင့်လော၊ ကြည့်လော၊ ရှုလော။ သို့ဖွင့်ပင့်ကြည့်ရှုသဖြင့် အလင်းရောင်ကိုရသူသည် မင်္ဂလာရှိပေသတည်း။ မြင်ရသောအလင်းရောင် အောက်၌ ပြုံးရွှင်စွာလျှောက်သွားနိုင်သူသည် ဟောရုန္နဖြစ်ပါစေခလို။

ဤအဖြေစာကို ကြည့်ရှု၍ စဉ်းစားသောသူသည် အဘယ်သို့ ပြုရမည်နည်း။ ဤကမ္ဘာလောကအတွင်း ထာဝရ ဘုရားဟူသော အရာမရှိဟူ၍လည်းကောင်း၊ ထိုသည့်ထာဝရသည် အကယ်၍ရှိစေကာ အလွန်ယုတ်ညံ့ဆိုးရွား၊ လူညံ့စားဖြစ် ၏ဟူ၍လည်းကောင်း ယခုမျက်မြင်လောကရှိအမိုက်ဆုံး အယုတ်မာဆုံးလူပင် မပြောဝံ့ မလုပ်ဝံ့တာတွေကို ပြုလုပ်ပြောဆိုသူ ဖြစ်သောကြောင့် ထိုထာဝရသည် လူသတ္တဝါ၏ရှိသေခြင်း၊ ပူဇော်ခြင်းကို မခံထိုက်ဟူ၍လည်းကောင်း၊ လူသတ္တဝါတို့၏ အပြစ်ပြေရာလမ်းဖွင့်သောသူ မရှိဟူ၍လည်းကောင်း၊ ခရစ်သေခြင်းကား မဟုတ်တမ်းတရား ပြောမှားဆိုမှားမိသောကြောင့်

သာဖြစ်သည်ဟူ၍လည်းကောင်း ခရစ်ကျမ်းဟောင်းကျမ်းသစ်နှစ်ခုလုံး၌ပါသမျှအကောင်းကလေးများသည် ခရစ်အရင် ပွင့်တော်မူခဲ့သောဗုဒ္ဓဂေါတမ၏တရားတော်မှ ခိုးယူထည့်သွင်းထားသောအရာများ ဖြစ်သည်ဟူ၍လည်းကောင်း၊ မကောင်း ဆိုးရွားသောအရာဟူသမျှသည် ထာဝရ(ဝါ)ခရစ်၏ မုက္ခပါဌ်ဖြစ်သည်ဟူ၍လည်းကောင်း စဉ်းစားဆင်ခြင်ရမည်။ ဤ နောက်ဆုံးနှစ်ချက်ရှင်းစေရန် အောက်ပါတို့ကို ကြည့်လော့။

(၁) ကျွန်ုပ်တို့ကို မုန်းတီး၍ တရားစွဲသော သူတို့အတွက် ဆုတောင်းမေတ္တာပို့လော့။
(၂) ကျွန်ုပ်အား ပေးတော်မူသော သူတို့သည် ကိုယ်တော်၏လူဖြစ်သောကြောင့် ထိုသူတို့အဖို့အလို့ငှာ ဆုတောင်းပါ၏။ လိုရင်းကား ခရစ်သည် သူ့ကိုမယုံသူများအတွက် ဆုမတောင်းဟုဆိုလို၏။ အထက်ပါစကားနှစ်ရပ်သည် တစ်ယောက် တည်းက ပြောသောစကားများ မဟုတ်နိုင်။ ထို့ကြောင့် နောက်စကားသာလျှင် ခရစ်၏စကားဖြစ်၏။ နံပါတ်(၁)စကား သည် ဗုဒ္ဓဂေါတမ၏စကားတော်ဖြစ်၏။ တစ်ဖန် -
(၁) မနက်ဖန်အတွက် ဂရုမစိုက်ကြနှင့်၊ (ဝါ) အနာဂတ်အတွက် အာရုံမပြုကြနှင့်၊
(၂) နေ့တိုင်း နက်ဖြန်အတွက် ဆုတောင်းကြလော့ဟူသောစကားနှစ်ရပ်နှင့်

(၁) တရားတော်ကို လောဘသားတို့အား ဟောလော့၊
(၂) တရားတော်ကို ရဟူဒီမှတစ်ပါး အခြားလူမျိုးတို့ကို မဟောရဟူသောစကားတို့တွင် နံပါတ်(၁)ပါစကားတို့သည် ခရစ်၏ မုက္ခပါဌ်များ မဟုတ်နိုင်ကုန်။ နံပါတ်(၂)ပါ စကားတို့သည်သာလျှင် ခရစ်၏စကားများ ဖြစ်ကုန်၏။

ဤသို့အားဖြင့် များပြားလှကုန်သော ရှေ့နောက်မညီကုန်သော စကားတို့ကိုထောက်၍ ထာဝရ(ဝါ)ခရစ်သည် အနှစ်မရှိ အကာအတိဖြစ်သော အညံ့စားအောက်လမ်းသမားဖြစ်သည်ဟူ၍ ဆင်ခြင်စဉ်းစားပြီးလျှင် ခရစ်ဝါဒတည်း ဟူသော အမှောင်နယ်မှထွက်၍ ဗုဒ္ဓဝါဒတည်းဟူအလင်းနယ်သို့ ကူးနိုင်ကြပါစေသတည်း။

ခရစ်တည်းဟူသော ညွန်နက်ရွှံ့ဗွက်အတွင်းမှ အတင်းကန်ယက်ရုန်းကာတက်၍ ဗုဒ္ဓဝါဒတည်းဟူသောကြည်း ကုန်းထက်သို့ရောက်အောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။ ခရစ်ဝါဒဝဲဇလုပ်ကို လွန်မြောက်၍ ဗုဒ္ဓဝါဒတည်းဟူသော တစ်ဖက်ကမ်းသို့ တက်လှမ်းနိုင်ကြပါစေသတည်း။ ဘေးဘယထူပြော ကြောက်လန့်ဖွယ်ပေါလှသော ခရစ်ယာန်တောမှ ထွက်မြောက်ပြီးလျှင် ချမ်းသာရွှင်လန်း ပီတိပန်းပွင့်၊ လျှမ်းလျှမ်းတင့်၍ အဖူးအပွင့်၊ အငုံဆင့်လျက် တင့်တယ်ပြုံးရွှင် ဗုဒ္ဓဝါဒတည်းဟူသော လွင်ပြင်သို့ ရောက်နိုင်ကြပါစေခလို။ ။

◆◆◆◆◆◆◆◆◆◆

E-book is created by www.shanyoma.org